တက္ကသိုလ်

# သိဟအောင်

ကျင်းယုံ၏ ချိုရှုးကျင့်

## ခြင်္သေ့ကျေးရွာ

ဒုတိယပိုင်း

ဇာတ်သိမ်းပိုင်း



တိုးတက်ရေးစာပေ

တက္ကသိုလ်
သီဟာအောင်

# ခြင်္သေ့ကျေးရွာ

(ဒုတိယပိုင်း-ဇာတ်သိမ်း)

တိုးတက်ရေးစာပေ

## အာမခံဌာန

အလွန်ပူအိုက်သော ညနေခင်း ဖြစ်သည်။

စုဝူးနယ်၏ သစ်ပင်ထူထပ်သော လမ်းကလေးပေါ်၌ လူတစ်စု ရောက်ရှိလာပြီး သစ်ပင်ရိပ်များအောက်၌ အနားယူနေကြသည်။

ထိုလူစုမှာ ငွေကြေးအာမခံဌာနမှ ဖြစ်လေသည်။

ဌာနမှူး၏အမည်မှာ ယုသန်းဖြစ်သည်။

ယုသန်းသည် အနည်းငယ်မျှသာ ကျော်ကြားသူတစ်ဦး ဖြစ်လေသည်။

သူက အာမခံဌာန ထူထောင်လာခဲ့သည်မှာ သုံးနှစ်ကျော်ကျော်မျှသာ ရှိသေးသည်။

ဌာနမှူးက ကျော်ကြားခြင်း မရှိလျှင် အာမခံဌာနသည်လည်း ကျော်ကြားနိုင်တော့မည် မဟုတ်ပါ။

ထို့ကြောင့်…

ယုသန်း၏အာမခံဌာနသည် ကျော်ကြားခြင်း မရှိသည်မှာ မဆန်းတော့ချေ။

အာမခံဌာနသို့ လာရောက်အလုပ်အပ်နှံသူလည်း နည်းပါးလှပေတော့သည်။

ပစ္စည်းအပ်နှံသူများက အထင်မကြီးကြခြင်းကြောင့် ဖြစ်လေသည်။

သို့သော်…

ကျော်ကြားမှုနှင့် ကျော်ကြားခြင်း မရှိသည့် အာမခံဌာနသည် အရည်အချင်း ကွာခြားလှခြင်း မရှိပါချေ။

အလွန်ကျော်ကြားသော အာမခံဌာနအချို့သည် အရည်အချင်း အလွန်ညံ့ဖျင်းကြလေသည်။

အချို့နာမည်ကျော်ကြားခြင်း မရှိသော အာမခံဌာနတစ်ချို့သည် လုပ်ရည်ကိုင်ရည် အလွန်အစွမ်းထက်နေသည်ကို တွေ့ရမည် ဖြစ်လေသည်။

ယုသန်းသည် နာမည်မကြီးသော်လည်း လုပ်ရည်ကိုင်ရည် ပြည့်ဝသော ဌာနမှူးတစ်ယောက် ဖြစ်လေသည်။

ယုသန်း၏အာမခံဌာနသည် သုံးနှစ်လုံးလုံး အလုပ်အကိုင် မရှိဘဲ အားလပ်နေခဲ့သည်။

သို့သော်…

ယခုမှာမူ အလွန်များပြားသော အဖိုးတန်ပစ္စည်းများကို



လိုက်လံပို့ဆောင်ပေးရန် အလုပ်တစ်ခု ရရှိထားလေသည်။

ယင်းပစ္စည်းများကို ယုသန်းကိုယ်တိုင် ဦးဆောင်ကာ လိုက်လံပို့ဆောင်ပေးရမည် ဖြစ်လေသည်။

ယုသန်းနှင့်အတူ အလွန်အားကိုးရသော သိုင်းသမားသုံးယောက်လည်း ပါလာလေသည်။

ပို့ဆောင်ပေးရမည့် ပစ္စည်းများ မည်မျှ အရေးကြီးသည်ကို ယုသန်းတို့သုံးယောက်က လွဲပြီး မည်သူမျှ သိနိုင်ကြမည် မဟုတ်ပါ။

မည်သို့ဆိုစေ…

ယုသန်းတို့က အလွန်ဂရုစိုက်နေကြခြင်းကြောင့် အရေးကြီးသောပစ္စည်းများ သယ်ဆောင်လာကြောင်း မြင်းလှည်းမောင်းသမားများနှင့် အစောင့်များ ရိပ်မိထားကြပါတော့သည်။

♣ ♣ ♣

သစ်ပင်ရိပ်များဖြင့် အေးမြသာယာနေသော လမ်းကလေး၌ အာမခံအဖွဲ့သားများ အနားယူနေကြလေသည်။

ယုသန်းက အလွန်စေ့စပ်သေချာသူတစ်ဦး ဖြစ်သည်။

သူ၏လူများက အနားယူနေကြသော်လည်း သူက မြင်းပေါ်မှမဆင်းဘဲ ပတ်ဝန်းကျင်ကို အကဲခတ်နေလေသည်။

သူ၏လက်ထဲ၌လည်း ဓားရှည်တစ်ချောင်းကို အသင့်ကိုင်ထားလေသည်။

သူက အာမခံပစ္စည်း တင်ထားသော မြင်းလှည်းအနီး၌ စောင့်ကြပ်နေခြင်း ဖြစ်လေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

သို့သော်...

ချက်ချင်းဆိုသလိုပင် အကျည်းတန်သော မြင်ကွင်းအဖြစ် ပြောင်းလဲသွားလေတော့သည်။

အနက်ရောင်ဝတ်ထားသူတစ်စု ရုတ်တရက် ထွက်ပေါ်လာကြပြီး ယုသန်းတို့လူစုအား ဝိုင်းရံထားလိုက်ကြလေသည်။

ထိုလူများက မျက်နှာဖုံးစွပ်ကာ ရုပ်ဖျက်ထားကြလေသည်။

သူတို့၏မျက်နှာဖုံးက ထူးဆန်းနေသည်။

မျက်နှာ၏ဝဲဘက်ခြမ်းကို ဖုံးကွယ်ထားပြီး ယာဘက်ခြမ်းကို သည်အတိုင်း ဖော်ထားသော မျက်နှာဖုံးများ ဖြစ်လေသည်။

ထိုလူစုသည် လှံတံများကို ကိုင်ဆောင်ကာ ယုသန်းတို့အား



ဝိုင်းရံထားလိုက်ကြခြင်း ဖြစ်သည်။

ယုသန်းက ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်လေသည်။

"တစ်ယောက်မှ အနားမကပ်ကြနဲ့"

ဟုလည်း အော်ငေါက်လိုက်လေသည်။

တောလမ်းပေါ်၌ သူ၏အသံက ကျယ်လောင်စွာ ဟိန်းထွက်လာလေသည်။

သို့သော် မျက်နှာဖုံးစွပ်ထားသူများက ဂရုမစိုက်ဘဲ ရှေ့တိုးလာကြလေသည်။

ယုသန်းက...

"ခင်ဗျားတို့က ဘာသဘောလဲ"

ဟု မေးလိုက်လေသည်။

ထိုလူများက အဖြေမပေးဘဲ ရှေ့ဆက်တိုးလာကြလေသည်။

"ခင်ဗျားတို့ ရှေ့ဆက်တိုးလာကြဦးမယ်ဆိုရင် ကျုပ် အဆိုးမဆိုနဲ့"

ယုသန်း၏အသံက ဒေါသကြောင့် တုန်ခါနေ၏။

ထိုစဉ်...

"မိတ်ဆွေကြီးယုသန်းက သည်လောက် အပင်ပန်းခံပြီး ခရီးထွက်လာတာ ဘယ်လောက်တန်ဖိုးရှိတဲ့ပစ္စည်း လိုက်ပို့နေရတာလဲဗျာ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယုသန်း လှည့်ကြည့်လိုက်လေသည်။

ထိုအခါ မလှမ်းမကမ်းရှိ ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်နေသော အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုသည် အဖြူရောင်ဝတ်ထားပြီး မျက်နှာတစ်ခုလုံး ဝါကျင်ကျင် ဖြစ်နေ၏။

အဘိုးအိုက ပြုံးပြလိုက်သည်။

"ကျုပ်က မင်းတို့ ပို့မယ့်ပစ္စည်းကိုယူဖို့ လာခဲ့တာပါ"

ယုသန်း မျက်နှာပျက်သွားလေသည်။

"ခင်ဗျားက စားပြတိုက်ချင်တာပေါ့ ဟုတ်လား"

အဘိုးအို ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်"

ယုသန်းက...

"လွယ်လွယ်နဲ့တော့ မရဘူးဗျ"

အဘိုးအိုက...

"မင်းက ပစ္စည်းထားခဲ့မယ်ဆိုရင် မင်းတို့ရဲ့ အသက်ကို ချမ်းသာပေးလိုက်မယ်"

ယုသန်း အံကြိတ်လိုက်လေသည်။

အဘိုးအိုက...

"ယုသန်း၊ မင်းကိုယ်တိုင် သယ်ဆောင်လာတာမို့ ကျုပ်က



ခုလို ပြောနေတယ်ဆိုတာ မှတ်ထားပါ"

ဟု အေးတိအေးစက် ပြောလေသည်။

ယုသန်းက...

"ခင်ဗျားအကြောင်းကို ကျုပ်သိတာ ကြာပါပြီ၊ ဒါပေမယ့် သည်လောက်အထိ အတင့်ရဲဝံ့မယ်လို့ မထင်မိဘူး"

အဘိုးအိုက...

"ကျုပ် ဘယ်သူလဲဆိုတာ မင်းသိနေတာပေါ့"

ယုသန်းက...

"ခင်ဗျားက လွဲပြီး ဘယ်သူက ကျုပ်ကို ဒုက္ခပေးရဲမှာလဲဗျာ"

အဘိုးအိုက...

"ယုသန်း၊ မင်းရဲ့ အာမခံဌာနကို ဖိတ်လိုက်တာ အကောင်းဆုံးပဲ"

"ခင်ဗျားက ကျုပ်ကို ရန်ပြုချင်နေတာကိုး"

"မင်းက ပစ္စည်းတွေ ထားပြီး အေးအေးဆေးဆေး ထွက်သွားတာ အကောင်းဆုံးပဲ"

ယုသန်းက...

"သည်ပစ္စည်းတွေက ခင်ဗျားအတွက် ဘာများ အသုံးကျမှာမို့လဲဗျာ"

"ဒါတွေ ကျုပ်နားမလည်ဘူး"

"ကောင်းပြီ၊ ကျုပ်ပစ္စည်းတွေကို ယူသွားချင်တယ်ဆိုရင်

ကျွဲပ်ကို အရင်ဆုံး သတ်သွားမှ ဖြစ်မယ်"

ယုသန်း ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

အဘိုးအိုက...

"မင်းက ငါနဲ့ ရင်ဆိုင်ချင်တယ်ပေါ့ ဟုတ်လား"

ယုသန်း သက်ပြင်းချလိုက်သည်။

အဘိုးအိုက အဘယ်ကြောင့် ဒုက္ခပေးလိုနေရပါသနည်း။

ထိုအကြောင်းကို လူတစ်ယောက်ကတော့ ကောင်းစွာ သိထားပါသည်။

ထိုလူသည် ဓားတစ်လက် ခါးချိတ်ကာ တောအုပ်ထဲမှာပင် ရှိနေသည် မဟုတ်ပါလော။

အနီရောင်အဝတ်အစားများ ဝတ်ထားသည်။

ထိုလူသည် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

♣ ♣ ♣



ယခုလက်ရှိ အချိန်၌ ထင်ရှားနေသော သိုင်းသမားသုံးဦး အကြောင်း လူတိုင်း သိလေသည်။

ထိုသိုင်းသမားသုံးယောက်မှာ ကျန်းလုံထင်၊ တစ်ချက်ဓားလုံးဂူနှင့် သမားတော်ကျေးရွာမှ ဖန်သံမားတော်တို့ ဖြစ်လေသည်။

သမားတော်ကျေးရွာ...။

သမားတော်ကျေးရွာသည် သိုင်းလောက၏ လျှို့ဝှက်သော နေရာတစ်ခု ဖြစ်လေသည်။

မည်သို့သော ရောဂါဝေဒနာမျိုးကိုမဆို သမားတော်ကျေးရွာက ပျောက်ကင်းအောင် ကုသပေးနိုင်စွမ်း ရှိလေသည်။

သမားတော်ကျေးရွာပိုင်ရှင် ဖန်သမားတော်က ယုသန်းတို့၏နောက်မှ လိုက်ပါလာခြင်းကြောင့် တောအုပ်ထဲ ရောက်နေခြင်း ဖြစ်လေသည်။

ယုသန်းတို့အား တားဆီးနေသော အဘိုးအိုမှာ ဒုစရိုက်ခေါင်းဆောင် ထိန်ချမ်း ဖြစ်လေသည်။

♣ ♣ ♣

ထိန်ချမ်း...။

ထိန်ချမ်းက သိုင်းသမားဆိုးများအား စည်းရုံးသိမ်းသွင်းသည့်အပြင် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးတစ်မျိုး တိုက်ကျွေးကာ ဒုစရိုက်မှုများ ကျူးလွန်ဖို့ စေခိုင်းနေသူ ဖြစ်လေသည်။

သိုင်းသမားဆိုးများသည် စိတ်အာရုံပြောင်းလဲနေကြသော်လည်း သူတို့၏သိုင်းပညာ ပျောက်ဆုံးသွားခြင်း မရှိပါချေ။

ထို့ကြောင့် သူတို့နှင့် ရင်ဆိုင်ရသူများ ဒုက္ခရောက်ရခြင်း ဖြစ်လေသည်။

သိုင်းသမားဆိုးများသည် အသက်ကို ပဓာနမထားဘဲ တိုက်ခိုက်ဖို့ အသိတစ်ခုတည်းသာ ရှိကြသည် မဟုတ်ပါလား။

ဖန်သမားတော်သည် စိတ်ပြောင်းဆေးမိထားသော သိုင်းသမားဆိုးများအကြောင်း လိုက်လံစုံစမ်းရင်း ယခုကဲ့သို့ ရောက်ရှိလာခြင်း ဖြစ်ပေတော့သည်။

ထိန်ချမ်းသည် အလွန်သိုင်းပညာ အဆင့်မြင့်သူ ဖြစ်လေသည်။

ထို့အပြင်...

အသိဉာဏ်ကင်းမဲ့သော ဓားသမားဆယ့်နှစ်ယောက်လည်း ပါရှိနေသည်ဖြစ်ရာ ယုသန်းက မည်သို့ ခုခံနိုင်ပါမည်နည်း။

ယုသန်း တာဝန်ယူကာ ပို့ဆောင်ပေးရမည့် ပစ္စည်းများမှာ ဘယဆေးများ ဖြစ်လေသည်။

ထို့ကြောင့် သာမန်ပစ္စည်းများဟု ဆိုနိုင်သည်။



သို့သော်...

ထိုဘယဆေးများသည်ပင် အလွန်ရှားပါးပြီး အဖိုးတန်သောပစ္စည်းများ ဖြစ်နေပါတော့သည်။

ဖန်သမားတော်က အချိန်များစွာပေးပြီး ရှာဖွေထားရသော ဘယဆေးများ ဖြစ်လေသည်။

ဘယဆေးများအကြောင်း မသိသူများအတွက် တန်ဖိုးရှိမည် မဟုတ်ပါ။

ဘယဆေးအကြောင်း သိသူများအတွက်ကား တန်ဖိုးမဖြတ်နိုင်သော ပစ္စည်းများ ဖြစ်လေသည်။

ယခု...

ထိန်ချမ်းနှင့် ဓားသမားများအား ရင်ဆိုင်ရတော့မည် ဖြစ်သည်။

ဖန်သမားတော်နှင့် ယုသန်းတို့သည် ထိန်ချမ်းတို့အား ရင်ဆိုင်နိုင်ပါမည်လော။

♣ ♣ ♣

တောအုပ်ထဲ၌ အေးစိမ့်နေသည်ဟု ထင်ရလေသည်။

ထိန်ချမ်းက လှို့ဝှက်စွာ ပြုံးနေသည်။

ထိုင်ရာမှထကာ လက်နှစ်ဘက် နောက်ပစ်ပြီး ရပ်နေ၏။ သူ၏မျက်လုံးများက ယုသန်းကို စိုက်ကြည့်နေလေသည်။

"ကဲ ယုသန်း၊ မင်းက ပစ္စည်းထားခဲ့ပြီး ထွက်သွားမလား၊ ဒါမှမဟုတ် အသက်အသေခံမလား၊ ကြိုက်တဲ့လမ်းကို ရွေးပေတော့"

ဟု ပြောလိုက်လေသည်။

ယုသန်းက...

"ကျုပ်ပြောပြီးပါပြီဗျာ"

ဟု တုန့်ပြန်လိုက်လေသည်။

ထိန်ချမ်းက...

"ကောင်းပြီ၊ ကျုပ်အဆိုး မဟုတ်တော့ဘူး"

စကားဆုံးလျှင် လက်တစ်ဘက်မြှောက်ကာ ဝှေ့ယမ်းပြလိုက်လေသည်။ သူ၏နောက်လိုက်များသည် ရှေ့တိုးကာ ယုသန်းအား တိုက်ခိုက်လိုက်ကြလေတော့သည်။

ယုသန်းတို့လူစုကလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

♣ ♣ ♣



"ဟိတ်"

"ယား"

ညာသံပေးသံများက တောအုပ်တစ်ခုလုံး ပွက်လောရိုက်သွားလေသည်။

အနက်ရောင်ဝတ်ထားသူများက လှံများ အသုံးပြုကာ တိုက်ခိုက်လိုက်ကြလေသည်။

သို့သော်...

ယုသန်း၏ဓားက သူတို့အား ဟန့်တားထားလိုက်လေသည်။

ဟုန်ပင်းကလည်း သူ၏ဓားပညာဖြင့် အစွမ်းပြလိုက်လေသည်။

ဟုန်ပင်းက ဓားရှည်တစ်လက် ဓားတိုတစ်လက်ကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

သူ၏ဓားနှစ်လက်နှင့် ဓားပညာသည် ထိန်ချမ်း၏လူသတ်သမားများအား ဟန့်တားနိုင်မည် ထင်ရသော်လည်း တကယ်တမ်း ဟန့်တားနိုင်ခြင်း မရှိပါချေ။

ထိန်ချမ်း၏မျက်နှာ ဟန်မပျက် ကင်းမဲ့နေ၏။

သူ၏မျက်လုံးများက တိုက်ပွဲကို ကြည့်နေသည်နှင့် မတူပါချေ။ အဝေး၌ရှိနေသော သစ်ပင်တစ်ပင်ကို စိုက်ကြည့်နေခြင်းမျိုး ဖြစ်သည်။

ထိုသစ်ပင်ကြီး နောက်ကွယ်၌ လူတစ်ယောက် ရှိနေသည်

မဟုတ်ပါလား။

ထိုလူကား ဖန်သမားတော် ဖြစ်လေသည်။

ဖန်သမားတော်က သစ်ပင်ကြီး နောက်ကွယ်မှ လှမ်းထွက်လာလေသည်။

ထိန်ချမ်း၏အကြည့်က ဖန်သမားတော်၏ခါးမှ ရွှေဓားဆီသို့ ရောက်ရှိသွားလေသည်။

ထိန်ချမ်းက ပြုံးပြလိုက်သည်။

"ခင်ဗျားက ဖန်သမားတော် ဟုတ်လား"

ဖန်သမားတော် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ဖန်သမားတော်ပါ"

ထိန်ချမ်းက...

"သမားတော်ကျေးရွာက လူတွေထဲမှာ ခင်ဗျားဟာ သိုင်းလောကထဲ အထွက်ဆုံး လူတစ်ယောက်ဆိုတာ မှန်နေပြီ"

ဖန်သမားတော်က...

"ကျုပ်က သက်သက်မဲ့ သိုင်းလောကထဲ ထွက်ပြီး လည်ပတ်တတ်တဲ့ လူတစ်ယောက်မှ မဟုတ်တာဘဲဗျာ"

ထိန်ချမ်းက...

"ဒါဖြင့် ခင်ဗျား ဘာကြောင့် သည်ကို ရောက်လာရတာလဲ ပြောပါဦး"

ဖန်သမားတော်က...

"စိတ်ပြောင်းဆေးတွေ သုံးပြီး သိုင်းလောကကို ဒုက္ခပေးနေ



တဲ့ လူတွေအကြောင်း စုံစမ်းဖို့ ထွက်လာတာပေါ့ဗျာ"

ထိန်ချမ်းက...

"ဒါဖြင့် ကျုပ်ရဲ့ လူတွေ အကြောင်းကို သိသွားရအောင် တစ်ခါထဲ ကြည့်သွားပေါ့ဗျာ"

သူ၏အကြည့်သည် လှံကိုင်ထားသူများထံသို့ ရောက်ရှိသွားလေတော့သည်။

❖ ❖ ❖

ထိန်ချမ်း၏လူများသည် ယုသန်း၏အာမခံဌာနသားများအား တိုက်ခိုက်လိုက်လေသည်။

သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်။

ထိန်ချမ်း၏လူများ ကိုင်ဆောင်ထားသော လှံများက ပိုရှည်နေခြင်းကြောင့်လည်း တပန်းသာနေသည် ဆိုနိုင်၏။

ထို့ကြောင့်လည်း တိုက်ပွဲ အချိန်ကြာလာသည်နှင့်အမျှ ယုသန်း၏အာမခံအဖွဲ့သားများမှာ တစ်ယောက်ပြီးတစ်ယောက် ဒဏ်ရာရရှိသွားတော့သည်။

ထိန်ချမ်း၏လူများက အသက်ကို ပဓာနမထားဘဲ တိုက်ခိုက်ကြသည် မဟုတ်ပါလား။

ယုသန်း၏လူများ အကြီးအကျယ် အခက်ကြုံနေကြလေ

တော့သည်။

ထိန်ချမ်းက...

"တိုက်ပွဲ အခြေအနေကို ခင်ဗျားတွေ့တယ် မဟုတ်လား၊ ဘယ်သူနိုင်မယ်လို့ ခင်ဗျားထင်သလဲ"

ဖန်သမားတော် ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ် ဘာမှ မမြင်ဘူး၊ ခင်ဗျား ဘာပြောနေတယ်ဆိုတာလဲ ကျုပ် မသိဘူး"

ထိန်ချမ်းက...

"ခင်ဗျားကို ကျုပ် မသတ်ချင်ဘူး၊ ခင်ဗျား သည်နေရာက ထွက်သွားတာ အန္တရာယ်အကင်းဆုံး ဖြစ်လိမ့်မယ်"

ဖန်သမားတော်က...

"ကျုပ်ကို ဘာဖြစ်လို့ သွားစေချင်ရတာလဲဗျာ၊ ပြောရဦးမယ်၊ ကျုပ် မရှိရင်တောင် သည်ဆေးပင်တွေကို ကာကွယ်စောင့်ရှောက်မယ့်လူ ပေါ်လာဦးမှာပါ"

ထိန်ချမ်း၏မျက်နှာ ခက်ထန်လာလေသည်။

"စကားရှည်ရှည်ဝေးဝေး မပြောနဲ့၊ ခင်ဗျား သွားမလား မသွားဘူးလားဆိုတာပဲ ပြောပါ"

ဖန်သမားတော် ပခုံးတွန့်လိုက်လေသည်။

"ကျုပ် မသွားဘူးဆိုရင်ကော"

ထိန်ချမ်းက...

"ကျုပ်စေတနာကို ခင်ဗျားနားမလည်ဘူးဆိုရင် ကျုပ်လဲ



မတတ်နိုင်တော့ဘူး"

စကားဆုံးသည်နှင့် လက်တစ်ဘက် အပေါ်မြှောက်ကာ ဝှေ့ယမ်းလိုက်လေသည်။

ရုတ်တရက် သူ၏အင်္ကျီ လက်အိုးကြားထဲမှ မီးခိုးငွေ့များ ပန်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ဖန်သမားတော် ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ထိန်ချမ်း လှောင်ပြုံးပြုံးလိုက်သည်။

"သည်လိုဆိုတော့လဲ ခင်ဗျား သေရမှာကို ကြောက်တတ်သားပဲဗျ"

ဖန်သမားတော်က ဘာမှ မပြောပါ။

သူက စကားပြောဖို့ ပါးစပ်ဟလိုက်သည်နှင့် အဆိပ်ငွေ့များ ရှူရှိုက်မိသွားနိုင်သည် မဟုတ်ပါလား။

ထိန်ချမ်းက...

"ခင်ဗျား ဘယ်လိုပဲ နောက်ဆုတ်သွားပေမယ့် တစ်ခုတည်းသော လမ်းကိုပဲ ဆုတ်သွားရမယ်ဆိုတာ မှတ်ထားပါ"

သူက သေလမ်းသွားရမည်ဟု ဆိုလိုလိုက်ခြင်း ဖြစ်လေသည်။

သို့သော်...

ဖန်သမားတော် ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိပါချေ။

သူက နောက်မဆုတ်တော့ဘဲ မလှုပ်မယှက် ရပ်နေသည်။

တောအုပ်ထဲ၌ သွေးနှံများ စတင်ပုံ့နှံ့လာပြီ ဖြစ်လေသည်။

တိုက်ပွဲမှာ အလွန်ကြောက်မက်ဖွယ်ကောင်းလာပြီ မဟုတ်ပါလား။

♣ ♣ ♣

ယန်ကျူးမြို့၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့် အကွာတွင် ဟောင်းနွမ်းအိုမင်းနေပြီ ဖြစ်သော ဘုံကျောင်းတစ်ခုရှိသည်။

ယင်းဘုံကျောင်း၌ ဘုန်းတော်ကြီး မရှိပါ။ ကပ္ပိယ မရှိပါ။

အသက်အရွယ် အိုမင်းရင့်ရော်နေပြီ ဖြစ်သော အဘိုးအိုလင်မယားနှစ်ယောက်သာ ရှိလေသည်။

ထိုဘုံကျောင်းသည် မြို့နှင့် မဝေးသော်လည်း လာရောက်ဝတ်ပြုသူ နည်းပါးလှပေသည်။

ထို့ကြောင့် ဘုံကျောင်းလေးမှ အဘိုးအိုနှစ်ယောက်မှာ စားရမဲ့ သောက်ရမဲ့ဘဝ ရောက်ရှိနေလေသည်။

လွန်ခဲ့သော သုံးနှစ်ကမူ ဘုံကျောင်းသို့ လာရောက်ပူဇော်လှူဒါန်းသူ အများအပြား ရှိခဲ့လေသည်။

သို့သော်...

ထိုသုံးနှစ်အတွင်း အခြေအနေက များစွာ ပြောင်းလဲသွားခဲ့လေသည်။

အဘယ်ကြောင့်ပါနည်း...



ထိုဘုံကျောင်းလေး၏ မျက်နှာချင်းဆိုင်၌ တစ်စုံတစ်ယောက် လာရောက်၍ အဆောက်အဦး ဆောက်လုပ်ထားလေသည်။

ယင်းအဆောက်အဦးမှာ အလောင်းများကို ခေတ္တထားရှိရန် ဖြစ်လေသည်။

တနည်းဆိုရလျှင် လူသေအလောင်းများအတွက် ခေတ္တတည်းခိုခန်း ဖြစ်လေသည်။

ယင်းလူသေအလောင်း တည်းခိုခန်းက တစ်နေ့တခြား စည်ကားလာသောအခါ ဘုံကျောင်းလေးသို့ လာရောက်သူများ တစ်နေ့တခြား နည်းပါးသွားလေတော့သည်။

အလောင်းတည်းခိုခန်း အဆောက်အဦး၌ လူသေအလောင်းများက ပို၍များပြားလာသောအခါ အလွန်ကြောက်စရာကောင်းသော အဆောက်အဦးတစ်ခု ဖြစ်လာလေတော့သည်။

ညဥ့်နက်သန်းကောင်အချိန် ရောက်လျှင် တစ္ဆေသရဲများ ခြောက်လှန့်သည်ဟုပင် ပြောဆိုလာကြလေတော့သည်။

ထို့အပြင်...

ထိုအဆောက်အဦး၌ ရှိခဲ့သော အစောင့်နှစ်ယောက်သည်လည်း ယခုတော့ တစ်ယောက်ထဲသာ ကျန်ရစ်ခဲ့လေတော့သည်။

အခြားအစောင့်တစ်ယောက်မှာ သရဲက လည်ပင်းညှစ်သတ်လိုက်သည်ဟု ဆိုကြလေသည်။

လူသေအလောင်း ထားရှိသည့် နေရာ၌ သရဲခြောက်သည်

ဟု ပြောဆိုလေ့ ရှိကြသည်မှာ ထူးဆန်းသည်တော့ မဟုတ်ပါ။

လောကပေါ်၌ တစ္ဆေသရဲ မယုံကြည်သူများလည်း အများအပြား ရှိကြလေသည်။

ထို့အတူ တစ္ဆေသရဲ ယုံကြည်ကြသူများမှာလည်း နည်းလှသည်တော့ မဟုတ်ပါ။

တစ်ချို့ဆိုလျှင် ကိုယ်တိုင် သရဲ မြင်ဖူးသည်ဟုပင် ပြောကြလေသည်။

အစောင့်နှစ်ယောက်အနက် တစ်ယောက်မှာ သရဲ၏လည်ပင်း ညှစ်သတ်ခံရသည်ဟု ပြောကြသည်မှာလည်း ထူးဆန်းသည့် သတင်း မဟုတ်တော့ပါ။

ညစောင့်၏လည်ပင်း၌ နက်ရှိုင်းလှသော လက်ချောင်းရာကြီးများကို တွေ့ခဲ့ရလေသည်။

ထိုသို့ ဖြစ်ပေါ်လာအောင် လူတစ်ယောက်ထက် သရဲကသာ လုပ်နိုင်မည်ဟု ပြောနေကြလေတော့သည်။

မည်သို့ဆိုစေ...

ထိန်သခင်ကြီးကတော့ ညစောင့် အသတ်ခံရသည်မှာ တစ္ဆေသရဲ လက်ချက် မဟုတ်ဟု ယုံကြည်ထားလေတော့သည်။

♣ ♣ ♣



ထိန်အဘိုးအိုက ညစောင့်က အသတ်ခံရသည့် သတင်းကြားရသောအခါ ယုံကြည်မှု လုံးဝ မရှိခဲ့ပါချေ။

ထို့အပြင်...

သူက ဟန်ကျူးမြို့သို့ အလျင်အမြန် ပြန်ရောက်လာခဲ့ခြင်းမှာလည်း အကြောင်း ရှိနေပါသည်။

ဒုစရိုက်သမားများသည် လူစုခွဲကာ ဟန်ကျူးမြို့သို့ တစ်သုတ်ပြီးတစ်သုတ် သွားနေသည်ဟု သတင်းကြားခဲ့ရခြင်းကြောင့်လည်း ဖြစ်လေသည်။

ဒုစရိုက်သမားခေါင်းဆောင် ထိန်ချမ်းသည် ဟန်ကျူးမြို့ကို သိမ်းပိုက်ရန် ကြံစည်နေကြောင်း ထင်ရှားနေပါတော့သည်။

ဟန်ကျူးသည် ထိန်အဘိုးအို၏ဇာတိမြို့ ဖြစ်လေသည်။

ဒုစရိုက်သမားများက ဟန်ကျူးမြို့အား နှောင့်ယှက်မည်ကို လုံးဝလက်မခံနိုင်ပါ။

ထိန်ချမ်း...။

ထိန်ချမ်းသည် သူနှင့် ဆွေမျိုးသားချင်း တော်စပ်သူ ဖြစ်လေသည်။

ထိန်ချမ်းနှင့် အခြားဆွေမျိုးသားချင်းများသည် ဩဇာတိက္ကမ ကြီးမားရေးအတွက် အချင်းချင်း တိုက်ခိုက်နေကြသည်။

ထိန်အဘိုးအိုက ထိုအရှုပ်အရှင်းထဲသို့ ပါဝင်လိုခြင်း မရှိပါချေ။

သို့သော်...

ထိန်ချမ်းက ဟန်ကျူးမြို့ကို ခြေဦးလှည့်လာလေသောအခါ ထိန်အဘိုးအိုလည်း လက်ပိုက်ကြည့်မနေနိုင်အောင် ဖြစ်လာလေတော့သည်။

ထိန်အဘိုးအိုက ပြန်လာခဲ့ရင်း သရဲခြောက်သည့် သတင်းကြားရသောအခါ ထိုသရဲကို ဖမ်းဆီးရန် ဆုံးဖြတ်လိုက်လေသည်။

သူက သရဲကို မိအောင် ဖမ်းနိုင်ပါမည်လော။

♣ ♣ ♣



## ပိုးမျှင်အိမ်

နေဝင်ဆည်းဆာအချိန် ဖြစ်သည်။

အလင်းရောင်က မှေးမှိန်သွားပြီ ဖြစ်သည်။

အမှောင်ရိပ်များက ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းထားလိုက်ပြီ ဖြစ်သည်။

ထိုအချိန်တွင် ရှေးဟောင်းဆန်သော ဘုံကျောင်းအဆောက်အဦးကို တွေ့ရသောအခါ ကြောက်မက်ဖွယ်ကောင်းသည်ဟု ထင်မြင်မိကြမည် ဖြစ်လေသည်။

ထိုဘုံကျောင်းလေး၏အနောက်ဘက်တွင် သပ်ရပ်သော အိမ်ကလေးတစ်လုံး ရှိလေသည်။

ထိုအိမ်ကလေးက အုတ်ဖြင့် တည်ဆောက်ထားခြင်း ဖြစ်လေသည်။

ယင်းအိမ်ခေါင်မိုးပေါ်၌ သေးငယ်သော မီးခိုးခေါင်းတိုင် တစ်တိုင် ရှိလေသည်။

ယင်းမီးခိုးခေါင်းတိုင်မှ မီးခိုးများက အဆက်မပြတ် လူးလွန့်၍ ထွက်နေသည်။

မီးခိုးရှိလျှင် မီးရှိရမည် ဖြစ်သည်။

ယခုအချိန်သည် ညစာ ချက်ပြုတ်သောအချိန် ဖြစ်သည်။

အိမ်ထဲ၌ နေထိုင်သူများက ညစာ ချက်နေသည်ဆိုလျှင် ထူးဆန်းသိမ့်မည် မဟုတ်ပါ။

မှန်ပေသည်။ အိမ်ထဲမှ လူများက ညစာ ချက်ပြုတ်နေကြလေသည်။

ထိုအိမ်ကလေး၌ နေထိုင်သော အဘိုးအိုလင်မယားက ညစာ ချက်ပြုတ်နေကြသည်။

သူတို့က ကြက်သား၊ ဝက်သား၊ ငါးဟင်းများ ချက်ပြုတ်နေကြခြင်း မဟုတ်ပါ။

အလွန်အဆိပ်ပြင်းသော ဟင်းလျာများကို ချက်ပြုတ်စားသောက်ရန် ပြင်ဆင်နေကြခြင်း ဖြစ်လေသည်။

ပင့်ကူ...။

ပင့်ကူသည် ထူးခြားသော ပိုးကောင်တစ်မျိုး မဟုတ်ပါ။

သို့သော်...

ပင့်ကူက အမျိုးအစားပေါင်းများစွာ ရှိလေသည်။

အချို့ပင့်ကူများသည် အမြဲတမ်း တွေ့ရတတ်သည်။



သင်၏ရှေ့၌ တွေ့ရတတ်သလို ပျောက်ကွယ်၍လည်း နေတတ်သည်။

သူတို့သည် လူသားများအား မည်သို့မျှ ဒုက္ခပေးတတ်သည် မဟုတ်ပါ။

သို့သော်...

အချို့ပင့်ကူများက အလွန်ရှားပါးလေသည်။

တွေ့ရခဲတတ်သည်။

တွေ့ချင်လျှင် တကူးတက ရှာဖွေရသည်။

ပင့်ကူသည် မုန်းတီးစရာကောင်းသော သတ္တဝါ မဟုတ်သလို ချစ်စရာကောင်းသော သတ္တဝါမျိုးလည်း မဟုတ်ပါချေ။

လူအများစုကား ပင့်ကူကို တွေ့လျှင် ရှောင်တိမ်းသွားတတ်ကြလေသည်။

အချို့က ပင့်ကူကို ရက်ရက်စက်စက် သတ်ပစ်တတ်ကြလေသည်။

ဘုံကျောင်းစောင့် အဘိုးအိုလင်မယားသည် ပင့်ကူများအား လိုက်လံရှာဖွေနေကြသူများ ဖြစ်လေသည်။

သူတို့သည် ဆယ်နှစ်တိတိ အချိန်ကုန်ခံကာ လိုက်လံရှာဖွေခဲ့ရာ ဘီလူးပင့်ကူပေါင်း တစ်ထောင်ခန့် ရှာဖွေတွေ့ရှိခဲ့ကြလေသည်။

ဘီလူးပင့်ကူတစ်ကောင်ကိုပင် ရှာဖွေရန် ခက်ခဲလေသည်။

ဘီလူးပင့်ကူတစ်ထောင်ခန့်ကို တွေ့အောင် ရှာဖွေရသည်မှာ မည်သည့်နည်းနှင့်မျှ လွယ်ကူနိုင်တော့မည် မဟုတ်ပါချေ။

ဘီလူးပင့်ကူ...။

ဘီလူးပင့်ကူသည် အလွန်အရုပ်ဆိုးသော ပင့်ကူအမျိုးအစား ဖြစ်လေသည်။

မည်သူမဆို ဘီလူးပင့်ကူကို တွေ့လိုက်သည်နှင့် အော့အန်လိုစိတ်များ ပေါ်ပေါက်လာမည်မှာ သေချာလှပေသည်။

သို့သော်...

အဘိုးအိုလင်မယားက ဘီလူးပင့်ကူကို အလွန်ချစ်မြတ်နိုးသူများ ဖြစ်ကြပေတော့သည်။

♣ ♣ ♣



ဘီလူးပင့်ကူများသည် အထူးသဖြင့် တစ်နေရာထဲ၌သာ လှုပ်ရှားသွားလာတတ်ကြပေသည်။

ယင်းနေရာမှာ လူသေအခေါင်း ဖြစ်လေသည်။

ဗလာနတ္ထိ ဘာမှ မရှိသော အခေါင်းထဲ၌ လှုပ်ရှားသွားလာတတ်ခြင်းမျိုးလည်း မဟုတ်ပါ။

လူသေအလောင်း ထည့်ထားသော အခေါင်းတွင်း၌သာ သွားလာလှုပ်ရှားတတ်ကြခြင်း ဖြစ်လေသည်။

တစ်နည်းဆိုလျှင်...

ဘီလူးပင့်ကူသည် အလောင်းများ ထည့်ထားသော အခေါင်းများထဲ၌သာ နေထိုင်တတ်ကြလေသည်။

ထိုဘီလူးပင့်ကူများ၌ ပို၍ အဆိပ်ပြင်းသော မင်းသမီးပင့်ကူမ ရှိလေသည်။

အဘိုးအိုက အရက်အိုးထဲသို့ မင်းသမီးပင့်ကူမ အပါအဝင် ပင့်ကူတစ်ထောင် ထည့်လိုက်၏။

အရက်က မွှေးကြိုင်နေသည်။

သို့သော် ပင့်ကူများ ထည့်လိုက်သောအခါ အလွန်ဆိုးဝါးသော အနံ့အသက်များ ထွက်ပေါ်လာလေတော့သည်။

အဘိုးအိုတို့လင်မယားက မြိန်ရည်ယှက်ရည် စားသောက်နေကြ၏။

အဘိုးအိုက အရက်သောက်လိုက် ထမင်းနှင့် ရောစားလိုက် စားနေ၏။ အဘွားအိုက...

"တို့တစ်ကိုယ်လုံး အဆိပ်ပျံ့သွားအောင် လေ့ကျင့်ပြီးတဲ့နောက်မှာ ခြသေ့်ကျေးရွာက လူတွေကို ကောင်းကောင်းကြီး အကြောင်းပြလိုက်မယ်"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အဲသည်အချိန်မှာ ဒုစရိုက်အဖွဲ့ခေါင်းဆောင် ထိန်ချမ်းကလဲ တို့ကို ရှိသေလာရမှာပေါ့လေ"

အဘွားအိုကလည်း အရက်သောက်လိုက် ထမင်းစားလိုက်ဖြင့် စားနေသည်။

သူတို့နှစ်ယောက်သည် ယခုကဲ့သို့ စားသောက်နေရသည်ကို အလွန်ပျော်ရွှင်နေပုံ ရှိလေသည်။

♣ ♣ ♣



အဘိုးအိုတို့လင်မယား အရက်သောက်ပြီး ပင့်ကူစားပြီးသော အချိန်၌ တောအုပ်ထဲတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲလည်း ပြီးဆုံးသွားလေသည်။

ထိုတိုက်ပွဲတွင် ယုသန်း၏အာမခံဌာနမှ သိုင်းသမားများက အစွမ်းကုန် ဆင်နွှဲတိုက်ခိုက်ခဲ့ကြလေသည်။

သို့သော် ထိန်ချမ်း၏ကြိုတင်ကြံစည်မှုမှာ အလွန်စေ့စပ်သေချာခဲ့ လေသည်။

ယုသန်းသည် သိုင်းလောက၌ ကျော်ကြားခြင်း မရှိခဲ့သော်လည်း ဖန်သမားတော် ယူဆထားသည့်အတိုင်း အလွန်အဆင့်မြင့်သော သိုင်းသမားတစ်ဦး ဖြစ်ခဲ့သည်။

ထို့အပြင်...

ဟုန်ပင်၏ဓားပညာကလည်း အဆင့်မြင့်လှသည်။

သူတို့သည် ထိန်ချမ်း၏လူများအား အပြင်းအထန် ပြန်လည်တိုက်ခိုက်နိုင်ခဲ့သော်လည်း တောအုပ်ထဲမှ နောက်ထပ် ဓားသမားများ ထွက်ပေါ်လာကြလေသောအခါ ယုသန်းတို့ တဖြည်းဖြည်း အရေးနိမ့်သသွားကြလေတော့သည်။

ငွေကြယ်အာမခံဌာနအဖို့ ပထမဆုံးအကြိမ် အရေးနိမ့်သွားခြင်း ဖြစ်လေသည်။

ယုသန်းကိုယ်တိုင် ဒဏ်ရာရရှိသွားလေသည်။

ဟုန်ပင်လည်း ကျဆုံးသွားခဲ့လေတော့သည်။

ထို့အပြင် အားထားရသော ဓားသမားများလည်း ကျဆုံး

သွားကြလေတော့သည်။

ဖန်သမားတော်ကလည်း တိုက်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့လေသည်။

ဖန်သမားတော်က ထိန်ချမ်းနှင့် သိုင်းကွက်ပေါင်းတစ်ရာကျော် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့လေသည်။

သူ၏ချိုင်းအောက်၌ လက်ဝါးဒဏ်ရာတစ်ချက် ရရှိသွားခဲ့လေသည်။

ထိန်ချမ်း၏လက်ဝါး၌ အဆိပ်များ ပါရှိနေ၏။

ထို့ကြောင့် ဖန်သမားတော် အဆိပ်မိကာ အဆိပ်များက တစ်ကိုယ်လုံး စတင်ပျံ့နှံ့သွားလေတော့သည်။

♣ ♣ ♣



အရက်တစ်အိုး ကုန်သွားပြီးနောက်...

"အရက်ကလဲ ကုန်တာ မြန်လှချည်လား"

ထိန်ချွမ်းက ညည်းတွားလိုက်လေသည်။

ထိန်ချွမ်းက ထိန်သခင်ကြီးနှင့်အတူ ပြန်လာခဲ့ကြသော်လည်း သူ့အား အိမ်ပြန်ကာ စောင့်ရှောက်ရမည်ဆိုခြင်းကြောင့် ဘာမှမတတ်သာတော့ဘဲ အိမ်ပြန်လာခဲ့ရလေသည်။

ထိန်သခင်ကြီးက သရဲဖမ်းရန် လမ်းခွဲသွားခြင်း ဖြစ်လေသည်။

ထိန်ချွမ်းကလည်း သရဲဖမ်းဖို့ စိတ်ဝင်စားလေသည်။

သို့သော်...

ဘာမှ မတတ်သာဘဲ အိမ်ပြန်လာခဲ့ရလေသည်။

သူတစ်ယောက်ထဲ မပြန်လိုသဖြင့် ကျန်းလုံထင်းနှင့် လုံးဂူတို့ကို အပါခေါ်သွားခဲ့လေတော့သည်။

သူတို့ အိမ်ပြန်ရောက်သွားပြီး မကြာမီ ဖန်သမားတော်နှင့် ယုသန်းတို့က ဒဏ်ရာများရရှိကာ ရောက်လာခဲ့ကြလေသည်။

ယုသန်း စိတ်ဓာတ်ကျနေသည်။

"သွားပါပြီဗျာ၊ အားလုံးတော့ ဒုက္ခရောက်ပါပြီ"

ဟု ညည်းတွားနေ၏။

ထိန်ချွမ်း မကျေမနပ် ဖြစ်ကာ...

"ခင်ဗျားတို့ ဒုက္ခရောက်လာရင်လဲ တခြားနေရာကို သွားပါ၊ သည်မှာ လာပြီး ဒုက္ခမပေးပါနဲ့"

ဟု ပြောလိုက်လေတော့သည်။

ယုသန်း ဘာမှမပြောတော့ပါ။

သူ၏ခန္ဓာကိုယ်ပေါ်၌ ဓားဒဏ်ရာသုံးချက်တိတိ ရရှိထား လေသည်။

အထူးသဖြင့် သူ၏ဝဲဘက်ပေါင်၌ ရရှိထားသော ဒဏ်ရာက ပိုပြီး ပြင်းထန်လေသည်။

ဖန်သမားတော်ကလည်း ကွပ်ပျစ်ပေါ်၌ လဲလျောင်းနေ လေသည်။

သူ၏မျက်နှာ သွေးရောင်မရှိဘဲ ဖြူဖတ်ဖြူလျော် ဖြစ်နေ သည်။

ထိန်ချွမ်းက သူတို့နှစ်ယောက်ကို ကြည့်ကာ လက်နှစ်ဘက် နောက်ပစ်ပြီး လမ်းလျှောက်နေ၏။

ရုတ်တရက်...

ထိန်ချွမ်းက ခြေလှမ်းရပ်ကာ ရေရွတ်လိုက်လေသည်။

"ဖန်ကျူးထိဆိုတဲ့အဘိုးကြီးက.."

သို့သော် စကားရပ်ကာ ခေါင်းခါယမ်းလိုက်လေသည်။

ဘာမှ ထပ်မပြောတော့ဘဲ ထပ်မံ၍ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေလေသည်။

အစွန်တော့...

ဖန်ကျူးထိက အချိန်မီ ရောက်ရှိမလာသဖြင့် အပြစ်တင် စကားပြောရန် ဖြစ်လေသည်။



ဖန်သမားတော်နှင့် ဖန်ကျူးထိတို့က ဟန်ကျူးမြို့၌ တွေ့ ဆုံရန် ချိန်းဆိုထားလေသည်။

သို့သော်...

တိုက်တိုက်ဆိုင်ဆိုင် ဖန်ကျူးထိ၏မြင်းက ရုတ်တရက် ဖျား နာလျက် ရှိလေသည်။

သူသည် တခြားမြင်းကို စီးပြီး လာနိုင်သည်။

သူ၏မြင်းကို ကုသပေးလိုစိတ်က ပြင်းပျနေသဖြင့် သူ၏ မြင်းကို ဆေးကုပေးနေသဖြင့် အချိန်ကုန်သွားခြင်း ဖြစ်လေသည်။

ဤသို့ဖြင့်...

ဖန်ကျူးထိသည် ချိန်းထားသည့်အတိုင်း ရောက်မလာနိုင် ဘဲ နောက်ကျနေခဲ့ခြင်း ဖြစ်ပေတော့သည်။

ခေါက်တုန့်ခေါက်ပြန် လျှောက်နေသော ထိန်ချွမ်းက ခြေ လှမ်းရပ်တန့်လိုက်လေသည်။

သူက အံတင်းတင်းကြိတ်လိုက်သည်။

"သည် လိပ်အဘိုးကြီးက ဘာကြောင့် နောက်ကျနေတာ လဲ.."

သူ၏စကားကို တပိုင်းတစ ရပ်တန့်လိုက်ရပြန်လေသည်။

အကြောင်းမှာ...

ဖန်ကျူးထိက အခန်းထဲ လှမ်းဝင်လာသည်ကို တွေ့လိုက်ရ ခြင်းကြောင့် ဖြစ်လေသည်။

ထိန်ချွမ်းသည် ဖန်ကျူးထိကို မမျှော်လင့်ဘဲ တွေ့လိုက်ရ

ခြင်းကြောင့် အားတုန့်အားနာ ဖြစ်သွားလေသည်။

ဖန်ကျူးထိကလည်း ထိန်ချွမ်းကို မျက်လုံးကြီးပြူးကာ ကြည့်လိုက်လေသည်။

"ကျုပ်ကို လိပ်ကြီးလို့ ပြောတာလား"

"ဗျာ"

"ကျုပ်က လိပ်ကြီးဆိုရင် မင်းလဲ လိပ်ကလေး ဖြစ်မှာပေ ကွာ"

ထိန်ချွမ်းက...

"ကျုပ်က လိပ်ကလေးပဲ ထားလိုက်ပါတော့၊ ခင်ဗျားက ဘာကြောင့် နောက်ကျနေတာလဲ ပြောပါဦးဗျ"

ဖန်ကျူးထိ နှာခေါင်းရှုံ့လိုက်သည်။

"မင်းကို ကြည့်ရတာ လိပ်ကလေးနဲ့တောင် မတူတော့ဘူ ကွ"

ထိန်ချွမ်းက...

"ဒါဖြင့် ကျုပ်က ဘာနဲ့ တူနေလို့လဲ"

ဖန်ကျူးထိက ရယ်ကျဲကျဲဖြင့်...

"မင်းက လိပ်ကြီးနဲ့ တူတာပေါ့ကွာ"

ထိန်ချွမ်း ပိုပြီးမကျေမနပ် ဖြစ်သွားလေတော့သည်။

လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက် လေတော့သည်။

သို့သော်...



သူက လိပ်တစ်ကောင် ပုံသဏ္ဌာန်မျိုး ပြုလုပ်လိုက်ပြီး သူ၏မျက်နှာကိုလည်း ပျော့ပျောင်းထားလိုက်လေတော့သည်။

♣ ♣ ♣

ဖန်ကျူးထိက...

"မင်း ဘာမှ မပြောတော့ဘူးလား"

ထိန်ချွမ်းက...

"ကဲ ဒါတွေ ထားလိုက်ပါတော့လေ၊ ဖန်သမားတော်ကိုသာ ဆေးကုပေးလိုက်ပါဗျာ"

သူက ခါးထောက်ပြီး စကားဆက်လိုက်လေသည်။

"သူသာ တစ်ခုခု ဖြစ်သွားမယ်ဆိုရင် ကျုပ်က ခင်ဗျားကို ခွင့်လွှတ်မှာ မဟုတ်ဘူး"

ဖန်ကျူးထိ ဒေါသထွက်သွားလေသည်။

သို့သော်...

ထိန်ချွမ်းနှင့် ဆက်ပြီး ရန်မဖြစ်လိုတော့ပါ။

ဖန်သမားတော်ကို ဆေးကုပေးရဦးမည် မဟုတ်ပါလား။

ဖန်သမားတော်၏ဝေဒနာကလည်း ပေါ့ပေါ့တန်တန် သဘောထား၍ ရမည်မဟုတ်ပါချေ။

ဖန်သမားတော်ကိုယ်တိုင်က ဆေးဝါးကျွမ်းကျင်သူတစ်ယောက် ဖြစ်နေခြင်းကြောင့်သာ ကိုယ့်ကိုကိုယ် ဆေးကုပြီး သူ၏

အသက်ကို ဤနေရာအထိ သယ်ဆောင်လာနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ယခု ဖန်သမားတော်၏အဆိပ်မိသော ဝေဒနာမှာ အလွန်ဆိုးရွားနေပါတော့သည်။

မည်သို့ဆိုစေ...

ဖန်ကျူးထိ ရောက်ရှိလာပြီဖြစ်ရာ စိုးရိမ်ပူပန်စရာ လိုတော့မည် မဟုတ်ပါချေ။

ဖန်ကျူးထိက ဝေဒနာကို စစ်ဆေးပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

ထိန်ချွမ်းက မနေနိုင်တော့ဘဲ မေးလိုက်လေသည်။

"သူက စိုးရိမ်ရသလားဗျာ"

ဖန်ကျူးထိက...

"သူဟာ ဘုန်းနဲ့ကံနဲ့ လူတစ်ယောက်ပဲ၊ ဘယ်တော့မှ မသေနိုင်ဘူးကွ"

ထိန်ချွမ်းက နှာခေါင်းရှုံ့ကာ မျက်နှာကို တဘက်လှည့်လိုက်လေသည်။

ကျန်းလုံထင်းက သူတို့နှစ်ယောက်ကို ကြည့်ကာ ပြုံးလိုက်လေသည်။

ဖန်သမားတော်၏ဒဏ်ရာ ပြင်းထန်လှသော်လည်း ဖန်ကျူးထိ ရောက်လာပြီ ဖြစ်ရာ စိုးရိမ်စရာအကြောင်း ရှိတော့မည် မဟုတ်ချေ။

ဖန်ကျူးထိက ဖန်သမားတော်၏ဝေဒနာ သက်သာပျောက်



ကင်းသွားအောင် ကုသပေးလိုက်လေတော့သည်။

♣ ♣ ♣

ဒုစရိုက်ဂိုဏ်းသားများနှင့် သမားတော်ကျေးရွာတို့၏ အဆင်မပြေမှုသည် တစ်နေ့တခြား ကြီးထွားလာခဲ့လေသည်။

ဒုစရိုက်ဂိုဏ်းသည် အခွင့်အရေးရသည်နှင့် သမားတော်ကျေးရွာကို ချေမှုန်းပစ်မည် ဖြစ်လေသည်။

ထို့အတူ...

သမားတော်ကျေးရွာကလည်း ဒုစရိုက်ဂိုဏ်းအား ချေမှုန်းနိုင်ရန် အစွမ်းကုန် ကြိုးစားခဲ့လေတော့သည်။

♣ ♣ ♣

## ထူးထူးဆန်းဆန်း

နေရောင်ခြည်သည် မြေပြင်ပေါ်မှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ညဏ်အမှောင်သည် အဆောက်အဦးထဲမှ မည်းနက်နေသော အခေါင်းတစ်လုံးပမာ ရှိနေသည်။

ထိုမည်းနက်သော အခေါင်းသည် မကြာသေးမီက အဆောက်အဦးထဲသို့ တစ်စုံတစ်ယောက်က လာထားသွားခြင်း ဖြစ်လေသည်။

ယခုအချိန်အထိ...

အခေါင်းသည် သစ်သစ်လွင်လွင် ရှိနေသည်။

ထူးခြားသည်ကား အခေါင်းထဲပါလာသော လူသေအလောင်းသည် ယင်းအဆောက်အဦးထဲသို့ ရောက်ရှိလာပြီး နောက်တစ်နေ့တွင် အခေါင်းထဲမှ ပျောက်ချင်းမလှ ပျောက်ကွယ်သွားခြင်း ဖြစ်လေသည်။



အခေါင်းထဲမှ အလောင်းက သူ့ဘာသာ ထွက်သွားနိုင်မည်တော့ မဟုတ်ပါ။

အလောင်းမှာ ပုပ်ပွလုလု ဖြစ်နေပြီ မဟုတ်ပါလား။

ထိုအလောင်းကို တစ်စုံတစ်ယောက်က အခြားအခေါင်းတစ်ခုထဲ ပြောင်းရွှေ့လိုက်ခြင်းကြောင့် ဖြစ်လေသည်။

မည်းနက်သော အခေါင်းအတွင်း၌ လူသေအလောင်း မရှိတော့ပါ။

တနည်းဆိုလျှင်...

သူနှင့်ကပ်လျက် ရှိသော အခေါင်းထဲ၌ လူသေအလောင်း နှစ်လောင်း ဖြစ်သွားခြင်းပင်။

အလောင်းကို မည်သူက ရွှေ့လိုက်ပါသနည်း။

ထိုအဆောက်အဦးအား စောင့်ကြပ်နေသော အစောင့်၏ လက်ချက် ဖြစ်လေသည်။

အစောင့်သည် အဘယ်ကြောင့် အလောင်းကို ပြောင်းရွှေ့လိုက်ရပါသနည်း။

အစောင့်သည် ထိုမည်းနက်သော အခေါင်းထဲ၌ ဝင်ရောက်အိပ်စက်ခြင်းဖြင့် သူအနားယူရန် ပြုလုပ်ထားလိုက်ခြင်း ဖြစ်လေသည်။

♣ ♣ ♣

ထိုအဆောက်အဦးထဲ၌ တစ္ဆေသရဲ ရှိသည် မရှိသည် အပ ထား...

အစောင့်၏လှုပ်ရှားမှုကို တွေ့မြင်လိုက်ရသည်နှင့် တစ္ဆေသရဲတစ်ကောင်ဟု ထင်မှတ်မှားသွားကြလိမ့်မည် ဖြစ်လေသည်။

သူသည် နေ့ဘက်၌ အိပ်ပျော်နေတတ်သည်။

သူအိပ်သော နေရာကား အလောင်းထုတ်ထားသော အခေါင်းထဲ၌ ဖြစ်လေသည်။

ညအချိန်ရောက်လျှင်...

သူသည် အခေါင်းထဲမှထွက်ကာ အဆောက်အဦးပတ်ဝန်းကျင်၌ သွားလာလှုပ်ရှားနေတတ်လေသည်။

အလောင်းများထားသော နေရာမှ အစောင့်များသည် များသောအားဖြင့် အရက်သောက်တတ်ကြပေသည်။

အကြောင်းမှာ...

သူတို့သည် အလောင်းများကို အဖော်ပြုနေရခြင်းကြောင့် ရဲဆေးတင်သည့် အနေဖြင့် အရက်သောက်တတ်ကြခြင်း ဖြစ်လေသည်။

ထို့အပြင် အရက်သောက်ခြင်းသည် အချိန်ကို မြန်မြန်ကုန်လွန်စေတတ်သည် မဟုတ်ပါလား။

♣ ♣ ♣



အရက်သမားများသည် အချိန်ကို အရက်မူးရင်း ကုန်လွန်စေတတ်လေသည်။

ထို့ကြောင့်...

စိတ်ညစ်နေကြသူများ၊ စိတ်ရှုပ်နေကြသူများသည် အရက်သောက်တတ်ကြလေသည်။

အလောင်းများကို အဖော်ပြုနေရသော အစောင့်မှာ ပို၍ အရက်ကြိုက်တတ်ကြလေသည်။

သို့သော်...

ထိုအဆောက်အဦးကို စောင့်သော အဘိုးအိုက အရက်မသောက်ပါ။

သူက ရေနွေးကြမ်းကိုသာ သောက်တတ်သူ ဖြစ်လေသည်။

ထိုအစောင့်အဘိုးအို၏အမည်မှာ ခွန်းဟို ဖြစ်သည်။

အဘိုးအိုသည် ချောင်းရောဂါလည်း မကြိုမချက်ဘဲ သောက်တတ်သေး၏။

အဘိုးအိုအား ဘယ်အချိန်ကြည့်ကြည့် အလုပ်ကြမ်းနှင့် အသက်မွေးဝမ်းကျောင်း ပြုသူတစ်ယောက် အသွင်မျိုး တွေ့ရမည် ဖြစ်လေသည်။

အဘိုးအိုခွန်းဟိုသည် အမှန်ပင် အလုပ်ကြမ်း လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်း ပြုတတ်သူတစ်ယောက်ပေလော။

လုံးဝ မဟုတ်ပါချေ။

သူ၏လက်နှစ်ဘက်သည် အရိုးပေါ် အရေတင် ပိန်ချုံးနေပြီ ဖြစ်သည်။

သို့သော်...

ထိုလက်နှစ်ဘက်က လူတစ်ယောက်၏လည်ပင်းကို အလွယ်တကူ ချိုး၍ သတ်ပစ်နိုင်လေသည်။

အခြားအစောင့်တစ်ယောက်ကိုလည်း သူကပင် သတ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

သေဆုံးသွားသော အစောင့်မှာ သိုင်းပညာ လုံးဝ မတတ်သော အဘိုးအိုတစ်ဦး ဖြစ်လေသည်။

ခွန်းဟိုသည်ကား လျို့ဝှက်သော သိုင်းသမားတစ်ယောက် ဖြစ်နေပါတော့သည်။

♣ ♣ ♣



ခွန်းဟိုဆိုသည်မှာ အဘိုးအို၏အမည်ရင်း မဟုတ်ပါချေ။

ခွန်းမျိုးနွယ် မဟုတ်သည့်အပြင် ခြသေ့်ကျေးရွာ၏ အမျိုးအနွယ်တစ်ယောက် ဖြစ်လေသည်။

သူသည် စုချွမ်းနယ်ရှိ ခြသေ့်ခြံဝင်း၌ တာဝန်ရှိသူတစ်ယောက် ဖြစ်လေသည်။

သူ၏အမည်ရင်းမှာ ထိန်ဖန်း ဖြစ်လေသည်။

ခြသေ့်ခြံဝင်းမှ လူများသည် သူ့အား အဆိပ်တစ္ဆေဟု ခေါ်ကြလေသည်။

ထိန်ဖန်းသည် အဆိပ်ပညာ အလွန်ကျွမ်းကျင်သည့်အပြင် အလွန်ရက်စက်ကြမ်းကြုတ်သူတစ်ယောက်လည်း ဖြစ်လေသည်။

တစ်နေ့တွင် ထိန်ဖန်းက ကျေးရွာမှ ရုတ်တရက် ပျောက်ကွယ်သွားခဲ့လေသည်။

အဘယ်ကြောင့် ပျောက်ဆုံးသွားရသည်ကို မည်သူမျှ မသိခဲ့ကြပါ။

သို့သော်...

တိတိကျကျ သိရှိနေသူတစ်ယောက်ကား ရှိနေ၏။

ထိန်ချမ်း ဖြစ်သည်။

ထိန်ချမ်းက ထိန်ဖန်းကို စည်းရုံးသိမ်းသွင်းလိုက်ခြင်း ဖြစ်သည်။

ထို့အပြင် ထိန်ချမ်းသည် ထိန်ဖန်းနှင့်အတူ အခြားဇနီးမောင်နှံနှစ်ယောက်ကိုလည်း သိမ်းသွင်းနိုင်ခဲ့သည်။

ထိုလင်မယားနှစ်ယောက်မှာ ဘုံကျောင်းအတွင်း၌ နေထိုင်
ကြသော အဘိုးအိုလင်မယားပင် ဖြစ်လေသည်။

♣ ♣ ♣

ထိန်ချမ်း...။

ထိန်ချမ်းသည် ဈေးမဆွကပင် အလွန်ကြီးကျယ်သော စီမံ
ကိန်းတစ်ခု ချမှတ်ခဲ့လေသည်။

ထို့ကြောင့်...

သူ၏ဒုစရိုက်အဖွဲ့သည် နှစ်အနည်းငယ်အတွင်းမှာပင် လျင်
မြန်စွာ တိုးတက်ကြီးထွားလာခဲ့လေသည်။

ချမ်းသာကြွယ်ဝလာသည်။

လူအင်အား တောင့်တင်းလာခဲ့သည်။

ထိန်ချမ်းက စည်းရုံးသိမ်းသွင်း၍ ရမည့်သူ အားလုံးကို စည်း
ရုံးသိမ်းသွင်းသည်။

သူ့အား ဆန့်ကျင်သူများကိုမူ နည်းလမ်းအမျိုးမျိုး အသုံး
ပြုကာ သုတ်သင်ရှင်းလင်းပစ်လေသည်။

သူ၏အယူအဆမှာ လောကပေါ်၌ လူနှစ်မျိုး နှစ်စားသာ
ရှိလေသည်။

မိတ်ဆွေ မဟုတ်လျှင် ရန်သူ ဖြစ်ရမည်။

သူသည် ရန်သူနှင့် ပတ်သက်ပြီး ထားရှိသည့် သဘောထား



ကား တစ်ခုတည်းသာ ဖြစ်သည်။

"မင်းသေလျှင်သေ မသေလျှင် ငါသေရမည်"

ဟူ၍ ဖြစ်လေသည်။

သူ၏အယူအဆမှာ မိမိအား ဆန့်ကျင်သူ ဟူသမျှကို သုတ်
သင်ရှင်းလင်းပစ်ရမည် ဟူ၍ ဖြစ်လေသည်။

သူ၏ဒုစရိုက်အဖွဲ့တစ်ခုထဲသာ မားမားမတ်မတ် ရှိမည် ဟူ
၍ ဖြစ်လေသည်။

သူက ခံယူထားသည့်အတိုင်း ပြတ်ပြတ်သားသား လုပ်ကိုင်
ဆောင်ရွက်ခဲ့ခြင်းကြောင့် ဒုစရိုက်အဖွဲ့ကြီး နှစ်အနည်းငယ်အတွင်း
အောင်မြင် တိုးတက်လာခဲ့ခြင်း ဖြစ်ပေတော့သည်။

♣ ♣ ♣

ဘုံကျောင်းအနောက်ဘက်၌ အိမ်ကလေးတစ်လုံး ရှိနေပါ
သည်။

ထိုအိမ်ကလေး၌ အရက်နှင့် ပင့်ကူကို စားသောက်နေကြ
သော အဘိုးအိုတို့လင်မယား ရှိလေသည်။

ထိုအဘိုးအိုမှာ ထိန်ချမ်းနှင့် ဝမ်းကွဲအစ်ကို တော်စပ်သူ
ဖြစ်သည်။ သူ့အမည်မှာ ထိန်ဆန်း ဖြစ်သည်။

ထိန်ဆန်းက ထိန်ချမ်းထက် အသက်တစ်နှစ် ငယ်သော်
လည်း ထိန်ဆန်း၏ဇနီး လင်းဝေက ထိန်ချမ်းထက် အသက်ပိုကြီး

လေသည်။ လင်းဝေသည် ယခင်က လမ်းစားပြတစ်ယောက် ဖြစ်ခဲ့လေသည်။

သူမ ကျူးလွန်ခဲ့သော အမှုများက မရေမတွက်နိုင်အောင် များပြားလှသည်။

ထို့ကြောင့် ထိန်ဆန်းနှင့် လက်ထပ်ဖို့ ကျေးရွာပိုင်ရှင်က လက်မခံခဲ့ပါချေ။

သို့သော်...

ကျေးရွာပိုင်ရှင် ကွယ်လွန်သွားသဖြင့် ထိန်ဆန်းနှင့် လင်းဝေတို့ လက်ထပ်နိုင်ခဲ့ကြလေသည်။

လင်းဝေက ထိန်ဆန်းတို့ကျေးရွာ၌ မနေလိုသဖြင့် ထိန်ဆန်းကိုခေါ်ကာ ထွက်သွားခဲ့လေသည်။

ထို့နောက် သိုင်းလောက၌ အဖွဲ့အစည်းတစ်ခု ထူထောင်ကာ ထင်ရှာစိုးခဲ့လေသည်။

လင်းဝေက အဖွဲ့အစည်းတစ်ခု ထူထောင်ပြီး ငါးနှစ် အကြာတွင် သိုင်းလောကမှ အဖြူရောင်အဖွဲ့အစည်း ရှစ်ဖွဲ့နှင့် ရင်ဆိုင်ခဲ့ရလေသည်။

ဤတွင်...

လင်းဝေ၏အဖွဲ့သည် ခံနိုင်စွမ်း မရှိတော့ဘဲ ပျက်စီးခဲ့ရလေတော့သည်။

လင်းဝေတို့ ဇနီးမောင်နှံလည်း ဒဏ်ရာပြင်းစွာ ရကာ အသက်လု ထွက်ပြေးခဲ့ကြရလေသည်။



ထိုအခါ...

ထိန်ချမ်းက လင်းဝေတို့ဇနီးမောင်နှံကို စည်းရုံးသိမ်းသွင်းလိုက်လေတော့သည်။

လင်းဝေတို့ ခေတ်မြုပ်နေခဲ့သော ရှေးဟောင်းဘုံကျောင်းသည်လည်း ဒုစရိုက်ဂိုဏ်း၏ လျှို့ဝှက်စခန်းတစ်ခု ဖြစ်လာခဲ့လေတော့သည်။

♣ ♣ ♣

ဘုံကျောင်းလေးမှာ လူနေ အိမ်ခြေနှင့် အလှမ်းဝေးသော နေရာ၌ တည်ရှိခြင်း ဖြစ်လေသည်။

အလောင်းများထားသော အဆောက်အဦး၌ လူသေအလောင်းများမှအပ အိုမင်းရင့်ရော်နေသော အစောင့်အဘိုးအိုတစ်ယောက်သာ ရှိသည်။

ဘုံကျောင်းလေး၌ အဘိုးအိုလင်မယားနှစ်ယောက် ရှိလေသည်။

သို့သော်...

ဘုံကျောင်းနှင့် အလောင်းထားသော အဆောက်အဦးကြား၌ အလွန်လျှို့ဝှက်သော လိုဏ်ဂူတစ်ခု ရှိလေသည်။

ထိုလိုဏ်ဂူထဲ၌ ဒုစရိုက်ဂိုဏ်းမှ သိုင်းသမားများ ရှိနေကြပါတော့သည်။

လင်းဝေတို့ဇနီးမောင်နှံသည် ဒုစရိုက်ဂိုဏ်းထဲသို့ ဝင်ရောက်လိုက်ကြပြီ ဖြစ်သည်။

လင်းဝေသည် ယခင်က သူမ ထူထောင်ခဲ့သော အဖွဲ့အစည်းကို မမေ့နိုင်ခဲ့ပါချေ။

သူမသည် ထိန်ချမ်းကဲ့သို့ တင်းတိမ်ရောင့်ရဲနိုင်သူတစ်ယောက် မဟုတ်ပါ။

သူမတို့ဇနီးမောင်နှံသည် ဆယ်နှစ်အတွင်း ဘီလူးပင့်ကူ၊ နက်သမီးပင့်ကူများကို နေရာအနှံ့ သွားရောက်ရှာဖွေပြီး ပင့်ကူအရက်ကို ဖော်စပ်ခဲ့သည်။

သိုင်းပညာတစ်ခုကို လျှို့ဝှက်စွာ လေ့ကျင့်နိုင်ရန် ဖြစ်သည်။

သူတို့ ဖော်စပ်ထားသော ပင့်ကူအရက်ကိုလည်း လျှို့ဝှက်ထားခဲ့လေသည်။

အချိန်တန်သည်နှင့် သူတို့လင်မယားနှစ်ယောက်သည် ထိန်ချမ်းထက် ပို၍ ကြောက်စရာကောင်းသူများ ဖြစ်လာရမည်ဟု ခံယူထားသည် မဟုတ်ပါလား။

ယခု...

ပင့်ကူအရက်မှာ တစ်စက်မကျန်အောင် ကုန်ခမ်းသွားပြီ ဖြစ်လေသည်။

အရက်နှင့် ပင့်ကူ အကောင်တစ်ထောင်မှာ ထိန်ဆန်းတို့၏ ဝမ်းဗိုက်ထဲ ရောက်ရှိသွားပြီ ဖြစ်သည်။

သူတို့ ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ကြလေသည်။



ထိန်ဆန်းက...

"တစ်လပဲ လိုတော့တယ်"

ဟု ပြောလိုက်သည်။

လင်းဝေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ နောက်တစ်လ ကြာတာနဲ့ ကျွန်မတို့ ဆယ်နှစ်ဆယ်မိုး ကြိုးစားထားတဲ့ ပညာတွေကို အသုံးပြုလို့ ရတော့မယ်"

သူတို့ လေ့ကျင့်ထားသော ပညာရပ်များကို အောင်မြင်စွာ အသုံးချနိုင်ပြီဆိုသည်နှင့် သိုင်းလောကတွင် သူတို့ထက် ကြောက်စရာကောင်းသူ ရှိနိုင်တော့မည် မဟုတ်ပါချေ။

လင်းဝေက...

"ကျွန်မက အဖွဲ့အစည်းတစ်ခုကို ပြန်ပြီး ထူထောင်မယ်ဆိုရင်ကော"

ထိန်ဆန်း ခေါင်းညိတ်လိုက်သည်။

"မင်းသဘောပဲ"

လင်းဝေက...

"သည်တစ်ခါတော့ ကျွန်မတို့ ဘယ်သူ့ကိုမှ ကြောက်စရာမလိုတော့ဘူး"

"ဒါပေါ့"

နှစ်ယောက်သား သိုင်းလောကဦး ထင်တိုင်းကျဲနိုင်ကြတော့မည်ဖြစ်ရာ ဝမ်းသာပျော်ရွှင်နေကြလေတော့သည်။

ထိုစဉ်...

"ဝုန်း"

အပြင်ဘက်မှ ကျယ်လောင်သော အသံတစ်သံ ထွက်ပေါ် လာသည်ကို ကြားလိုက်ရလေသည်။

ထိန်ဆန်း မျက်နှာပျက်သွားလေသည်။

ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

တဖန် အိမ်ရှေ့ဘက်သို့ လှစ်ခနဲ ပြေးသွားပြီး အော်မေး လိုက်လေသည်။

"ဘယ်သူလဲ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ခင်ဗျားတို့ရဲ့ အိမ်နီးချင်းပါ"

ရယ်ရယ်မောမော ပြောလိုက်သော စကားသံ ထွက်ပေါ် လာလေသည်။ ထိန်ဆန်းက...

"ထိန်ဖန်းလား"

"ဟုတ်ပါတယ်ဗျာ"

လူတစ်ယောက်က နံရံနောက်မှ ဖြည်းညှင်းစွာ လှမ်းထွက် လာလေသည်။

ထိန်ဖန်း(ဝါ)ခွန်းဟို ဖြစ်လေသည်။

ခွန်းဟို၏လက်ထဲ၌ အလုံးကြီးသော ကြိုးနှစ်ချောင်း ပါလာ လေသည်။

သူ၏မျက်နှာသည် သွေးရောင်မရှိဘဲ ဖြူဖွေး၍ နေလေ သည်။



သို့သော်...

သူ၏နှုတ်ခမ်းအစုံကား သွေးကဲ့သို့ နီရဲနေပါတော့သည်။

ခွန်းဟိုက ကြိုးလုံးကြီးနှစ်ခုကို သည်အတိုင်း ကိုင်လာခြင်း မဟုတ်ပါ။

ကြိုးနှစ်ချောင်းဖြင့် အခေါင်းနှစ်လုံးကို ဆွဲလာခြင်း ဖြစ်လေ သည်။

ထိုအခေါင်းများသည် ဟောင်းနွမ်းကာ မှိုများပင် တက်နေ ပြီ ဖြစ်သည်။

မည်သို့ဆိုစေ...

အခေါင်းအဖုံးများပေါ်၌ နာမည်များ ရေးထားသည်ကို အတိုင်းသား တွေ့မြင်နေရလေတော့သည်။

♣ ♣ ♣

## သစ္စာဖောက်ခြင်း

အခေါင်းပေါ်၌ ရေးထားသော စာလုံးနှစ်လုံးကို ကောင်းစွာ တွေ့မြင်နိုင်လေသည်။

ထိန်ဆန်းနှင့် လင်းဝေတို့ ကောင်းစွာ တွေ့မြင်လိုက်ကြရလေသည်။

နာမည်နှစ်လုံးကို ရေးထားခြင်း ဖြစ်သည်။

"ထိန်ဆန်း"

"လင်းဝေ"

ဟူ၍ ဖြစ်လေသည်။

ခွန်းဟိုက ထိန်ဆန်းတို့ကို ကြည့်ပြီး တဟဲဟဲ ရယ်မောလိုက်လေသည်။

သူ၏ရယ်သံသည် ရေခဲတောင်မှ ထွက်ပေါ်လာသည့် အလား အေးတိအေးစက် ဖြစ်နေ၏။

ထိန်ဆန်းနှင့် လင်းဝေတို့ အချင်းချင်း ကြည့်လိုက်ကြလေ



သည်။ ခွန်းဟိုက...

"ခင်ဗျားတို့ ကိုယ့်ဘာသာ အခေါင်းထဲ ဝင်သွားမလား၊ ဒါမှမဟုတ် ကျုပ်ကပဲ အကူအညီပေးရမလား"

ဟု မေးလေသည်။

ထိန်ဆန်း မျက်နှာပျက်သွားလေသည်။

ခွန်းဟိုကို စိုက်ကြည့်လိုက်သည်။

"မင်းက အချင်းချင်း သစ္စာဖောက်မလို့လား"

ဟု မေးလိုက်လေသည်။

ခွန်းဟိုက...

"သစ္စာဖောက်နေတာ ခင်ဗျားတို့ပါ၊ ကျုပ်က မသိဘူးများ မှတ်နေသလား"

ထိန်ဆန်း မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘာတွေ ပြောနေတာလဲ"

"သစ္စာဖောက်အကြောင်း ပြောတာလေ"

"သစ္စာဖောက်"

"ဟုတ်တယ်"

"ခင်ဗျား သည်လို မတရားစွပ်စွဲရင်တော့ ခေါင်းဆောင် ကြီး ပြန်လာရင် မလွယ်ဘူးမှတ်ပါ"

"ဟား...ဟား...ဟား"

ခွန်းဟိုက ရယ်မောလိုက်လေသည်။ သူ၏ရယ်သံက ရယ်သံနှင့်မတူဘဲ ငှက်ဆိုးဆိုးသံနှင့်ပင် တူနေပါတော့သည်။

ထိန်ဆန်းနှင့် လင်းဝေတို့ နောက်ဆုတ်လိုက်ကြလေသည်။

ခွန်းဟိုက...

"ခင်ဗျားက ခေါင်းဆောင်ကြီးကို လုပ်ကြံချင်တာကြောင့် သိုင်းပညာကို လျှို့ဝှက်လေ့ကျင့်နေတာ မဟုတ်လား ပြောစမ်းပါဦး"

ထိန်ဆန်း မျက်နှာပျက်သွားပြန်လေသည်။

ခွန်းဟိုက...

"ခင်ဗျားက ပင့်ကူတွေကို လိုက်ရှာပြီး စုဆောင်းနေတာ မဟုတ်လား။ သည်ကိစ္စကို ဘယ်သူမှ မသိဘူး ထင်ရင် မှားသွားမှာပေါ့"

ထိန်ဆန်း သက်ပြင်းချလိုက်လေသည်။

ခွန်းဟိုကို တစ်ချက်ကြည့်လိုက်သည်။

"ခင်ဗျားက ကျူပ်တို့လင်မယားရဲ့ လှုပ်ရှားမှုတွေကို သိနေတာကိုး"

ခွန်းဟိုက...

"ဟုတ်တယ်၊ ခင်ဗျား ပွင့်ပွင့်လင်းလင်း ဝန်ခံရင် ကောင်းလိမ့်မယ်"

ထိန်ဆန်းက...

"သည်ကိစ္စကို ခေါင်းဆောင်ကြီးမှ မသိသေးတာဗျာ"

"ဪ"

"ဒါကြောင့် ခင်ဗျားက ဖုံးကွယ်ပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်"



ခွန်းဟိုက အဖြေမပေးပါ။

သို့သော်...

အမှောင်ရိပ်ထဲမှ ရယ်သံတစ်ချက် ထွက်ပေါ်လာလေသည်။

ရယ်သံနှင့်အတူ...

"နောက်ကျသွားပြီ"

ဟူသော စကားသံ ထွက်ပေါ်လာလေတော့သည်။

♣ ♣ ♣

"နောက်ကျသွားပြီ"

အေးစိမ့်သော စကားသံ ဖြစ်သည်။

ထိုစကားသံ ကြားရသည်နှင့် ထိန်ဆန်းတို့ ထိတ်လန့်သွားကြလေသည်။

ထိုအသံသည် ဒုစရိုက်အဖွဲ့ခေါင်းဆောင် ထိန်ချမ်း၏အသံဖြစ်ကြောင်း သူတို့ မှတ်မိလိုက်ကြသည် မဟုတ်ပါလား။

ထိန်ချမ်းကား ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

ထို့အပြင်...

ထိန်ချမ်းသည် သူတို့၏လျှို့ဝှက်ချက်များကို သိရှိနေပြီ ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ထိန်ချမ်းက အမှောင်ထဲမှ ထွက်လာပြီး...

"နောက်ကျသွားပြီ"

ဟု ထပ်ပြောလိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ဘုံကျောင်းတစ်ခုလုံး ထိန်ထိန်လင်းသွားလေသည်။

ထိန်ချမ်း၏ဒုစရိုက်အဖွဲ့သားများ ဟိုမှ သည်မှ ထွက်ပေါ်လာပြီး ထိန်ဆန်းတို့အား အထပ်ထပ် ဝိုင်းရံထားလိုက်လေတော့သည်။

ထိန်ဆန်း မျက်နှာပျက်သွားသည်။

သူ၏နဖူးပေါ်၌ ချွေးများ စို့ရွဲလာလေတော့သည်။

ချွေးများက အေးစိမ့်နေသည်။

သူတို့၏သိုင်းပညာ အောင်မြင်ဖို့ တစ်လအလိုတွင် သူတို့အကြောင်း ပေါ်ပေါက်သွားခြင်းက စိတ်ပျက်စရာကောင်းလှသည် မဟုတ်ပါလား။

ထိန်ချမ်း၏မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်ပနေသည်။

အလွန်ရက်စက်မည့်သူ တစ်ယောက်၏ မျက်လုံးများ ဖြစ်လေသည်။

ထိန်ချမ်းက...

"ကဲ မင်းတို့ ဘယ်လမ်းကို ရွေးမလဲ"

ဟု မေးလာလေသည်။

ထိန်ဆန်းက...



"ကျုပ်တို့က.."

ထိန်ချမ်းက...

"မင်းတို့ ကိုယ့်ကိုကိုယ် အဆုံးစီရင်မလား၊ ကျုပ်က သတ်ရမလား၊ မင်းတို့ ကိုယ့်ကိုကိုယ် အဆုံးစီရင်မယ်ဆိုရင် ဝေဒနာကင်းလိမ့်မယ်၊ သည်တော့ စဉ်းစားပေါ့"

ထိန်ဆန်း သက်ပြင်းချလိုက်ပြန်သည်။

ယခုတစ်ကြိမ်...

သူ၏သက်ပြင်းချသံမှာ ဆုံးဖြတ်ချက်ချလိုက်သည့် သက်ပြင်းချသံမျိုး ဖြစ်လေသည်။

ထိန်ဆန်းက...

"အင်း ကျုပ်က သေရမယ်ဆိုရင်လဲ သေဖော်သေဖက် ခေါ်သွားရမှာပေါ့လေ"

ဟု ပြောလိုက်လေသည်။

ထိန်ချမ်း မျက်မှောင်ကုပ်သွား၏။

ထိန်ဆန်းက သူ့အား ခုခံလိမ့်မည် မဟုတ်ပါလား။

ထိန်ချမ်း၏မျက်နှာ ခက်ထန်မည်းမှောင်သွားလေတော့သည်။

သူ၏လက်တစ်ဘက်ကို ဝှေယမ်းပြလိုက်လေသည်။

သူဝှေယမ်းလိုက်သော လက်ဟန်မှာ...

"သတ်ပစ်"

ဟူသော အဓိပ္ပါယ် ဖြစ်လေသည်။

ထို့အပြင်…

"မညာမတာ သတ်စေ"

ဟု အမိန့်ပေးလိုက်သော သဘောလည်း ဖြစ်လေသည်။

ထိန်ချမ်းက ယနေ့ ညနေကပင် တောအုပ်ထဲ၌ တိုက်ပွဲဆင်နွှဲခဲ့ပြီး ဖြစ်သည်။

ယခု…

သူက ဘုံကျောင်းလေးသို့ ရောက်လာသောအခါ လူသတ်ရန် ထပ်မံစိုင်းပြင်းနေပြီ ဖြစ်သည်။

ဤတစ်ကြိမ် သူသတ်ရမည့်သူမှာ ထိန်ဆန်းတို့ဇနီးမောင်နှံ ဖြစ်နေပါတော့သည်။

♣ ♣ ♣

ထိန်ချမ်းက အမိန့်ပေးလိုက်သောအခါ ဂိုဏ်းသားများသည် ထိန်ဆန်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

"ရပ်လိုက်"

ထိန်ဆန်းက ဟန့်တားလိုက်၏။

ထိန်ချမ်းက…

"မင်း ဘာပြောချင်လို့လဲ"

ထိန်ဆန်းက…

"ကျုပ်က အခွင့်အရေးတစ်ခု တောင်းချင်လို့ပါဗျာ"



ထိန်ချမ်းက…

"ပြောပါဦး"

ထိန်ဆန်းက…

"ကျုပ်က ခေါင်းဆောင်ကြီးနဲ့ တစ်ယောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ချင်ပါတယ်"

"ဩော်"

ထိန်ဆန်းက စိန်ခေါ်လိုက်သည် ဖြစ်ရာ ထိန်ချမ်း ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"မင်းက ကျုပ်ကို ယှဉ်နိုင်မယ် ထင်နေတာကိုး၊ ကောင်းပြီလေ၊ မင်းရဲ့ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးရသေးတာပေါ့"

ထိန်ချမ်းသည် ထိန်ဆန်းနှင့် ကိုယ်တိုင် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ်…

"ခေါင်းဆောင်ကြီးခင်ဗျာ"

ခွန်းဟိုက ရှေ့တိုးလာလေသည်။

ထိန်ချမ်းက…

"မင်း ဘာပြောချင်လို့လဲ"

ခွန်းဟိုက…

"သူ့ကို ခေါင်းဆောင်ကြီးကိုယ်တိုင် ဆုံးမစရာ မလိုပါဘူး၊ ကျုပ်ဆုံးမပေးပါရစေ"

ထိန်ချမ်း ပြုံးလိုက်သည်။

"မင်းဆုံးမပေးမယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ကောင်းပြီလေ၊ မင်းရဲ့ အစွမ်းအစလဲ ကြည့်ရသေးတာပေါ့"

ထိန်ချမ်းက ခွင့်ပြုလိုက်သဖြင့် ခွန်းဟိုက ထိန်ဆန်းနှင့် ရင်ဆိုင်လိုက်လေသည်။

"ထိန်ဆန်း၊ ခင်ဗျားကိုယ်ခင်ဗျား အဆုံးစီရင်မလား၊ ကျုပ်က စီရင်ပေးရမလား"

ဟု မေးလိုက်သည်။

ထိန်ဆန်း ရယ်ရယ်မောမော ပြောလေသည်။

"ကျုပ်ကို စီရင်ပေးပါလား"

"ကောင်းပြီ"

ခွန်းဟိုက လက်ဝါးနှစ်ဘက်ကို အသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေသည်။

ထိန်ဆန်းကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ဘုံကျောင်းလေးထဲ၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

♣ ♣ ♣



ထိန်ဆန်းက ခွန်းဟိုနှင့် ရင်ဆိုင်လိုက်လေသည်။

သူတို့ လေ့ကျင့်နေသော သိုင်းပညာသည် နောက်တစ်လကြာမှ အောင်မြင်လိမ့်မည် ဖြစ်သည်။

သို့သော်…

အရေးအကြောင်း ကြုံလာသောအခါ ဘာမှ မတတ်သာဘဲ သူ၏ပညာကို ထုတ်ဖော်အသုံးပြုလိုက်ရလေသည်။

ခွန်းဟိုကလည်း ခေသူတစ်ယောက် မဟုတ်ပါချေ။

ထိန်ဆန်းအား ကောင်းစွာ ရင်ဆိုင်နိုင်စွမ်းရှိသူ ဖြစ်လေသည်။

လင်းဝေသည် ထိန်ဆန်းအား စိတ်မချနိုင်ပါချေ။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ…

"ယား"

ညာသံပေးကာ ခုန်ဝင်သွားလေသည်။

ဤတွင်…

အသင့်စောင့်နေကြသော ဒုစရိုက်ဂိုဏ်းသားများက လင်းဝေအား ဟန့်တားတိုက်ခိုက်လိုက်ကြတော့သည်။

တိုက်ပွဲမှာ ပို၍ မြိုင်ဆိုင်ကာ ပြင်းထန်သွားတော့သည်။

ထိန်ချမ်းက လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေပြီး ပါဝင်တိုက်ခိုက်ခြင်း မရှိချေ။

ထိန်ဆန်းနှင့် လင်းဝေတို့အား ဆုံးမရာတွင် ခွန်းဟိုတို့နှင့် စိတ်ချထားလေသည်။

ခွန်းဟိုတို့ကလည်း အမှန်ပင် စိတ်ချရသည် မဟုတ်ပါလား။

တိုက်ပွဲကား ပို၍ ပြင်းထန်ကာ ကြောက်စရာကောင်းလာသည်။

ထိန်ဆန်းကား ဒဏ်ရာ သုံးလေးချက် ရထားပြီ ဖြစ်လေသည်။

ထို့အတူ…

လင်းဝေသည်လည်း ဒုစရိုက်ဂိုဏ်းသားများ၏ ဝိုင်းရံတိုက်ခိုက်မှုကြောင့် အခက်ကြုံနေရပြီ ဖြစ်လေသည်။

ထိုအချိန်တွင်…

ထိန်ဆန်း၏နားထဲသို့ စကားသံတစ်ခု တိုးဝင်လာလေသည်။

တစ်စုံတစ်ယောက်က အဝေးရောက် အသံလွှင့်ပညာဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

စကားသံက နားထဲသို့ ခြင်တစ်ကောင် တိုးဝင်လာပုံမျိုး ဖြစ်လေသည်။

ထိန်ဆန်းသည် ထိုစကားသံ ကြားလိုက်ရသည်နှင့် အားတက်သွားလေသည်။

ထို့ကြောင့်…

အခြေအနေ မဟန်မှန်း သိသော်လည်း အံကြိတ်ကာ ခုခံရင်ဆိုင်နေခြင်း ဖြစ်လေသည်။

မည်သို့ဆိုစေ…



ထိန်ဆန်းနှင့် လင်းဝေတို့၏ အခြေအနေက တစ်စထက်တစ်စ ဆိုးဝါးလာလေ်တော့သည်။

အသံပို့ဆောင်နည်းဖြင့် စကားပြောသွားသူမှာ မည်သူဖြစ်ပါသနည်း။

ထိုလူကား ထိန်သခင်ကြီး ဖြစ်လေသည်။

♣ ♣ ♣

ထိန်သခင်ကြီး…။

ထိန်သခင်ကြီးက သရဲခြောက်သည့်ကိစ္စကို ဖြေရှင်းရန် လာခဲ့လေသည်။

သူက အလောင်းများထားသော အဆောက်အဦးအနီးသို့ ရောက်ရှိလာသောအခါ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေပြီး ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ရပါချေ။

ထိန်သခင်ကြီးက သစ်ပင်တစ်ပင်အောက်၌ ရပ်ကာ အခြေအနေ စောင့်ကြည့်လိုက်လေသည်။

ထိုစဉ်…

"ဘဘ"

နားထဲသို့ တီးတိုးခေါ်သံ တိုးဝင်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ပတ်ဝန်းကျင်၌ လူတစ်ယောက်မှမရှိဘဲ ခေါ်သံ ကြားလိုက်ရသည်မှာ ထူးဆန်းနေပါတော့သည်။

သရဲခြောက်ခြင်းပေလော။

"သည်နေရာမှာ တကယ်ပဲ သရဲခြောက်နေပြီလား"

ထိန်သခင်ကြီးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြန်လေသည်။

အမှန်ပင် လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။

ထိန်သခင်ကြီးက ထပ်မံအကဲခတ်လိုက်လေသည်။

"ဘဘ"

ခေါ်သံ ထွက်ပေါ်လာပြန်လေသည်။

ယခု...

ထိန်သခင်ကြီးက အသံထွက်ပေါ်လာသည့် နေရာကို ကောင်းစွာ သိလိုက်ပြီ ဖြစ်လေသည်။

စကားသံက အဆောက်အဦး ခေါင်မိုးပေါ်မှ ထွက်ပေါ်လာသည် မဟုတ်ပါလား။

ခေါင်မိုးပေါ်၌ တစ်စုံတစ်ယောက် ရှိနေပြီ ဖြစ်သည်။

ထိန်သခင်ကြီး ပြုံးလိုက်သည်။

"မင်းတို့ ဘာကြောင့် ဆင်းမလာကြသေးတာလဲ"

ဟု ပြောလိုက်လေသည်။

ထိုအခါ...

"ဟူး..ဟူး"



အဝတ်အစား လေတိုးသံများနှင့်အတူ လူရိပ်နှစ်ခု ခုန်ဆင်းလာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်မှာ ထိန်ယုနှင့် ထိန်ဂူးတို့ ဖြစ်လေသည်။

သူတို့သည် ထိန်အဘိုးအိုထက်စောပြီး ဒုစရိုက်တောင်ကြားမှ ထွက်လာခဲ့ကြလေသည်။

ယွင်ကြူးမှာ ဝေဒနာ သက်သာသွားပြီ ဖြစ်သော်လည်း အင်အားချည့်နည်းနေသေးသဖြင့် ဒုစရိုက်တောင်ကြား၌ ကျန်ရစ်ခဲ့လေသည်။

ထိန်ကြူးတို့သည် အပြန်ခရီးနှင်လာကြရင်း ထိန်အဘိုးအိုကဲ့သို့ သရဲခြောက်သည့် သတင်းကို ကြားခဲ့ကြရလေသည်။

ထို့ကြောင့်...

သရဲခြောက်သည်ဟု သတင်းကြီးနေသော အဆောက်အဦးဆီသို့ လာခဲ့ကြခြင်း ဖြစ်လေသည်။

သူတို့ကလည်း သရဲခြောက်သည်ဆိုသော ကိစ္စကို ယုံကြည်ခြင်း မရှိကြချေ။

နှစ်ယောက်သား တိတ်တဆိတ် ရောက်ရှိလာကြပြီး အဆောက်အဦး ခေါင်မိုးပေါ်သို့ တက်ကာ အခြေအနေ စောင့်ကြည့်နေကြခြင်း ဖြစ်သည်။

ထိုအချိန်တွင် ထိန်အဘိုးအို ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။

ထိန်အဘိုးအိုက သူတို့နှစ်ယောက်အား မျက်မှောင်ကုပ်ပြီး

ကြည့်လိုက်လေသည်။

"မင်းတို့ ဘာလုပ်ကြမလို့လဲ"

ဟု မေးလိုက်သည်။

ထိန်ဝူးက အသံတိုးတိုးဖြင့်...

"သရဲဖမ်းဖို့ လာတာ ဘဘကကော"

ထိန်အဘိုးအိုက...

"ငါလဲ သရဲဖမ်းဖို့ လာတာပဲ"

ထိန်ဝူးနှင့် ထိန်ယုတ်တို့ အချင်းချင်းကြည့်ကာ ပြုံးလိုက်ကြလေသည်။

ထိန်ဝူးက ပြန်မေးသည်။

"သရဲကော တွေ့ပြီးပြီလား"

ထိန်အဘိုးအို နှာခေါင်းရှုံ့လိုက်လေသည်။

"ဘုံကျောင်းထဲမှာ ရှိမှာပေါ့ကွာ"

ထိန်ယုက...

"ကဲ ဘယ်လိုလဲ"

ထိန်ဝူးက...

"သွားကြတာပေါ့"

"ကောင်းပြီ"

နှစ်ယောက်သား ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

ထိန်အဘိုးအိုက ဟန့်တားလိုက်လေသည်။



"နေဦး"

ထိန်ဝူးက...

"ဘာဖြစ်လို့လဲ ဘဘ"

ထိန်အဘိုးအိုက...

"အခု သူတို့အချင်းချင်း တိုက်ခိုက်နေကြတယ်"

ဘုံကျောင်းလေးမှ တိုက်ခိုက်သံများကို ကြားနေရသည် မဟုတ်ပါလား။

ထိန်အဘိုးအိုက...

"တော်ကြာ ခြေကုန်လက်ပန်း ကျသွားကြမှ တို့ဝင်သွားကြတာ မကောင်းဘူးလား"

ထိန်ဝူးက ရယ်မောလိုက်လေသည်။

"ဟုတ်သားပဲ"

ထိန်ယုက...

"ဘဘက အသက်ကြီးပေမယ့် ဉာဏ်ကောင်းတယ်ဟေ့"

ဟု ချီးကျူးလိုက်လေသည်။

ထိန်အဘိုးအိုက...

"မင်းတို့က ငါ့ကို မြှောက်ပေးလဲ ငါက မြှောက်မသွားပါဘူးကွာ"

ဟု ပြောလိုက်လေသည်။

♣ ♣ ♣

ထိန်ဆန်းနှင့် လင်းဝေတို့က အစွမ်းကုန် တိုက်ခိုက်နေကြ လေသည်။

သို့သော်...

ဒုစရိုက်အဖွဲ့သားများက ဝင်ရောက်တိုက်ခိုက်လိုက်သော အခါ အချိန်ကြာလာသည်နှင့်အမျှ ထိန်ဆန်းတို့ ခြေကုန်လက်ပမ်း ကျလာကြလေတော့သည်။

သူတို့၏အခြေအနေက ဆိုးဆိုးရွားရွား ဖြစ်လာကြလေ တော့သည်။

ရှေ့ဆက် တိုက်ခိုက်ပါက ကျိန်းသေ ဒုက္ခရောက်ရတော့ မည် ဖြစ်လေသည်။

ထိုအချိန်တွင်...

"ရပ်လိုက်စမ်း"

ထိန်ချမ်းက ဟန့်တားလိုက်လေသည်။

ဒုစရိုက်ဂိုဏ်းသားများ ကြောင်အမ်းအမ်း ဖြစ်သွားကြလေ သည်။

သို့သော်...

ထိန်ချမ်းကို မလွန်ဆန်နိုင်ခြင်းကြောင့် တိုက်ခိုက်မှုကို ရပ် တန့်ကာ နောက်ဆုတ်လိုက်ကြလေသည်။

အားလုံးက ထိန်ချမ်းကို နားမလည်နိုင်စွာ ကြည့်လိုက်ကြ လေသည်။

ထိန်ချမ်းက မည်သူ့ကိုမျှ အမှုမထားပါချေ။



ဘုံကျောင်း ဝင်ပေါက်ဆီသို့ ကြည့်လိုက်လေသည်။

"ခင်ဗျား ရောက်လာမှတော့ ဝင်ခဲ့ကြပါဗျာ"

ဟု ပြောလိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဟား..ဟား..ဟား"

ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ သည်။

ဘုံကျောင်းထဲသို့ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိန်အဘိုးအို ဖြစ်လေသည်။

လင်းဝေသည် ထိန်အဘိုးအို ရောက်လာသည်ကို မြင်လျှင် ဝမ်းသာသွားလေသည်။

ထိန်အဘိုးအိုက အချိန်မီ ရောက်လာပြီ မဟုတ်ပါလား။

အချိန်မီ ရောက်မလာပါလျှင် သူမတို့ သေဆုံးသွားကြလိမ့် မည် ဖြစ်လေသည်။

လင်းပေသာမက ထိန်ဆန်းသည်လည်း အခြေအနေ အလွန် ဆိုးရွားနေပြီ မဟုတ်ပါလား။

ထိန်အဘိုးအိုက အားလုံးကို ဝေ့ကြည့်လိုက်ပြီး...

"လူစုံတက်စုံပါလား"

ဟု ပြောလိုက်လေသည်။

ထိန်ချမ်းက...

"သည်နေရာကို ခင်ဗျားရောက်မလာသင့်ဘူး"

ထိန်အဘိုးအိုက...

"အခု ကျုပ်ရောက်လာပြီလေ"

"ခင်ဗျား ဒုက္ခရောက်ချင်လို့ပဲ"

"ဟုတ်ရဲ့လားဗျာ"

ထိန်ချမ်းက...

"စောင့်ကြည့်ပါဦးလေ"

သူ၏လူများကို လက်ဝှေယမ်းပြလိုက်လေသည်။

ဒုစရိုက်သမားများလည်း ချက်ချင်းလှုပ်ရှား တိုက်ခိုက်လိုက်ကြလေသည်။

"တိုက်ကြဟေ့"

"ယား"

ဒုစရိုက်သမားများ ပြေးဝင်လာသည်နှင့် ထိန်အဘိုးအိုကလည်း ဆီးကြို၍တိုက်ခိုက်လိုက်လေသည်။

ထိန်အဘိုးအိုမှာ ထိပ်သီးသိုင်းပညာရှင်တစ်ဦး ဖြစ်လေသည်။ သူ၏လက်နှစ်ဘက်ကို လှုပ်ရှားလိုက်သည်နှင့်...

"ဝုန်း"

"အား"

"သေပါပြီဗျ"

ဒုစရိုက်သမားများ ဖရိုဖရဲ နောက်ဆုတ်သွားကြလေတော့သည်။



ထိုအချိန်မှာပင်...

"ဟူး...ဟူး"

အဝတ်အစား လေတိုးသံများနှင့်အတူ လူရိပ်နှစ်ခု ပြေးဝင်လာကြလေသည်။

ထိန်ဂူးနှင့် ထိန်ယုတို့ ဖြစ်သည်။

ထိန်ဂူးက ထိန်ဆန်းအား တိုက်ခိုက်နေသည့် ခွန်းဟိုအား တိုက်ခိုက်လိုက်လေသည်။

ခွန်းဟိုလည်း နောက်ဆုတ်ပေးလိုက်ရလေတော့သည်။

ထိန်အဘိုးအို၊ ထိန်ဂူးနှင့် ထိန်ယုတို့ ရောက်ရှိလာကြခြင်းကြောင့် တိုက်ပွဲ အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေသည်။

ထိန်ဆန်းနှင့် လင်းဝေတို့ ကံကောင်းသွားကြလေသည်။

ထိန်ချမ်း မျက်နှာပျက်သွား၏။

ထိုအချိန်မှာပင် အပြင်ဘက်မှ အလင်းရောင်များ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအလင်းရောင်များသည် အချက်ပြမီးကျည်မှ ထွက်ပေါ်လာသော အလင်းရောင်များ ဖြစ်လေသည်။

ကောင်းကင်ပေါ်သို့ တိုးတက်လာသော အချက်ပြမီးကျည်မှ အလင်းရောင်များ ဖြစ်လေသည်။

ထိုအလင်းရောင်များကို တွေ့လိုက်ရသောအခါ ထိန်အဘိုးအို မျက်နှာပျက်သွားလေသည်။

အလင်းရောင်များကို တွေ့လိုက်ရသည်နှင့် ထိုအလင်းရောင်သည် မည်သည့်နေရာမှ ထွက်ပေါ်လာသော အလင်းရောင်ဖြစ်ကြောင်း ထိန်အဘိုးက ကောင်းစွာ သတိပြုမိလိုက်ခြင်းကြောင့် ဖြစ်လေသည်။

အချက်ပြမီးကျည်သည် ခြသေ့်ကျေးရွာဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း ချက်ချင်းသိလိုက်သည် မဟုတ်ပါလား။

မီးကျည်ပစ်လွှတ်လိုက်ခြင်းကြောင့် အလွန်အရေးကြီးသောကိစ္စများ ဖြစ်ပေါ်နေပြီ ဖြစ်ကြောင်း ထင်ရှားလေသည်။

ခြသေ့်ကျေးရွာ၌ မည်သို့သောကိစ္စများ ဖြစ်ပေါ်နေပါသနည်း။

ထိန်အဘိုးအိုသည် ခြသေ့်ကျေးရွာအတွက် စိုးရိမ်ပူပန်လာလေတော့သည်။

♣ ♣ ♣

ထိန်ချွမ်း...။

ထိန်ချွမ်းသည် ဟန်ကျူးမြို့သို့ ရောက်ရှိနေပြီ ဖြစ်သော်လည်း ခြသေ့်ကျေးရွာသို့ မသွားသေးပါချေ။

ခြသေ့်ကျေးရွာသည် ဟန်ကျူးမြို့၏ အရှေ့ဘက် တစ်မိုင်ခန့် အကွာတွင်ရှိလေသည်။

ထိန်ချွမ်းသည် တည်းခိုခန်း၏အရှေ့ဘက် ခြံဝင်းထဲတွင် လှဲ



လျောင်းနေသည်။

၎င်းခြံဝင်းသည် ကျယ်ဝန်းပြီး သစ်ပင်ပန်းမာလာများဖြင့် လှပစွာ မွမ်းမံထားလေသည်။

ထိုသစ်ပင်ပန်းပင်များကြား၌ ဧည့်သည်များ အပန်းဖြေရန်အတွက် ကွပ်ပျစ်များ ထားရှိလေသည်။

ထိန်ချွမ်းက ကွပ်ပျစ်တစ်လုံးပေါ်၌ လှဲလျောင်းနေခြင်း ဖြစ်သည်။ သူ၏မျက်နှာက ကောင်းကင်ပေါ်သို့ မျက်နှာမူထားသည်။

သူ၏မျက်လုံးများက မပွင့်တပွင့် မှိန်းနေပုံမျိုး ဖြစ်လေသည်။

ရုတ်တရက်ကြည့်လျှင် အိပ်နေသည်ဟု ထင်ရမည် ဖြစ်လေသည်။

သို့သော်...

ကြံကြံဖန်ဖန် တွေးတတ်သူများက ကိုယ့်ကိုကိုယ် ခြင်စာကျွေးနေသည်ဟု ပြောကြမည် ဖြစ်လေသည်။

တည်းခိုခန်း...။

ယင်းတည်းခိုခန်းသည် အလွန်သန့်ရှင်းသော်လည်း ခြံဝင်းထဲ၌ မြက်ပင်များ ပေါများလှပေသည်။

မြက်ပင်ရှိသော နေရာ၌ ခြင်များရှိမည်သာ ဖြစ်လေ သည်။

မည်သူမဆို...

မည်သူမဆို ခြင်ကိုက်ခံရမည်ကို လိုလားကြမည် မဟုတ်ချေ။ ထိန်ချွမ်းလည်း လူတစ်ယောက် ဖြစ်ပါသည်။

သူလည်း အခြားသူများကဲ့သို့ ခြင်ကိုက်မည်ကို နှစ်သက်မည် မဟုတ်ပါချေ။

သို့သော်...

သူ၏ကိုယ်ပေါ်၌ ခြင်များ ပျံဝဲနေကြလေသည်။

ထိုခြင်များက သူ၏သွေးများကို စုပ်ယူနေကြ၏။

ထိန်ချမ်းက ထိုခြင်များကို လက်ဝါးဖြင့် လုံးဝမရိုက်ပါချေ။

မောင်းထုတ်ခြင်းလည်း မပြုပါ။

သူသည် ခြင်ကိုက်နေသည်ကို လုံးဝဂရုမစိုက်နိုင်အောင် ဖြစ်နေခြင်းပင်။

အဘယ်ကြောင့်နည်း။

အမှန်ပြောရလျှင် ရယ်ချင်စရာကောင်းလှသည်။

အကြောင်းကား...

ဖန်ကျူးထိက ခြင်ပြီးဆေးတစ်မျိုး ဖော်စပ်လိုက်လေသည်။

ယင်းဆေးကို သောက်လိုက်သည်နှင့် သုံးရက်အတွင်း ခြင်ကိုက်သည်ကို လုံးဝမမှုတော့ချေ။

အလွန်အဆိပ်ပြင်းသော ခြင်များကပင် ထိခိုက်စေနိုင်စွမ်း မရှိတော့ပါ။

ဖန်ကျူးထိက ထိန်ချမ်းနှင့် စကားများလာသော်လည်း စိတ်ထဲ၌ အမှတ်ထားသည်တော့ မဟုတ်ပါ။

ထို့ကြောင့်...

ဖန်ကျူးထိက သူတီထွင်ထားသော ခြင်ပြီးဆေးအကြောင်းကို ပြောပြလိုက်လေသည်။



ထိုအခါ...

ထိန်ချမ်းက ချက်ချင်းစိတ်ဝင်စားလာပြီး ကိုယ်တိုင် စမ်းသပ်ရန် ဆုံးဖြတ်လိုက်လေသည်။

ယခု...

ထိန်ချမ်းသည် ခြင်ပြီးဆေးကို အသုံးပြုကာ ကိုယ်တိုင် လက်တွေ့စမ်းသပ်ကြည့်နေခြင်း ဖြစ်ပေတော့သည်။

♣ ♣ ♣

ဖန်ကျူးထိက ဆေးကုသသည့် ပညာတွင် အလွန်ထူးချွန်သူ ဖြစ်လေသည်။

သူသည် ဖန်သမားတော်အား အထူးဖော်စပ်ထားသော ဆေးဝါးများဖြင့် ဆေးကုပေးလိုက်လေသည်။

သို့ဖြင့်...

ဖန်သမားတော် စိတ်ချရသည့် အဆင့်သို့ ရောက်ရှိလာသည်ကို တွေ့ရသဖြင့် ဖန်ကျူးထိက စိတ်ချသွားလေတော့သည်။

သူသည် ခြင်ဆေးများ အစွမ်းထက်မထက် သိလိုသဖြင့် တည်းခိုခန်းသို့ ရောက်ရှိလာလေသည်။

ထိုအတူ...

ကျန်းလုံထင်းနှင့် လုံးဂူတို့လည်း လိုက်ပါလာခဲ့ကြလေ

သည်။ ထို့ကြောင့်...

ကျန်းလုံထင်းနှင့် လုံးဝူတို့သည် ဖန်ကျူးထိ၏ဆေးက အစွမ်းထက်လှသည်ကို တွေ့လိုက်ကြရလေတော့သည်။

ထိန်ချွမ်းကလည်း အကဲခတ်ကြည့်နေသည်။

ထိုစဉ်...

အလွန်ကြီးသော ခြင်တစ်ကောင်က သူ၏နှာခေါင်းကို ကိုက်လိုက်သည်ကို တွေ့လိုက်ရလေသည်။

ထူးခြားသည်ကား...

ခြင်အကြီးကြီးက ကိုက်လိုက်သော်လည်း လုံးဝယားယံခြင်း မခံစားရပါ။

ဤသို့ဆိုလျှင်...

ဖန်ကျူးထိ ဖော်စပ်သော ဆေးသည် အသားများကို ထုံထိုင်းစေသော ဆေးများ ဖြစ်နေသည်လော။

ထိန်ချွမ်းက သူ၏နှာခေါင်းကို တအားဖျစ်ညှစ်လိုက်လေသည်။

သူ၏နှာခေါင်းသည် ညှစ်အားကို လုံးဝမခံနိုင်ဘဲ နာကျင်သွားလေသည်။

ဤတွင်...

ဖန်ကျူးထိ ဖော်စပ်ထားသော ဆေးသည် ထုံထိုင်းစေသောဆေး မဟုတ်ကြောင်း ထင်ရှားသွားတော့သည်။

ထိုစဉ်...



"ဗွ"

ခြင်တစ်ကောင် ပျံသန်းရောက်ရှိလာလေသည်။

ထိန်ချွမ်းက လဲလျောင်းနေရာမှ ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

သူက ခြင်ကိုက်မည်ကို ကြောက်ရွံ့သွားခြင်းလော။

မဟုတ်ပါ။

ကောင်းကင်ပေါ်သို့ အလွန်လှပသော အချက်ပြမီးကျည်တစ်ခု ထိုးတက်လာသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

အချက်ပြမီးကျည်...။

ထိုမီးကျည်သည် ထိန်ချွမ်းနှင့် အလွန်ရင်းနှီးထားသော မီးကျည် ဖြစ်သည်။

မီးကျည် ထိုးတက်လာသော အရပ်သည်လည်း ခြင်သေ့ကျေးရွာမှ ဖြစ်ကြောင်း သူသိရှိထားလေသည်။

ထို့ကြောင့်...

ထိန်ချွမ်း ကပျာကယာ ခုန်ထလိုက်ခြင်း ဖြစ်ပေတော့သည်။

♣ ♣ ♣

မီးပန်း…။

ထိုမီးပန်းကို ထိန်ချမ်းတစ်ယောက်ထဲ တွေ့ရှိလိုက်သည် မဟုတ်ပါ။

ထိန်ချမ်းကို ကြည့်နေကြသော လုံးဝှတို့ကလည်း ထိန်ချမ်းကြောင့် ကောင်းကင်ပေါ် ထိုးတက်လာသော မီးပန်းကို တွေ့မြင်သွားလေသည်။

ကျန်းလုံထင်း မျက်မှောင်ကုပ်သွားလေသည်။

"မီးပန်းက ဘယ်နေရာက ထွက်ပေါ်လာတယ် ထင်သလဲ"

ဟု မေးလိုက်လေသည်။

လုံးဝှက…

"သူ့ကို မေးကြည့်ပေါ့"

ထိန်ချမ်းကို မေးငေါ့ပြလိုက်လေသည်။

ထိန်ချမ်း၏မျက်နှာ မှောင်မည်းနေသည်။

"ကျုပ်တို့ ခြသေ့ကျေးရွာကပေါ့"

ထိုစဉ် လူတစ်ယောက် ရောက်ရှိလာလေသည်။

ဖန်ကျူးထိ ဖြစ်လေသည်။

ကျန်းလုံထင်းတို့က ကောင်းကင်ပေါ်သို့ ငေးမော့ကြည့်နေသည်ကို တွေ့ရသဖြင့် သူလည်း မော့ကြည့်လိုက်၏။

ကောင်းကင်တစ်ခုလုံး မည်းနက်နေပြီ ဖြစ်သည်။

ဘာကိုမှ မတွေ့ရတော့ပါ။

ထို့ကြောင့်…



"မင်းတို့ ဘာကြည့်နေတာလဲ"

ဖန်ကျူးထိက မေးလိုက်လေသည်။

ထိန်ချမ်း ပြုံးလိုက်သည်။

"ခင်ဗျား သည်မှာ ခဏနေပါဦး"

ဖန်ကျူးထိ မျက်မှောင်ကုပ်သွားလေသည်။

ထိန်ချမ်းတို့အား အကဲခတ်လိုက်သည်။

"မင်းတို့ ဘယ်သွားကြမလို့လဲ"

ထိန်ချမ်းက…

"ခြသေ့ကျေးရွာကို ပြန်မလို့"

ထိုသို့ ပြောပြီးလျှင် လေ၏လျင်မြန်ခြင်းမျိုးဖြင့် ပြေးလွှားသွားလေတော့သည်။

ကျန်းလုံထင်းနှင့် လုံးဝှတို့လည်း ချက်ချင်း ပြေးလိုက်သွားကြလေတော့သည်။

♣ ♣ ♣

ထိန်အဘိုးအိုက ဒုစရိုက်ဂိုဏ်းသားများအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေသည်။

ထိန်ဂူးနှင့် ထိန်ယုတို့ကလည်း ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

ယခု ထိန်ဆန်းတို့နှင့် ပေါင်းလိုက်လျှင် သူတို့သည် ထိပ်

တန်းသိုင်းသမားငါးယောက် ဖြစ်လေသည်။

သူတို့၏လူအင်အားသည် တမုဟုတ်ချင်း တောင့်တင်းလာခြင်း ဖြစ်လေသည်။

ထို့ကြောင့် တိုက်ပွဲ အခြေအနေကလည်း တဖြည်းဖြည်းပြောင်းလဲလာလေတော့သည်။

တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာပြီး...

"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ထိန်ချမ်း၏လူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

မျက်နှာဖုံးတပ်ထားသော လှံကိုင်သိုင်းသမား ဆယ့်နှစ်ယောက်မှာ ကြောက်စရာကောင်းသည် မှန်သော်လည်း နောက်ဆုံးတစ်ယောက်ပြီးတစ်ယောက် ကျဆုံးသွားကြလေတော့သည်။

ထိန်ဖန်းသည် မမျှော်လင့်ဘဲ ထိန်ယုနှင့် ထိန်ဝူးတို့ ရောက်ရှိလာပြီး တိုက်ပွဲ အခြေအနေ ပြောင်းလဲသွားလျှင် ထိတ်လန့်သွားလေတော့သည်။

စိတ်ဓာတ်လည်း ကျဆင်းသွားသည်။



စိတ်ဓာတ်ကျဆင်းသွားသည်နှင့် သူ၏တိုက်ခိုက်မှုလည်း အလိုအလျောက် အားနည်းသွားတော့သည်။

ထိပ်တန်းသိုင်းသမားများ ယှဉ်ပြိုင်တိုက်ခိုက်နေချိန်တွင် စိတ်ဓာတ်သည် အလွန်အရေးကြီးသော ခွန်အား ဖြစ်လေသည်။

စိတ်ဓာတ် ခွန်အားက တိုက်ပွဲကို အများဆုံး အဆုံးအဖြတ်ပေးနိုင်သောအရာ မဟုတ်ပါလား။

ယခု...

ထိန်ဖန်းသည် ထိတ်လန့်ကြောက်ရွံ့စိတ်များ ပေါ်ပေါက်လာသည်နှင့် သူ၏တိုက်ခိုက်မှုမှာ တစထက်တစ နှေးကွေးလေးလံလာလေတော့သည်။

ထိုသို့ တိုက်ခိုက်မှု နှေးကွေးလေးလံလာသည်နှင့် ထိန်ယု၏ပါးလွှားသော ဓားက သူ၏နံကြားသို့ ထိုးစိုက်သွားလေတော့သည်။

♣ ♣ ♣

ထိန်ချမ်းသည် သူ၏လူများကို လုံးဝယုံကြည်စိတ်ချထားသည်။

သူ၏လူများက သူ၏အမိန့်အတိုင်း တသွေမတိမ်း ဆောင်ရွက်နိုင်ကြသူများ မဟုတ်ပါလား။

အစဉ်အမြဲလိုလို သူပေးအပ်သော တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်နိုင်ကြသူများ ဖြစ်လေသည်။

ယခု သူ၏အဖွဲ့သားများ တစ်ယောက်ပြီးတစ်ယောက် ကျဆုံး နေကြသည်ကို တွေ့မြင်နေရသည်။

သို့တိုင် ထိန်ချမ်းက အမူအရာလုံးဝမပျက်ဘဲ အေးအေးဆေးဆေး ကြည့်နေ၏။

"ဟူး"

ရုတ်တရက် လူရိပ်တစ်ခု သူ၏ရှေ့သို့ ရောက်ရှိလာလေသည်။ ထိန်အဘိုးအို ဖြစ်လေသည်။

ထိန်အဘိုးအိုက သူ၏ရှေ့သို့ ရောက်ရှိလာသောအခါ ထိန်ချမ်းက လက်ကာပြလိုက်လေသည်။

ထိန်အဘိုးအိုက...

"မင်း ဘာပြောချင်လို့လဲ"

ထိန်ချမ်းက...

"စောစောက အချက်ပြမီးကျည် ထိုးတက်သွားတာကို တွေ့လိုက်ရတယ် မဟုတ်လား"

ဟု မေးလေသည်။

ထိန်အဘိုးအိုက...

"ကျုပ်တွေ့သားပဲ"

ထိန်ချမ်းက...

"သည်မီးကျည်အကြောင်းကို ခင်ဗျားသိမယ် ထင်ပါတယ်"

ထိန်အဘိုးအို မျက်နှာပျက်သွားသည်။

သို့သော်...



"ပြောစမ်းပါဦး၊ အဲဒါ ဘာသဘောလဲ"

ဟု ပြန်မေးလိုက်လေသည်။

ထိန်ချမ်းက...

"ခင်ဗျား လူတွေကို ခုချက်ချင်း ရုပ်သိမ်းလိုက်ရင် ကောင်းမယ်"

ထိန်အဘိုးအိုက...

"ဘာကြောင့် ရုပ်သိမ်းရမှာလဲ"

ထိန်ချမ်းက...

"ကျုပ် ဘာကြောင့် ရုပ်သိမ်းတယ်ဆိုတာ ခင်ဗျားသိပါတယ်ဗျာ"

"မင်း..."

ထိန်အဘိုးအို မကျေမနပ် ဖြစ်သွားသည်။

သို့တိုင်...

"အားလုံး ရုပ်လိုက်ကြပါ"

ဟု သူ၏လူများအား လှမ်းပြောလိုက်တော့သည်။

ထိန်အဘိုးအို၏စကားကြောင့် ထိန်ဝူးတို့လည်း ရုပ်တန့်လိုက်ကြတော့သည်။

ထိန်ချမ်းလည်း သဘောကျသွားလေတော့သည်။

♣ ♣ ♣

## အမည်ခံ

ထိန်သခင်ကြီးသည် ထိန်ချမ်းအား စိုက်ကြည့်လိုက်လေ
သည်။

"ကဲ မြန်မြန်ပြောစမ်း"

ထိန်ချမ်းက လက်နှစ်ဘက် နောက်ပစ်ကာ အေးဆေး
ပြုံးလိုက်သည်။

"ခင်ဗျားတို့ အခု အချိန်မီ ရောက်မသွားရင် ခြသေ့်ကျေ
ရွာ တစ်ခုလုံး ပြာပုံ ဖြစ်သွားနိုင်တယ်ဗျ"

ထိန်သခင်ကြီး မဲ့ပြုံးပြုံးလိုက်သည်။

"အမှောင်ဂိုဏ်းခေါင်းဆောင်တစ်ယောက်လုံး ဒီမှာ ရှိ
သားပဲ၊ ခြသေ့်ကျေးရွာကို မင်းက ဘယ်လိုလူစားမျိုး လွှတ်ပြီး ဒု
ပေးနိုင်မှာလဲ"



ထိန်ယုနှင့် ထိန်ဂူးက ပြိုင်တူ ခေါင်းညိတ်လိုက်၏။

ထိန်ယုက...

"ခြသေ့်ကျေးရွာကို ထိန်ချွမ်းနဲ့ ကျန်းလုံထင်းတို့ ရောက်နေ
တယ်၊ ဘာမှပူစရာ မလိုပါဘူး"

ခပ်အေးအေး ပြောလိုက်သည်။

ထိန်ချမ်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့ရဲ့ ထိန်ချွမ်းနဲ့ ကျန်းလုံထင်းတို့ကို ကျုပ်လူတွေက
မှုမှာ မဟုတ်ဘူး"

ထိန်သခင်ကြီးက...

"လွယ်ပါတယ်၊ မင်းကို ဖမ်းခေါ်သွားရင် မင်းတို့လူတွေ
ခံနိုင်ရိုးလားကွ"

ရုတ်တရက်...

"ဟား..ဟား..ဟား"

ထိန်ချမ်းက အားပါးတရ ရယ်မောလိုက်သည်။

"ခင်ဗျားတို့က အတော်အ,တဲ့ လူတွေပဲ"

ထိုစကားကြောင့် ထိန်သခင်ကြီး မျက်မှောင်ကုပ်သွား၏။

"ဘယ်လို အ,တဲ့လူတွေ ဟုတ်လား"

ထိန်ချမ်း မချိုမချဉ်ပြုံးကာ...

"ခင်ဗျားတို့က ကျုပ်ကို အမှောင်ဂိုဏ်းရဲ့ ခေါင်းဆောင်ကြီး
လို့ ထင်နေကြတာကိုး"

ထိန်သခင်ကြီးက...

"မဟုတ်ဘူးလား"

ထိန်ချမ်း ခေါင်းယမ်းလိုက်သည်။

"ခင်ဗျားတို့ ထင်တဲ့အတိုင်း ကျုပ်က ခေါင်းဆောင်ကြီး မဟုတ်ဘူးဗျ"

ထိန်သခင်ကြီး မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် မင်းက ဘာလဲ"

ထိန်ချမ်း သက်ပြင်းချလိုက်၏။

"အမှန်ပြောရမယ်ဆိုရင် ကျုပ်က အမှောင်ဂိုဏ်းရဲ့ ဒုတိယခေါင်းဆောင်သာ ဖြစ်ပါတယ်"

"ဟင်"

"ဟာ"

ထိုစကားကြားလျှင် ထိန်သခင်ကြီးတို့အားလုံး အံ့သြသွားကုန်ကြလေသည်။

ထိန်ဆန်းတို့လင်မယားကလည်း မယုံကြည်နိုင်စွာဖြင့် ထိန်ချမ်းအား ကြည့်နေ၏။ ထိန်ချမ်းက သူတို့အား စိုက်ကြည့်ကာ…

"မင်းတို့ ပင့်ကူအရက်ကို ဖော်စပ်ပြီး သိုင်းပညာတစ်မျိုး လေ့ကျင့်နေတာကို ကျုပ်က ဘာဖြစ်လို့ သိနေတယ်ဆိုတာ သိချင်သလား"

ထိန်ဆန်းတို့က ခေါင်းညိတ်ပြလိုက်၏။

ထိန်ချမ်းက မချိပြုံးပြုံးလိုက်လေသည်။

"အဲဒီ သတင်းကို တို့ခေါင်းဆောင်ကြီးက သတင်းပေးလိုက်တာပါ၊ မင်းတို့ကို သတ်ဖို့ သူက သတင်းပေးလိုက်တာပဲ"



ထိန်ဆန်းက နားမလည်နိုင်သော အကြည့်ဖြင့် ထိန်ချမ်းအား စိုက်ကြည့်လိုက်သည်။

"ကျုပ်ကတော့ မယုံဘူး၊ အခု ခင်ဗျားရှုံးနိမ့်သွားလို့ သက်သက်ပရိယာယ်ဆင်တယ်လို့ ကျုပ်ထင်တယ်"

ထိန်ချမ်းက ခေါင်းခါယမ်းလိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းတို့ မယုံချင်လဲ နေပေါ့၊ ခက်တာက အမှောင်ဂိုဏ်းရဲ့ လုပ်ရှားမှု အားလုံးနဲ့ နောက်လိုက်ငယ်သားတွေကို ကျုပ်ကပဲ ဦးစီးဦးဆောင် လုပ်နေတာကို တွေ့ရတော့ ကျုပ်ကို ခေါင်းဆောင်လို့ ထင်ကြတာ မမှားပါဘူး၊ ဒါပေမယ့် ကျုပ်ကလဲ ခေါင်းဆောင်ကြီးခိုင်းတဲ့အတိုင်း လက်တွေ့အကောင်အထည်ဖော် လှုပ်ရှားနေတာပါ"

ထိန်သခင်ကြီး၏ရင်ထဲ လေးလံလာသည်။

"ဒါဖြင့် မင်းတို့ရဲ့ ခေါင်းဆောင်ကြီးက ဘယ်သူလဲ"

ထိန်ချမ်း ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျုပ်ကို မေးနေမယ့်အစား ခြသေ့်ကျေးရွာကို အမြန်ဆုံးသွားပါ၊ ကံကောင်းရင်တော့ သူ့ကို တွေ့နိုင်ပါသေးတယ်"

ထိန်သခင်ကြီးက အတန်ကြာအောင် စဉ်းစားလိုက်ပြီး…

"ကဲ ကျုပ် အချိန်မရှိဘူး၊ မင်းရဲ့အသက်ကို မင်းလက်ထဲမှာပဲ ထားပစ်ခဲ့မယ်၊ မင်းက ကျုပ်ကို လိမ်ရင်တော့ မင်းအသက်ကို ကျုပ် အချိန်မရွေး လာယူမယ်"

သူသည် ယင်းသို့ ပြောပြီး ထိန်ယုနှင့် ထိန်ဝူးတို့အား လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"တို့သွားကြမယ်"

♣ ♣ ♣

ထိန်ဆန်းတို့လင်မယားသည် ထိန်သခင်ကြီးတို့အား တစ်ချက်ကြည့်လိုက်ပြီး သူတို့သည် မည်သို့ ဆက်လုပ်ရမည်ကို မသိဘဲ ကြောင်အမ်းအမ်း ဖြစ်နေ၏။

ထိန်ချမ်းက သူတို့အား ပြုံးပြလိုက်သည်။

"မင်းတို့ ကြောက်မနေပါနဲ့၊ ကျုပ်ကလဲ မင်းတို့ကို မသတ်ချင်တော့ပါဘူး"

ထိန်ဆန်းတို့ ဇနီးမောင်နှံ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ထိန်ချမ်းက စကားဆက်လိုက်သည်။

"မင်းတို့ သွားလိုရာ သွားနိုင်ပါပြီ"

ထိန်ဆန်းတို့သည် မယုံကြည်နိုင်စွာဖြင့် ထိန်ချမ်းအား တစ်ချက်ကြည့်လိုက်ပြီး ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

♣ ♣ ♣



## အပြောင်းအလဲများ

ထိန်သခင်ကြီးတို့သည် ခြင်္သေ့ကျေးရွာသို့ ရောက်ရှိလာသောအခါ ခြင်္သေ့ခြံဝင်းတစ်ခုလုံး အေးချမ်းတိတ်ဆိတ်နေသည်ကို တွေ့လိုက်ရသည်။

ထိန်ယုနှင့် ထိန်ဝူးတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ နားမလည်နိုင်ဘဲ ဖြစ်နေ၏။

ထိန်ဝူးက မျက်မှောင်ကုပ်ကာ...

"လက်စသတ်တော့ ထိန်ချမ်းက တို့ကို စိတ်ဓာတ်စစ်ဆင်ရေး လုပ်လိုက်တာပဲ"

ထိန်သခင်ကြီး လက်ကာပြရင်း...

"မဟုတ်သေးဘူး၊ တို့ဆီက အရေးကြီးတဲ့ မီးပန်းအချက်ပြထားတယ် မဟုတ်လား"

သူတို့သည် ပြောရင်း ခြင်္သေ့ကျေးရွာ၏ ခြံဝင်းသို့ လှမ်းဝင်လိုက်သည်။

ထိုစဉ်မှာပင်...

ထိန်ချွမ်းနှင့် ကျန်းလုံထင်းတို့လည်း ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရ၏။ ခြံဝင်းတံခါး ပွင့်သွား၏။

ခြသေ့်ကျေးရွာ၏ခေါင်းဆောင်တစ်ဦး ဖြစ်သူ ထိန်စုက ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်လာသည်။

သူ့နောက်တွင် ခြသေ့်ကျေးရွာမှ လူများ စုရုံးပါရှိလာကြလေသည်။

ထိန်စုသည် ထိန်သခင်ကြီးအား တွေ့လျှင် မျက်နှာအနည်းငယ် ပျက်သွား၏။

"ဘဘတို့ ပြန်ရောက်လာပြီပဲ"

ထိန်သခင်ကြီး မျက်မှောင်ကုပ်ကာ...

"ပြောစမ်းပါဦး၊ ဒီမှာ ဘာဖြစ်ကြတာလဲ"

ထိန်စု လေပူတစ်ချက် မှုတ်ထုတ်ကာ...

"ဟုတ်ကဲ့၊ စောစောတုန်းက မြင်းလှည်းတစ်စီးနဲ့အတူ အတော်လှတဲ့ မိန်းကလေးတစ်ဦး ရောက်လာပါတယ်"

ထိန်သခင်ကြီးက စိတ်မရှည်သလိုဖြင့်...

"ဟေ့ ဘာဖြစ်သလဲဆိုတာ အတိုချုံးပြီး အမြန်ပြောစမ်းကွာ"

ထိန်စု ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ တူမလေး ထိန်စုကျူး ပါသွားလို့ပါ"

"ဟင်"



"ဟာ"

ယင်းစကား ကြားရသောအခါ အားလုံးပင် ထိတ်လန့်သွားကြမိသည်။

ထိန်စုကျူးသည် ထိန်ချွမ်း၏ညီမပင် ဖြစ်သည်။

သူမသည် စာပေ၊ ပန်းချီ၊ ကဗျာစသော ပညာရပ်တို့ကို အလွန်ဝါသနာပါသည်။

သို့သော်...

သိုင်းပညာ လုံးဝမတတ်ပါ။

ထို့အပြင်...

သူမသည် ကျန်းလုံထင်း၏ချစ်သူလည်း ဖြစ်သည်။

သို့သော်...

ထိန်သခင်ကြီးက ထိန်စုကျူးနှင့် ကျန်းလုံထင်းတို့ကို သဘောမတူပါ။

အကြောင်းမှာ...

ကျန်းလုံထင်းသည် ဥပဒေဘက်တော်သား ဖြစ်၍ အချိန်မရွေး တိုက်ပွဲဖြစ်ကာ သေဆုံးနိုင်သည်။

ထိန်စုကျူးက ကျန်းလုံထင်းအား လက်ထပ်လိုက်လျှင် အချိန်မရွေး မုဆိုးမဘဝသို့ ရောက်ရှိနိုင်ခြင်းကြောင့် ဖြစ်သည်။

♣ ♣ ♣

ထိန်သခင်ကြီး အတန်ကြာ စဉ်းစားလိုက်သည်။

"သူ့ကို ဘယ်သူက ခေါ်သွားသလဲ"

ထိန်စုက...

"ကျွန်တော် ပြောနေတဲ့ မြင်းလှည်းနဲ့ လာတဲ့ မိန်းကလေးက ခေါ်သွားပါတယ်"

ထိန်သခင်ကြီး မျက်မှောင်ကုပ်ကာ...

"ထိန်စုကျူးက အဲဒီ မိန်းကလေးကို သိလား"

ထိန်စု ခေါင်းယမ်းလိုက်သည်။

"သိပုံ မရပါဘူး"

ထိန်သခင်ကြီးက မကျေမနပ်ဖြင့်...

"ဒါဖြင့် သူက ဘာကြောင့် လိုက်သွားရသလဲ"

ထိန်စုက ကျန်းလုံထင်းအား တစ်ချက်လှမ်းကြည့်လိုက်သည်။

"သူ..သူက ကျန်းလုံထင်းဟာ ရန်သူ့လက်ချက်ကြောင့် ဒဏ်ရာပြင်းထန်စွာ ရသွားတယ်၊ အသက်အန္တရာယ် စိုးရိမ်ရတဲ့အတွက် သူမသေခင်မှာ ထိန်စုကျူး မျက်နှာမြင်သွားပါရစေလို့ တောင်းပန်ပြီး ခေါ်သွားတာပါပဲ"

ကျန်းလုံထင်းသည် ယင်းစကားကို ကြားလိုက်ရသောအခါ ရင်ထဲ ဆို့နင့်သွားရသည်။

ထိန်စုကျူးအတွက် စိုးရိမ်ပူပန်လာလေသည်။

အကြောင်းမှာ...



ထိန်စုကျူးသည် သိုင်းပညာ လုံးဝမတတ်၍ပင် ဖြစ်၏။

ထိန်သခင်ကြီး မျက်မှောင်ကုပ်သွားပြန်သည်။

"ဒါနဲ့ သူက ဘယ်ကို ခေါ်သွားမလဲလို့ ပြောသလဲ"

ထိန်စုက စာအိတ်တစ်ခု ထုတ်ပြလိုက်သည်။

"ကျွန်တော်က သူ့ကိုမေးတော့ သူက သူတို့သွားမယ့်လိပ်စာ ဒီစာအိတ်ထဲမှာ ပါတယ်လို့ ပြောသွားပါတယ်၊ ကျွန်တော်က ဖောက်ကြည့်လိုက်တော့မှ အလိမ်မိသွားမှန်း သိတယ်"

ထိန်သခင်ကြီးက စာအိတ်အား လှမ်းယူရင်း...

"မင်းက သူတို့နောက် လိုက်မသွားဘူးလား"

ဟု မေးလိုက်သည်။

ထိန်စုက...

"လိုက်သွားပါတယ်၊ မြို့ပြင် ရောက်တဲ့အခါမှာ သူတို့ မြင်းလှည်း လမ်းဘေးမှာ ရပ်နေတာ တွေ့ရပါတယ်၊ ဒါပေမယ့် မြင်းလှည်းထဲမှာ လူတစ်ယောက်မှ မတွေ့ရတော့ပါဘူး၊ ဒါကြောင့် ကျွန်တော်က မီးပန်းအမြန်ဆုံး လွှတ်ပြီး အကြောင်းကြားခဲ့ရတာပါ"

ထိန်သခင်ကြီးက စာအိတ်ကို ဖွင့်ပြီး စာရွက်ထုတ်ယူ၍ ဖတ်ကြည့်လိုက်သည်။

"ထိန်စုကျူး အသက်ရှင်လျက် မြင်ချင်ရင် နတ်သမီးဂေဟာကို လာခဲ့ပါ။

(ပုံ) အမှောင်ဂိုဏ်းချုပ်"

ထိန်အဘိုးအို မျက်မှောင်ကုပ်သွားသည်။

သူ၏မျက်လုံးက အနီးတွင် ရှိနေသော ကျန်းလုံထင်းအား ကြည့်လိုက်၏။

ကျန်းလုံထင်း၏ရင်ထဲ လှုပ်ရှားသွားသည်။

သူသည် စာထဲပါသည့် အကြောင်းများအား သိလိုက်ရပြီ ဖြစ်သည်။

သူက အချိန်မဆွဲတော့ဘဲ ချက်ချင်းပြေးထွက်သွား၏။

ရုတ်ခြည်းဖြစ်ပေါ်သော အဖြစ်ကြောင့် အားလုံးပင် အံ့သြသွားကြသည်။

ဦးစွာ သတိဝင်လာသူမှာ ထိန်ယု ဖြစ်သည်။

သူက စာရွက်အား ဖတ်ကြည့်ပြီးနောက် ချက်ချင်းပင် ပြေးလိုက်သွားသည်။

သူက ခြံဝင်းအပြင်သို့ ရောက်ရှိသွားသောအခါ ကျန်းလုံထင်း၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါ။

သို့သော် ကျန်းလုံထင်းတစ်ယောက် အမှောင်ကျေးရွာသို့ သွားလိမ့်မည်ဟု ယုံကြည်ထားသည်။

သူ၏စိတ်ထဲတွင်လည်း တစ်စုံတစ်ခုအား သံသယ ဖြစ်နေမိ၏။

ထို့ကြောင့်...

မြင်းကို ဆွဲကာ မည်သူမျှ မဟန့်တားနိုင်မီ အမှောင်ကျေးရွာသို့ ဒုန်းစိုင်းနှင်သွားလေတော့သည်။

♣ ♣ ♣



ကျန်းလုံထင်းသည် အမှောင်ကျေးရွာသို့ ရောက်ရှိနေ၏။

သူသည် ပတ်ဝန်းကျင်အား သတိမပြုတ် အကဲခတ်ရင်း ဖြတ်လာ၏။

မကြာမီ...

နတ်သမီးဂေဟာသို့ ရောက်လာတော့သည်။

အမှောင်ကျေးရွာတစ်ခုလုံးသည် အကြီးအကျယ် ပြောင်းလဲသွားသည် ဖြစ်သော်လည်း နတ်သမီးဂေဟာကား ပြောင်းလဲသွားခြင်း မရှိပါ။

ကျန်းလုံထင်းသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး နတ်သမီးဂေဟာသို့ လှမ်းဝင်သွား၏။

နတ်သမီးဂေဟာတစ်ခုလုံးသည် တိတ်ဆိတ်ပြီး လူရိပ်ပင် မတွေ့ရပါ။

ကျန်းလုံထင်းက သတိကြီးစွာဖြင့် အိမ်ခန်းထဲသို့ လှမ်းဝင်သွား၏။

သူသည် အိမ်ခန်းထဲသို့ လှမ်းဝင်သွားသည်နှင့် ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။ သူ၏မျက်လုံးအစုံမှာလည်း ပြူးကျယ်သွား၏။

ထိန်စုကျူးတစ်ယောက် ဧည့်ခန်းတွင် အေးဆေးစွာ ထိုင်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

သူမသည် ကျန်းလုံထင်းအား မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ...

"အစ်ကို"

ဝမ်းသာအားရ ခေါ်လိုက်မိသည်။

"ညီမ"

ကျန်းလုံထင်းကလည်း ထိန်စုကျူးအား တွေ့မြင်လိုက်ရသောအခါ ဝမ်းသာသွားသည်။

ထိန်စုကျူးက စိုးရိမ်စွာဖြင့်...

"အစ်ကို ဘာမှ မဖြစ်ဘူးနော်"

ကျန်းလုံထင်း ခေါင်းယမ်းလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး၊ ညီမ ဘာဖြစ်လို့ ဒီကို လိုက်လာရတာလဲ"

ထိန်စုကျူးက ခေါင်းငုံ့ထားသည်။

"အစ်..အစ်ကို ဒဏ်ရာပြင်းပြင်းထန်ထန် ရတယ်လို့ ကြားရတာနဲ့ ရင်တွေတုန်ပြီး လိုက်ခဲ့ရတာပါ"

ကျန်းလုံထင်း သက်ပြင်းတစ်ချက်ချလိုက်၏။

"အစ်ကို့အပေါ် အခုလို ဂရုစိုက်တာ ကြားရတော့ အစ်ကို့ရင်ထဲမှာ ဘယ်လိုဝမ်းသာရမှန်းတောင် မသိတော့ပါဘူး"

ရုတ်တရက်...

"ဟား..ဟား..ဟား"

ကျယ်လောင်သော ရယ်မောသံတစ်ချက် ထွက်ပေါ်လာလေသည်။

ကျန်းလုံထင်း ရင်ထိတ်သွားကာ နောက်သို့ လှည့်ကြည့်လိုက်လေသည်။



ထိုအခါ တွေ့လိုက်ရသောလူကြောင့် မျက်လုံးပြူးသွားရလေသည်။

"ဟင် ယွင်ကြူး၊ ခင်ဗျားက ဒီကို ဘာလာလုပ်တာလဲဗျ"

ရောက်ရှိလာသူမှာ ယွင်ကြူးပင် ဖြစ်ပေသည်။

ယွင်ကြူးက ပြုံးလိုက်သည်။

"ရှင် အခုလို ကိုယ့်ချစ်သူနဲ့ နှစ်ယောက်ချင်း တွေ့ရတာ ဝမ်းမသာဘူးလား"

ကျန်းလုံထင်း မျက်မှောင်ကုပ်သွား၏။

"ခင်ဗျား ဘာကို ဆိုလိုတာလဲဗျ"

ယွင်ကြူးက...

"ဪ ရှင့်ချစ်သူနဲ့ တွေ့ရအောင် ကျွန်မက အပင်ပန်းခံပြီး ခေါ်ခဲ့တာကို ပြောတာပါ"

ကျန်းလုံထင်းသည် ယွင်ကြူးအား နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

"ခင်ဗျားက ထိန်စုကျူးကို လိမ်ပြီး ခေါ်လာခဲ့တာ ဟုတ်လား"

"ဟုတ်တယ်"

ကျန်းလုံထင်း မျက်နှာကွက်ခနဲ ပျက်သွားကာ...

"ဒါဖြင့် ခင်ဗျားက.."

ယွင်ကြူး၏မျက်နှာ တည်သွားသည်။

"ဟုတ်ပါတယ်၊ ထိန်ချမ်းကို ညွှန်ကြားတဲ့ 'အမှောင်ပိုဏ်း

ချုပ်အစစ်ဟာ ကျွန်မပါပဲ"

ထိုစကားကြားလျှင် ကျန်းလုံထင်း မျက်လုံးပြူးသွား၏။

"ခင်ဗျားက အမှောင်ဂိုဏ်းချုပ်အစစ် ဟုတ်လား"

"ဟုတ်တယ်၊ ဘာလဲ ရှင် မယုံဘူးလား"

သူမသည် ပြောရင်း နံရံပေါ်၌ ချိတ်ထားသော ဓားတစ်လက်အား ဖြုတ်ယူလိုက်ပြီး ဓားအိမ်ထဲမှဓားကို ဆွဲထုတ်လိုက် သည်။

"ရှင်က ကျွန်မကို သိုင်းပညာ မတတ်ဘူးလို့ ထင်နေတယ်ပေါ့ ဟုတ်လား"

ကျန်းလုံထင်းက သူမအား အကဲခတ်ကြည့်လိုက်သည်။

ယွင်ကြူး၏မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်သည့် အရိပ်အရောင်များ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရသည်။

ကျန်းလုံထင်း ယုံကြည်သွားသည်။

သူမ၏ဓားကိုင်ပုံမှာလည်း ထိပ်တန်းဓားသမားတစ်ဦး၏ အသွင် ရှိနေ၏။

ယွင်ကြူး ပြုံးလိုက်သည်။

"ကျွန်မက အမှောင်ဂိုဏ်းကို ဆက်လက်ဦးဆောင်မယ်၊ ကျွန်မကိစ္စ ဝင်မရှုပ်ဘူးဆိုရင် ထိန်စုကျူးကို အခုပဲ ရှင့်လက် အပ်လိုက်မယ် ဘယ့်နှယ်လဲ"

ကျန်းလုံထင်း ခေါင်းယမ်းလိုက်သည်။

"ကျုပ်ဟာ ဥပဒေဘက်တော်သားတစ်ယောက်ဆိုတာ ခင်ဗျားသိပါတယ်၊ တခြားလူက လက်ခံတာတောင် ကျုပ်က လက်



မခံဘူးဗျ"

ယွင်ကြူး မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မတို့ဂိုဏ်းရဲ့ ခေါင်းပုဒ်က မိတ်ဆွေ ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် ရန်သူပဲ ဖြစ်ရမယ်"

ကျန်းလုံထင်း မဲ့ပြုံးပြုံးကာ…

"ဒါကတော့ ခင်ဗျားသဘောပဲ"

ယွင်ကြူး ပြုံးလိုက်သည်။

"အခု အချိန်ကစပြီး ရှင်ဟာ ကျွန်မရဲ့ရန်သူ ဖြစ်သွားပြီ၊ ဒါကြောင့်…"

သူမသည် ယင်းသို့ ပြောရင်း ကျန်းလုံထင်းအား စတင် တိုက်ခိုက်လိုက်သည်။

သူမ၏တိုက်ခိုက်မှုသည် အလွန်ကြောက်မက်ဖွယ်ရာ ကောင်းသည်ဟု ကျန်းလုံထင်း အကဲခတ်မိသည်။

သူသည် ပေါ့ပေါ့တန်တန် သဘောမထားတော့ဘဲ သတိကြီးစွာထားကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

♣ ♣ ♣

## တာဝန်နှင့် မေတ္တာ

"ဝိုး..ဝိုး"

လေတိုးသံများ ထွက်ပေါ်နေ၏။

ဓားရောင်များ ဝင်းလက်နေသည်။

တိုက်ပွဲသည် အလွန်ပြင်းထန်နေ၏။

ကျန်းလုံထင်းနှင့် ယွင်ကြူးတို့သည် ပြင်းထန်စွာ တိုက်ခိုက်ကြရင်းမှ သိုင်းကွက်ပေါင်း တစ်ရာ ကျော်လာခဲ့သည်။

ယခုတိုင်...

မည်သူမျှ အသာစီး မရသေးချေ။

ကျန်းလုံထင်းသည် ယွင်ကြူး၏သိုင်းပညာကို အလွန်အံ့ဩမိသည်။

သိုင်းကွက်တစ်ရာ့ငါးဆယ် ကျော်လာခဲ့သည့်တိုင် အရှုံးအနိုင် မကွဲပြားသေးပါချေ။

ယွင်ကြူး စိတ်မရှည်ဘဲ ဖြစ်လာ၏။



နောက်ထပ် သိုင်းကွက်တစ်ရာ ထပ်မံတိုက်ခိုက်လျှင်ပင် သူမသည် ကျန်းလုံထင်းအား အသာမရနိုင်သေးဟု ဆင်ခြင်မိလာသည်။

ထိုအခါ...

ကျန်းလုံထင်းအား ပြတ်သားစွာ အနိုင်ယူနိုင်မည့် နည်းလမ်းအား စဉ်းစားမိလာသည်။

ယွင်ကြူး၏မျက်နှာပေါ်ဝယ် ကောက်ကျစ်စဉ်းလဲသော အရိပ်အယောင်များ ပေါ်ထွက်လာသည်။

ရုတ်တရက်...

သူမသည် တိုက်ခိုက်မှုအား ရပ်တန့်လိုက်၏။

ထို့နောက် ထိန်စုကျူးထံသို့ ပြေးလွှားသွားသည်။

ကျန်းလုံထင်းက သူမ၏အကြံအား ရိပ်စားမိသောအခါ နောက်ကျသွားချေပြီ။

ယွင်ကြူး၏ဓားသည် ထိန်စုကျူး၏ရင်ဝသို့ ထောက်ထားလိုက်ပြီး ဖြစ်သည်။

ကျန်းလုံထင်း ခြေလှမ်းရပ်သွားကာ...

"ခင်ဗျား ဘာလုပ်တာလဲ"

ဒေါသတကြီး အော်လိုက်၏။

ယွင်ကြူး ရယ်မောလိုက်သည်။

"ဘယ်လိုလဲ၊ ဥပဒေဘက်တော်သားကြီး ကိုယ့်ချစ်သူ သေသွားမှာတော့ ကြောက်တတ်တာကိုး"

ကျန်းလုံထင်း အံကြိတ်လိုက်သည်။

နဖူးပေါ်မှ ချွေးများလည်း တစ်ပေါက်ချင်း စီးဆင်းကျလာနေ၏။

"ခင်ဗျား အတော်ယုတ်မာပါလား"

ယွင်ကြူး ပခုံးတွန့်လိုက်သည်။

"ရှင်ထင်ချင်သလို ထင်နိုင်တယ်၊ ကျွန်မပြောတဲ့ စကားကို ရှင်လက်မခံဘူးဆိုရင်တော့ ဝမ်းနည်းပါတယ်၊ ကျွန်မက သူ့ကို သတ်လိုက်ရမှာပဲ"

သူမက အေးတိအေးစက် လေသံဖြင့် ပြောလာသည်။

ထိန်စုကျူး၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေပေသည်။

ယွင်ကြူး မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မက တစ်ကနေ သုံးအထိ ရေတွက်မယ်၊ သုံးပြည့်လို့မှ ရှင်က ခေါင်းမညိတ်ဘူးဆိုရင် သူ့ကို ကျွန်မက သတ်ပစ်လိုက်မှာပဲ"

သူမသည် ယင်းသို့ ပြောပြီး လက်ညှိုးတစ်ချောင်း ထောင်လိုက်ပြီး...

"တစ်"

ကျန်းလုံထင်း အံတင်းတင်းကြိတ်လိုက်သည်။

"နှစ်"

ကျန်းလုံထင်းသည် အသည်းကွဲမတတ် ခံစားနေရသော်လည်း မည်သို့မျှ ခေါင်းမညိတ်ပါ။



"သုံး"

ယွင်ကြူး ယင်းသို့ အော်ပြီး မရှေးမနှောင်းမှာပင်...

"အား"

ဟူသော အသံ ထွက်ပေါ်လာ၏။

ထိန်စုကျူး၏အသံ မဟုတ်ပါ။

ယွင်ကြူး၏အသံပင် ဖြစ်သည်။ အကြောင်းမှာ...

ထိန်ယုက အချိန်မီ ရောက်ရှိလာပြီး ယွင်ကြူးမှာ အမှောင်ဂိုဏ်းချုပ် ဖြစ်သည်ကို သိရှိလိုက်၏။

ထို့ကြောင့် သူသည် ဝမ်းနည်းစွာဖြင့် အဆိပ်မြားနှင့် ပစ်လွှတ်လိုက်ခြင်း ဖြစ်ပေတော့သည်။

♣ ♣ ♣

အမှောင်ဂိုဏ်းချုပ် ယွင်ကြူး သေဆုံးသွားပြီးနောက် ထိန်ချမ်းနှင့် သူ၏အဖွဲ့သားများသည် လက်နက်ချကာ ဥပဒေ၏အပြစ်ဒဏ်ကို ခံယူကြသည်။

ထိန်ယုသည် မိမိချစ်သူကို မလွှဲရှောင်သာ၍ ရှင်းပစ်လိုက်ရသော်လည်း သူသည် ယွင်ကြူး၏အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်လေသည်။

ယခု သူသည် မြေပုံအနီးတွင် တိတ်ဆိတ်စွာ ထိုင်နေပေသည်။

သူ၏မျက်ဝန်းအစုံ၌ မျက်ရည်များ စီးဆင်းကျနေသည်ကို တွေ့ရှိနိုင်မည် ဖြစ်၏။

သူတို့ချစ်သူနှစ်ဦး သေကွဲ ကွဲခဲ့ရပေပြီ။

ထိုအချိန်တွင်...

ကျန်းလုံထင်းတစ်ယောက်မှာလည်း အဝေးသို့ ရောက်ရှိနေသည်။

သူသည် ထိန်စုကျူးအပေါ် မေတ္တာကြီးမားကာ အနီးတွင် နေလိုပါသော်လည်း ထိန်သခင်ကြီး၏ သဘောမတူမှုကြောင့် အဝေးသို့ ရောက်ရှိနေရ၏။

သူတို့နှစ်ဦး၏ ချစ်ခြင်းမှာလည်း ရှင်ကွဲ ကွဲနေရသလို ဖြစ်နေပေတော့သည်။

♣ ♣ ♣



## သုံးနှစ်

သုံးနှစ်...။

သုံးနှစ်ဟူသော အချိန် ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

ထိုသုံးနှစ်အတွင်း သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာနေခဲ့လေသည်။

သို့သော်...

သုံးနှစ်ဟူသောအချိန် ကုန်ဆုံးသွားပြီးနောက် သိုင်းလောကတစ်ခုလုံး တုန်လှုပ်ချောက်ခြားသွားစေသော သတင်းတစ်ခု ဖြစ်ပေါ်လာလေသည်။

ထိုသတင်းကား ခြသေ့်ကျေးရွာပိုင်ရှင် ပျောက်ဆုံးသွားသည့်သတင်း ဖြစ်လေသည်။

ခြသေ့်ကျေးရွာပိုင်ရှင် ထိန်အဘိုးအိုသည် ဝါရင့်သိုင်းပညာရှင်ကြီးတစ်ဦး ဖြစ်လေသည်။

ထိန်အဘိုးအို အဘယ်ကြောင့် ပျောက်ဆုံးသွားခဲ့ရပါသနည်း။

ထိန်အဘိုးအို အကြောင်းကို စုံစမ်းကြသောအခါ...

♣ ♣ ♣

ထိန်လွေ...။

ထိန်လွေသည် ခြသေ့်ကျေးရွာမှ ခေါင်းဆောင်တစ်ဦး ဖြစ်လေသည်။

ထိန်အဘိုးအို ပျောက်ဆုံးသွားခြင်းကြောင့် ထိန်လွေက လက်ရွေးစင်သိုင်းသမား ငါးယောက်ကိုခေါ်ကာ လိုက်ရှာခဲ့လေသည်။

ထိန်လွေတို့သည် ထိန်အဘိုးအိုက ထူးခြားသော သတင်းတစ်ခုကြောင့် အမှောင်ကျေးရွာသို့ ခရီးထွက်သွားကြောင်း သိထားကြလေသည်။

ထို့ကြောင့်...

ထိန်လွေက သတင်းစုံစမ်းရန် အမှောင်ကျေးရွာသို့ လိုက်သွားခဲ့လေသည်။

♣ ♣ ♣



အမှောင်ကျေးရွာ...။

အမှောင်ကျေးရွာသည် လွန်ခဲ့သော သုံးနှစ်က သိုင်းလောကကို ဒုက္ခပေးရန် ကြိုးစားခဲ့ခြင်းကြောင့် သိုင်းလောကသားများ၏ ချေမှုန်းခံရကာ ပျက်စီးသွားခဲ့ပြီ ဖြစ်လေသည်။

ထိန်အဘိုးအိုသည် အမှောင်ကျေးရွာသို့ အဘယ်ကြောင့် သွားခဲ့ရပါသနည်း။

ထိန်လွေသည် လက်ရွေးစင်သိုင်းသမားငါးယောက်နှင့်အတူ အမှောင်ကျေးရွာသို့ လိုက်သွားခဲ့လေသည်။

အမှောင်ကျေးရွာသို့ သွားရာ လမ်းခရီး၌ မြို့ကလေးတစ်မြို့ ရှိနေသည်။

ထိန်လွေတို့က ညအချိန်မတော် ထိုမြို့ကလေးသို့ ရောက်ရှိသွားခဲ့ကြပြီး တည်းခိုခန်းတစ်ခု၌ ဝင်ရောက်အနားယူခဲ့ကြလေသည်။

နောက်တစ်နေ့နံနက်...

တည်းခိုခန်းမှ တာဝန်ခံက ထိန်လွေတို့အား သွားနိုးသောအခါ အုံသြစရာအဖြစ်နှင့် ကြုံတွေ့ခဲ့ရလေသည်။

ထိန်လွေနှင့် လက်ရွေးစင်သိုင်းသမားငါးယောက်မှာ သူတို့၏အိပ်ရာထဲ၌ အသက်ပျောက်နေကြသည်ကို တွေ့ရခြင်း ဖြစ်လေသည်။

♣ ♣ ♣

ရွှေငါးတည်းခိုခန်း...။

ထိန်အဘိုးအို နောက်သို့ လိုက်သွားကြသော ထိန်လွေတို့ လူစုသည် ရွှေငါးတည်းခိုခန်း၌ သေဆုံးသွားကြခြင်း ဖြစ်လေသည်။

ညဘက် သူတို့ အိပ်ပျော်နေခိုက် တစ်စုံတစ်ယောက်က အခန်းထဲဝင်ကာ တိတ်တဆိတ် လုပ်ကြံသတ်ဖြတ်သွားခြင်း ဖြစ်လေသည်။

ထိန်အဘိုးအို ပျောက်ဆုံးသွားပြီး ထိန်လွေတို့ လုပ်ကြံခံလိုက်ရသောအခါ...

ရွှေငါးတည်းခိုခန်းသို့ ပထမဆုံး ရောက်ရှိလာသူမှာ ထိန်ချွမ်း ဖြစ်လေသည်။

တည်းခိုခန်းပိုင်ရှင်က ထိန်ချွမ်းအား ကောင်းမွန်စွာ ကြိုဆိုဧည့်ခံခဲ့လေသည်။

ထိန်ချွမ်းက အကျိုးအကြောင်း မေးမြန်းပြီး ထိန်လွေတို့ နေထိုင်ခဲ့သည့် အခန်းများအတွင်း ဝင်ရောက်စစ်ဆေးလိုက်လေသည်။

တည်းခိုခန်းမှာ အပေါစားတည်းခိုခန်းတစ်ခု ဖြစ်လေသည်။

တံခါးများ၊ ပြတင်းပေါက်များက ခိုင်ခံ့လုံခြုံခြင်း မရှိပါချေ။

ထိန်လွေတို့လူစုသည် ညကြီး အချိန်မတော် ရောက်ရှိလာခြင်းကြောင့် အလွယ်တကူ ငှားရမ်းရသည့် အပေါစားတည်းခိုခန်း၌ ဝင်ရောက်တည်းခိုခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

ထိန်ချွမ်းက အခန်းများကို စစ်ဆေးပြီးလျှင်...



"အလောင်းတွေကို တည်းခိုခန်းကပဲ တာဝန်ယူသင်္ဂြိုလ်ပေးလိုက်ရတယ် ဟုတ်လား"

ဟု မေးလိုက်လေသည်။

တည်းခိုခန်းပိုင်ရှင်က...

"ဟုတ်ပါတယ်၊ အလောင်းတွေကို သည်အတိုင်းထားလို့ မဖြစ်တာကြောင့် ကျုပ်တို့ကပဲ တာဝန်ယူသင်္ဂြိုလ်ပေးလိုက်ရတာပါ"

ထိန်ချွမ်းက...

"ခြသေ့်ကျေးရွာကလူတွေ ရောက်မလာခင် သည်မှာ ဘယ်သူတွေ တည်းခိုနေသလဲ ပြောပါဦး"

ဆိုင်ရှင်က...

"ကုန်သည်တစ်ယောက်၊ ခရီးသည်နှစ်ယောက်နဲ့ ရသေ့ သုံးပါး ရှိပါတယ်"

"ရသေ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်က လာတဲ့ ရသေ့တွေလဲ"

"မြောက်ပိုင်းကလို့ ပြောပါတယ်"

ထိန်ချွမ်းက မှတ်ထားလိုက်လေသည်။

"ရသေ့တွေ ဘယ်ရောက်သွားပြီလဲ"

"သည်မှာ လူသတ်မှု ဖြစ်ပြီး နောက်တစ်နေ့ မနက်မှာပဲ ထွက်သွားကြပါတယ်"

"ဘယ်ကို သွားကြတာလဲ"

"မြောက်ပိုင်းကို ပြန်ကြမယ်လို့ပဲ ပြောပါတယ်"

ထိန်ချွမ်းသည် ဆိုင်ရှင်ကို နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

♣ ♣ ♣

ထိန်ချွမ်း...။

ထိန်ချွမ်းက တည်းခိုခန်းမှထွက်ကာ မင်းလမ်းမကြီး အတိုင်း လျှောက်လာခဲ့လေသည်။

လမ်းပေါ်၌ သွားလာလှုပ်ရှားနေကြသူများဖြင့် စည်ကားသိုက်မြိုက်နေလေသည်။

ထိန်ချွမ်းသည် ဟိုဟိုသည်သည် ငေးမောကြည့်ရင်း လျှောက်လာခဲ့ရာ တစ်နေရာသို့ အရောက်တွင် စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ရပ်ထားသော မြင်းတစ်ကောင်ကို တွေ့လိုက်ရလေသည်။

ထိုမြင်းသည် အလွန်အရုပ်ဆိုးအကျည်းတန်သောမြင်း ဖြစ်သည်။

မြင်းနှင့် မတူဘဲ မျောက်တစ်ကောင်နှင့်တူကာ ပိန်ချုံးချည့်နဲ့နေသည်။

ထိုမြင်းပိန်ကို မြင်လျှင် ထိန်ချွမ်း စိတ်လှုပ်ရှားသွားလေသည်။

သူ၏မျက်နှာ ပြုံးယောင်သန်းလာသည်။



မြင်းပိန်ရပ်ထားသော စားသောက်ဆိုင်ဆီသို့ လှမ်းသွားလိုက်လေသည်။

စားသောက်ဆိုင်ထဲ၌ လူစည်ကားကာ ဟေးလားဝါးလား အသံများ ထွက်ပေါ်နေလေသည်။

ထိန်ချွမ်းက ဆိုင်ထဲ လှမ်းဝင်ရင်း အကဲခတ်လိုက်သောအခါ စားပွဲတစ်လုံး၌ လူအများ ဝိုင်းအုံနေသည်ကို တွေ့ရလေသည်။

ထိုစားပွဲ၌ လူနှစ်ယောက်က လောင်းကြေးငွေထပ်ကာ လက်မောင်းလုံးနေကြခြင်း ဖြစ်လေသည်။

တစ်ယောက်က လူသန်ကြီး ဖြစ်ကာ ကျန်တစ်ယောက်မှာ ခန္ဓာကိုယ်ပိန်ပိန်ပါးပါး ရှိသည့် လူဖလံလေးတစ်ယောက် ဖြစ်လေသည်။

ထိန်ချွမ်း ပြုံးလိုက်ပြန်သည်။

သူက လူသန်ကြီးကို မသိပါ။

သို့သော်...

လူဖလံလေးကိုမူ ကောင်းစွာ သိထား၏။

လူဖလံလေးမှာ သူ၏အရင်းနှီးဆုံး မိတ်ဆွေတစ်ဦး ဖြစ်သည့် လုံးဝူ ဖြစ်နေသည် မဟုတ်ပါလား။

ထိန်အဘိုးအို၏သတင်းကြောင့် လုံးဝူလည်း ရောက်ရှိလာပြီ ဖြစ်လေသည်။

လူသန်ကြီးဘက်မှ လောင်းကြေးငွေများ စုပုံနေ၏။

လုံးဝူဘက်၌ လောင်းကြေးက အနည်းငယ်သာ ရှိလေ၏။

ထိန်ချမ်းက လုံးဝှဘက်မှ လောင်းကြေးထပ်ရန် ဆုံးဖြတ်လိုက်လေသည်။

လောင်းကြေးသည် ငါးလေး တစ်လေး ဖြစ်သည်။

လူသန်ကြီး အနိုင်ရလျှင် တစ်လေးသာရမည် ဖြစ်ကာ လုံးဝှအနိုင်ရလျှင် ငါးလေးရမည် ဖြစ်သည်။

ငါးဆ တစ်ဆ လောင်းကြေး ဖြစ်လေသည်။

ထိန်ချမ်းက လုံးဝှဘက်မှ လောင်းကြေးထပ်ရန် ဟန်ပြင်လိုက်စဉ်မှာပင်...

"ကျုပ်က ငွေငါးသောင်း လောင်းမယ်"

လူဖလံလေးဘက်မှ လောင်းကြေးထပ်မည့်သူ ပေါ်ပေါက်လာလေသည်။

ထိန်ချမ်း ကြည့်လိုက်သောအခါ ရသေ့တစ်ပါး ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိန်ချမ်း ရင်ထိတ်သွားလေသည်။

"ရသေ့သုံးပါး"

တည်းခိုခန်း၌ တည်းခိုနေထိုင်ခဲ့သော မြောက်ပိုင်းမှ လာသည်ဆိုသည့် ရသေ့သုံးပါးကို ဖျပ်ခနဲ သတိရလိုက်လေ၏။ ယခု...

လုံးဝှဘက်မှ လောင်းကြေးထပ်သော ရသေ့သည် မြောက်ပိုင်းမှလာသည့် ရသေ့တစ်ယောက်ပေလော။

လုံးဝှက လူသန်ကြီးနှင့် လက်မောင်းချင်း လှဲနေပြီ ဖြစ်လေသည်။



"ဟေး လှဲထား"

"ဗလကြီးကွ"

အားပေးသံများ ဆူညံသွားလေသည်။

လုံးဝှဘက်မှ အားပေးသံကို မကြားရချေ။

ထိန်ချမ်း ဘာမှမပြောဘဲ အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

လုံးဝှတို့ လက်မောင်းလှဲ ပြိုင်ပွဲကား တစ်ဘက်သတ်ကြီး ဖြစ်နေပါတော့သည်။

လူသန်ကြီးက အားစိုက်လှဲချလိုက်လျှင် လုံးဝှ ရှုံးနိမ့်သွားလေတော့သည်။

"ဟေး ဗလကြီးကွ"

"ဗလကြီး နိုင်သွားပြီ"

ဗလကြီးဘက်မှ လောင်းကြေးထပ်ထားသူများ ဝမ်းသာအားရ ဖြစ်သွားကြလေတော့သည်။

ရှုံးနိမ့်သွားသော လုံးဝှက ခေါင်းခါယမ်းပြီး စားသောက်ဆိုင်ထဲမှ ထွက်သွားတော့သည်။

သူက ထိန်ချမ်းကို ကောင်းစွာ မြင်တွေ့ထားပါသည်။

သို့သော်...

မမြင်ဟန်ဆောင်ကာ ဆိုင်ထဲမှ ထွက်သွားတော့သည်။

♣ ♣ ♣

လုံးဝှသည် ခေါင်းငိုက်စိုက်ချကာ ဆိုင်ထဲမှ ထွက်သွားလေသည်။

ထိန်ချမ်းလည်း လိုက်သွား၏။

ဆိုင်အပြင်ဘက် လမ်းပေါ်သို့ ရောက်သွားလျှင် လုံးဝှက ခြေလှမ်းရပ်လိုက်လေသည်။

နောက်လှည့်ကြည့်လိုက်သောအခါ ရသေ့တစ်ပါးကို တွေ့လိုက်ရလေသည်။

ထိုရသေ့ကား သူ့ဘက်မှ လောင်းကြေးငွေ ငါးသောင်းထပ်ခဲ့သော ရသေ့ ဖြစ်လေသည်။

လုံးဝှ သက်ပြင်းချလိုက်သည်။

"ကျုပ်စိတ်မကောင်းပါဘူးဗျာ"

ရသေ့က...

"မင်းက သူ့ကို အနိုင်ရနိုင်လျက်နဲ့ တမင် အရှုံးပေးလိုက်တာပဲ"

လုံးဝှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"မင်း ဘာကြောင့် သည်လို လုပ်ရတာလဲ"

"ကျုပ်အနိုင်ရသွားရင် သူတို့က ကျုပ်ကို တစေ့ ဖြစ် အောင် လုပ်လိုက်ကြမှာကို ခင်ဗျားစဉ်းစားကြည့်ရင် သိနိုင်ပါတယ် ဗျာ"

ရသေ့က...

"ကျုပ်ကတော့"



လုံးဝှက...

"ခင်ဗျားက ကျုပ်ကို တစေ့ လုပ်ပစ်ချင်နေတာလားဗျာ"

ရသေ့ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်"

လုံးဝှက...

"နေပါဦး၊ အားလုံးက ကျုပ်ရှုံးမယ်ဆိုတာကို တွက်ဆထားပေမယ့် ခင်ဗျားက ဘာကြောင့် မတွက်တာလဲ၊ ဘာကြောင့် ကျုပ်ဘက်က လောင်းရတာလဲ ပြောပါဦး"

ရသေ့က...

"မင်းအနိုင်ရမယ်ဆိုတာ သိထားလို့ပေါ့"

လုံးဝှက...

"အခု ကျုပ်ရှုံးသွားပြီလေ"

ရသေ့ ခေါင်းခါယမ်းလိုက်သည်။

"မင်းသာ တကယ်တမ်း အားစိုက်လိုက်ရင် မင်းပဲ အနိုင်ရမှာပေါ့"

"ခင်ဗျား မှားနေပြီ"

"ကျုပ် မမှားဘူး"

"အဲသည် စားသောက်ဆိုင်ဟာ သည်မြို့က လူဆိုးလူမိုက်တွေ ကျင်လည်ကျက်စားနေတဲ့ နေရာဆိုတာ မင်းသိထားတယ်၊ ဒါကြောင့် တည်းခိုခန်းက လူသတ်မှုကို ဖော်ထုတ်ဖို့ မင်းက သဲလွန်စလိုက်ရှာနေတယ်ဆိုတာ ကျုပ်သိတာပေါ့"

"ဟား..ဟား..ဟား"

လုံးဝှက ရယ်မောလိုက်လေသည်။

ရသေ့က...

"လုံးဝှ၊ မင်းက ကျုပ်တို့ကို လိုက်ရှာနေတာ မဟုတ်လား"

လုံးဝှ ခေါင်းညိတ်လိုက်သည်။

"သိပ်မှန်တာပေါ့ဗျာ"

ရသေ့က...

"ကျုပ်တို့ ထွက်သွားကြဖို့ပဲ၊ မင်းရောက်လာတာကို တွေ့လိုက်ရတာနဲ့ ထွက်သွားလို့ မဖြစ်သေးဘူးဆိုတာ သဘောပေါက်လိုက်တယ်လေ"

လုံးဝှက...

"ကျုပ်က သည်မြို့ကို မမျှော်လင့်ဘဲ ရောက်လာခဲ့တာ၊ သည်မြို့ ရောက်တော့ ထိန်လွေတို့ အသတ်ခံလိုက်ရတဲ့ သတင်းကြားတယ်၊ ခင်ဗျားတို့ကို တွေ့လိုက်ရတော့"

ရသေ့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ထိန်လွေတို့ကို သတ်ပစ်လိုက်တာ ကျုပ်တို့ပဲ"

လုံးဝှက...

"ဘာကြောင့် သတ်ပစ်လိုက်ရတယ်ဆိုတာကော ပြောပြနိုင်မလားဗျာ"

ရသေ့က...

"ငွေကြောင့်ပေါ့"



"ခင်ဗျားတို့က ငွေရလို့ သူတို့ကို သတ်ပစ်လိုက်တာပေါ့ ဟုတ်လား"

လုံးဝှက မေးလိုက်လေသည်။

ရသေ့က...

"ရွှေမျက်နှာဖုံးပေါ့"

လုံးဝှ အံ့သြသွားလေသည်။

ရွှေမျက်နှာဖုံးသော အမည်ကို ယခုမှ ကြားဖူးလိုက်ခြင်း ဖြစ်လေသည်။

ထိုရသေ့သည် မြောက်ပိုင်းမှလာသူ ဖြစ်သည်။

မြောက်ပိုင်းဒေသ၌ အလွန်ဆိုးသွမ်းသောင်းကျန်းသော ရသေ့ဆိုး ကြေစားလူသတ်သမား သုံးယောက်ရှိသည် မဟုတ်ပါလား။

ရွှေမျက်နှာဖုံးမှာမူ မည်သူ ဖြစ်ပါသနည်း။

လုံးဝှက...

"ရွှေမျက်နှာဖုံး အကြောင်းကို ခင်ဗျားပြောပြနိုင်မလား"

ဟု မေးလိုက်လေသည်။

ရသေ့က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသိဘူး"

သူက အမှန်အတိုင်း ပြောနေခြင်း ဖြစ်ကြောင်း လုံးဝှ ယုံကြည်လိုက်လေသည်။

ရသေ့က...

"မင်းတို့ သည်မြို့က ပြန်သွားကြတာ အကောင်းဆုံးပဲ"

လုံးဝူက...

"ဒါပေါ့ ခင်ဗျားတို့သုံးယောက်ကို ဖမ်းခေါ်သွားရမှာပေါ့"

ရသေ့က...

"ကောင်းပြီ၊ ကျုပ်တို့ကို အနိုင်ယူနိုင်ရင် ခေါ်သွားနိုင်ပါတယ်"

လုံးဝူက...

"ဒါဆို သတိထားပါဗျာ"

စကားဆုံးလျှင် ခါးမှ ဓားကို ဆွဲထုတ်ကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

♣ ♣ ♣

ရသေ့သုံးယောက်...။

ရသေ့သုံးယောက်သည် ကြေးစားလူသတ်သမားများ ဖြစ်လေသည်။

သူတို့က လူသတ်မှု ကျူးလွန်ကာ မြို့ထဲမှ ထွက်သွားမည့် အချိန်တွင် လုံးဝူ ရောက်လာသဖြင့် ထွက်သွား၍ မရတော့ပါ။

ထို့ကြောင့် လုံးဝူကိုပါ သတ်ပစ်ဖို့ ကြိုးစားလိုက်ကြခြင်း ဖြစ်လေသည်။

ရသေ့သုံးယောက်သည် သူတို့၏ပညာဖြင့် လုံးဝူကို သတ်



ပစ်နိုင်မည်ဟု ယုံကြည်ထားကြလေသည်။

သို့သော် လုံးဝူတစ်ယောက်ထဲ မဟုတ်ဘဲ ထိန်ချမ်းက ရှိနေသောအခါ...

"ဝှစ်...ဝှစ်"

လုံးဝူက ဝေ့ယမ်းကာ ရသေ့ကို တိုက်ခိုက်လိုက်လေသည်။

သူ၏ရှေ့၌ ရှိနေသော ရသေ့ကို တိုက်ခိုက်လိုက်ခြင်း မဟုတ်ပါ။

ချာခနဲလှည့်ကာ နောက်ကျောဘက်သို့ ရိပ်ခနဲ ရောက်ရှိလာသည့် ရသေ့နှစ်ယောက်အား တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ထိုရသေ့နှစ်ယောက်က တိတ်တဆိတ် အခြေအနေ စောင့်ကြည့်နေပြီး အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

လုံးဝူက ထိုရသေ့နှစ်ယောက်နှင့် ရင်ဆိုင်လိုက်သောအခါ သူကျောခိုင်းလိုက်သော ရသေ့က ဝှက်ထားသော လှံတိုတစ်လက်ကို ထုတ်ကာ လုံးဝူ၏နောက်ကျောကို ထိုးသွင်းလိုက်လေသည်။

ထိုအချိန်မှာပင် လူတစ်ယောက် ရောက်ရှိလာပြီး ရသေ့၏ လှံကို လုယူသွားလေတော့သည်။

"ဟင်"

ရသေ့ ရင်ထိတ်သွားလေသည်။

လှံတို လုယူလိုက်သူကို ကြည့်လိုက်သောအခါ ထိန်ချမ်း ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိန်ချွမ်းက လုယူထားသည့် လှံဖြင့် ရသေ့၏ရင်ဝကို ချိန်ရွယ်ထားလိုက်လေသည်။

"မင်း"

ထိန်ချွမ်းက...

"ရွှေမျက်နှာဖုံး ဘယ်သူလဲ ပြောပါ"

ဟု မေးလိုက်သည်။ ထိုစဉ်...

"အား"

"အမ်ယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

အလစ်တိုက်ခိုက်လိုက်သော ရသေ့နှစ်ပါးမှာ လုံးဂူ၏လက်ချက်မိကာ လဲကျသွားလေတော့သည်။

"တောက်"

ထိန်ချွမ်း ခြိမ်းခြောက်ခံထားရသော ရသေ့က ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

သူ၏အဖော်နှစ်ယောက် ဒုက္ခရောက်သွားကြပြီး သူကိုယ်တိုင်လည်း အဖမ်းခံလိုက်ရပြီ မဟုတ်ပါလား။

ထိန်ချွမ်းက...

"ရွှေမျက်နှာဖုံး ဘယ်မှာလဲ"

ဟု ထပ်မေးလိုက်လေသည်။

ရသေ့ အံကြိတ်လိုက်လေသည်။

"ကျုပ် မသိဘူး"



"ခင်ဗျားသေချင်ပြီ ထင်တယ်"

"ကျုပ်က သေရမှာ ကြောက်နေမယ်များ ထင်နေသလား"

ရသေ့က ရှေ့တိုးလိုက်လေသည်။

ထိုအခါ...

သူ၏ရင်ဝ၌ ထောက်ထားသော လှံက ရင်ဝကို ထိုးဖောက်စိုက်ဝင်သွားလေတော့သည်။

ရသေ့၏ရင်ဝ၌ သွေးချင်းချင်း နီသွား၏။

ရသေ့လည်း ဒူးများ ပျော့ခွေကာ မြေပေါ် လဲကျသွားလေတော့သည်။

♣ ♣ ♣

အရက်ဆိုင်လေး၌ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဆိုင်အပေါက်ဝကို မျက်နှာမူထားသော စားပွဲ၌ လူနှစ်ယောက်ထိုင်ကာ အရက်သောက်နေကြလေသည်။

ထိုလူနှစ်ယောက်မှာ ထိန်ချွမ်းနှင့် လုံးဂူတို့ ဖြစ်လေသည်။

ထိန်ချွမ်းက...

"ကျုပ်အဖေက ပျောက်ဆုံးသွားတယ်၊ ဖေဖေ့ကို လိုက်ရှာခဲ့ကြတဲ့ ထိန်လွေတို့ အသတ်ခံလိုက်ရတယ်"

လုံးဂူက...

"ရသေ့သုံးယောက်က ရွှေမျက်နှာဖုံးက ခိုင်းတာလို့ ပြော

သွားကြတာပဲ”

ထိန်ချမ်းက…

“ရွှေမျက်နှာဖုံးဆိုတဲ့လူ အကြောင်းကို ခင်ဗျားကြားဖူးသလား”

လုံးဂူ ခေါင်းခါယမ်းလိုက်လေသည်။

“တစ်ခါမှ မကြားဖူးဘူး”

ထိန်ချမ်းက…

“ကျုပ်လဲ မကြားဖူးဘူး”

ထိုစဉ်…

“ကျုပ်တော့ ကြားဖူးတယ်”

စကားသံနှင့်အတူ လူတစ်ယောက်က ဆိုင်ထဲ လှမ်းဝင်လာလေသည်။

လုံးဂူနှင့် ထိန်ချမ်းတို့ ကြည့်လိုက်ကြသောအခါ ကျန်းလုံထင်း ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

လုံးဂူတို့ ဝမ်းသာသွားကြလေသည်။

“မင်းရောက်လာပြီကိုး”

ကျန်းလုံထင်းက လုံးဂူတို့ စားပွဲ၌ လာရောက်ထိုင်ချလိုက်လေသည်။

ထိန်ချမ်းက အရက်တစ်ခွက် ငှဲ့ပေးလိုက်သည်။

ကျန်းလုံထင်းက အရက်ခွက်ကို ယူကာ မော့ချလိုက်လေသည်။ သူ၏အသွင်မှာ အလွန်ခရီးပမ်းလာသူတစ်ယောက် အသွင်



မျိုး ရှိနေသည် မဟုတ်ပါလား။

လုံးဂူက…

“မင်းက ရွှေမျက်နှာဖုံးအကြောင်း ဘယ်လိုသိထားတာလဲ ပြောပါဦး”

ဟု မေးလိုက်လေသည်။

ကျန်းလုံထင်းက…

“လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က သူနဲ့ ဆုံတွေ့ခဲ့ဖူးလို့ပါဗျာ”

လုံးဂူနှင့် ထိန်ချမ်းတို့ အချင်းချင်း ကြည့်လိုက်ကြသည်။

ကျန်းလုံထင်းသည် သိုင်းလောက တနံတလျားသွားကာ သိုင်းလောကအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်နေသူ ဖြစ်လေသည်။

ထို့ကြောင့် သူ့အား ခြေသလုံး အိမ်တိုင်သမားဟုဆိုကာ ထိန်အဘိုးအိုက ကြည့်မရနိုင်အောင် ဖြစ်နေခြင်းပင်။

ကျန်းလုံထင်းသည် စိတ်နေသဘောထား ထူးခြားသူ ဖြစ်သလို လုံးဂူ၊ ထိန်ချမ်းတို့ထက် အတွေ့အကြုံ ပိုများသူ ဖြစ်လေသည်။

သူတို့သည် မိတ်ဆွေရင်းခြာများ ဖြစ်ကြသည့်တိုင်အောင် လုံးဂူတို့ မသိကြသေးသော ကျန်းလုံထင်း၏အတွေ့အကြုံများ ရှိနေသေးသည် မဟုတ်ပါလား။

ကျန်းလုံထင်းက…

“ကျုပ်က မြောက်ပိုင်းကန္တာရဘက်ကို တစ်ချိန်က ရောက်

သွားခဲ့တယ်၊ အဲသည်မှာ ရွှေမျက်နှာဖုံးနဲ့ ဆုံခဲ့ရတာ"

လုံးဝူက...

"သူက.."

"သူဟာ အင်မတန် ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပေါ့"

မြောက်ပိုင်းဒေသသည် မြေလတ်ပိုင်းဒေသနှင့် အလွန်အလှမ်းကွာဝေးလှသောဒေသ ဖြစ်သည်။

မြောက်ပိုင်းဒေသ၌ တောင်ကုန်းတောင်တန်းများ၊ တောအုပ်များ၊ မြစ်ချောင်းအင်းအိုင်များအပြင် ကန္တာရများလည်း ရှိလေသည်။ မျိုးနွယ်စုပေါင်း ဆယ့်သုံးစု မှီတင်းနေထိုင်ပြီး ထူးခြားသော အယူအဆ ဓလေ့ထုံးစံရှိသော အရပ်ဒေသကြီးလည်း ဖြစ်လေသည်။

ကျန်းလုံထင်းက လူသတ်ဓားပြတိုက်ကာ ထွက်ပြေးနေသော လူဆိုးကြီးတစ်ယောက်အား ဖမ်းဆီးရန် မြောက်ပိုင်းဒေသသို့ လိုက်သွားခဲ့လေသည်။

သို့ဖြင့်...

ရွှေမျက်နှာဖုံးရှင်နှင့် ဆုံတွေ့မိခဲ့ခြင်း ဖြစ်ပေတော့သည်။

♣ ♣ ♣



## ထူးဆန်းသော ရသေ့များ

မြို့ဦးမြို့...။

မြို့ဦးမြို့သည် မြောက်ပိုင်းဒေသ၏ ထင်ရှားသော မြို့ကြီးများအနက် တစ်မြို့ အပါအဝင် ဖြစ်လေသည်။

ကျန်းလုံထင်းက မြို့ဦးမြို့ ရောက်ရှိလာပြီး လူဆိုးကြီးလင်းယုန်အကြောင်း စုံစမ်းလိုက်လေသည်။

မြို့ဦးမြို့၌ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော ခရီးသွားများ၊ ကုန်သည်ပွဲစားများ၊ သိုင်းလောကသားများ ရှိနေပါသည်။

ကျန်းလုံထင်း၏ မိတ်ဆွေတစ်ယောက်လည်း ရှိနေပါသည်။

ကျန်းလုံထင်း၏မိတ်ဆွေသည် မြို့ဦးမြို့၌ စားသောက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားလေသည်။

ဖောင်ရှမ်းဆိုသူ ဖြစ်သည်။

ဖောင်ရှမ်းသည် ကျန်းလုံထင်း ရောက်လာသည်ကို မြင်လျှင် မျက်နှာကြီး ရှုံ့မဲ့သွားလေသည်။

"မင်း ဘာဒုက္ခပေးဦးမလို့လဲ"

ဟု ဆီးကြိုကာ မေးလိုက်လေသည်။

ကျန်းလုံထင်းက...

"ကျုပ်က လူတစ်ယောက်နောက်ကို လိုက်လာရင်း သည်ကို ရောက်လာတာဗျ"

ဖောင်ရှမ်းက...

"မင်းက လင်းယုန်ကြီးကို လိုက်ရှာနေတာ မဟုတ်လား"

ကျန်းလုံထင်း ပြုံးလိုက်သည်။

"ကျုပ်က ဘယ်သူ့ကို လိုက်ရှာနေတယ်ဆိုတာတောင် မင်းသိနေတာကိုး"

ဖောင်ရှမ်းက...

"သည်က လူတွေ အားလုံးက မင်းရောက်လာတာကော၊ လင်းယုန်ကြီးကို လိုက်ရှာနေတာကော သိထားကြတာပဲ"

ကျန်းလုံထင်းက...

"ကျုပ်က သတင်းအတော်ကြီးနေတာ ဝမ်းသာစရာပဲဗျ"

ဖောင်ရှမ်း ခေါင်းခါယမ်းလိုက်သည်။

"ဒါ ဝမ်းသာစရာမှ မဟုတ်တာ"

"ဩော်"



"ကျန်းလုံထင်း၊ ပြည်မကို မင်းပြန်သွားတာ အကောင်းဆုံးပဲ"

ကျန်းလုံထင်းကလည်း ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်က လင်းယုန်ကြီးကို ဖမ်းဆီးဖို့လာခဲ့တာ၊ ဘာကြောင့် ပြန်သွားရမှာလဲဗျာ"

ဖောင်ရှမ်းက...

"ဒါဆို ကျုပ်ကို ဒုက္ခမပေးဘဲနေတာ အကောင်းဆုံး ဖြစ်လိမ့်မယ်"

"ဟား..ဟား..ဟား"

ကျန်းလုံထင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

ဖောင်ရှမ်း မကျေမနပ် ဖြစ်သွားလေသည်။

"မင်းက ကျုပ်ကို ဒုက္ခပေးမယ်ပေါ့ ဟုတ်လား"

ကျန်းလုံထင်းက...

"ကျုပ်က ခင်ဗျားကို ကူညီခဲ့တာကို မေ့သွားပြီလားဗျာ"

ဖောင်ရှမ်း ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ဖောင်ရှမ်းသည်လည်း တစ်ချိန်က လူဆိုးဓားပြတစ်ယောက် ဖြစ်ခဲ့လေသည်။

ဖောင်ရှမ်းအား ကျန်းလုံထင်းက ဖမ်းဆီးကာ အမှုထမ်းများလက်ထဲ အပ်နှံခဲ့သည်။

သို့သော်...

ဖောင်ရှမ်းက ဒုစရိုက်မှုများကို စွန့်လွှတ်ကာ ကောင်းမွန်

ရွာ နေထိုင်ပါမည်ဟု ကတိပေးခဲ့သဖြင့် ကျန်းလုံထင်းက အမှုထမ်းများအား ထောက်ခံပေးသဖြင့် ဖောင်ရှမ်းမှာ ကြေးတိုက်ထဲ၌ ကြာကြာမနေရဘဲ လွတ်မြောက်လာခဲ့လေသည်။

ဖောင်ရှမ်းသည် ကျန်းလုံထင်းအား ကျေးဇူးတင်ခဲ့ရသည် မဟုတ်ပါလား။

ကျန်းလုံထင်းက...

"လင်းယုန်ကြီးကို တွေ့ချင်တယ်"

ဟု ပြောလိုက်သည်။

ဖောင်ရှမ်းက...

"မင်းက ကျုပ်ဆီကို ပြန်မလာတော့ဘူးဆိုရင် ကျုပ်ပြောမယ်"

ကျန်းလုံထင်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်သဘောတူတယ်"

ဖောင်ရှမ်းက...

"ဒါဖြင့် မြို့ပြင်က ရသေ့ကျောင်းကို သွားပါ"

"ကောင်းပြီ"

ကျန်းလုံထင်းသည် လင်းယုန်ကြီး အကြောင်းကို သတင်းရလိုက်သဖြင့် ကျေနပ်သွားလေသည်။

"ကျုပ်သွားလိုက်ဦးမယ်"

ဖောင်ရှမ်းကို နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

ဆိုင်အပေါက်ဝသို့ ရောက်လျှင်...



"နေဦး"

ဖောင်ရှမ်းက ဟန့်တားလိုက်လေသည်။

ကျန်းလုံထင်း ခြေလှမ်းရပ်ကာ လှည့်ကြည့်လိုက်လေသည်။

ဖောင်ရှမ်းက...

"မင်းတစ်ခုခု ဖြစ်သွားရင် ကျုပ်အပြစ် မဟုတ်ဘူးနော်"

ကျန်းလုံထင်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချ၊ ကျုပ် အပြစ်မတင်ပါဘူးဗျာ"

ထို့နောက် ဆိုင်အပြင်ဘက် ထွက်သွားလေတော့သည်။

♣ ♣ ♣

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

ကျန်းလုံထင်းသည် မြို့ပြင်သို့ ရောက်ရှိလာပြီး တောင်ကုန်းလေးတစ်ခုပေါ်၌ ဆောက်လုပ်ထားသော ရသေ့ကျောင်းကို တွေ့လိုက်ရလေသည်။

ရသေ့ကျောင်းမှ မီးရောင်များပင် ထွက်ပေါ်နေပြီ ဖြစ်လေသည်။

ကျန်းလုံထင်းက ရသေ့ကျောင်းဆီသို့ လှမ်းသွားလိုက်လေသည်။

ရသေ့ကျောင်းတည်ရှိရာ တောင်ကုန်းလေး ခြေရင်းသို့

ရောက်လျှင်...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ ရသေ့တစ်ပါး ရောက်ရှိလာလေသည်။

ကျန်းလုံထင်း ခြေလှမ်းရပ်လိုက်သည်။

ရသေ့က...

"မင်းက ကျန်းလုံထင်း ဟုတ်လား"

ကျန်းလုံထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ရသေ့က...

"ဒါဖြင့် နောက်ကြောင်း ပြန်လှည့်သွားရင် ကောင်းမယ်"

ကျန်းလုံထင်း ပြုံးလိုက်သည်။

"ကျုပ် ပြန်မသွားဘူးဆိုရင်ကော"

ရသေ့က...

"မင်းရှေ့ဆက်သွားရင် ဒုက္ခရောက်သွားလိမ့်မယ်"

"ကျုပ်က ဒုက္ခရောက်မှာကို မကြောက်ပါဘူး"

"မင်း..."

"ကျုပ်ကို လမ်းပိတ်ထားမယ့်အစား လမ်းဖယ်ပေးလိုက်တာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်ဗျာ"

ကျန်းလုံထင်းက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ရသေ့ သက်ပြင်းချလိုက်သည်။



"ကျုပ်က မင်းဒုက္ခရောက်မှာ စိုးရိမ်လို့ ပြောနေတာပါ၊ ပြောမရရင်လဲ ရှေ့ဆက်သွားနိုင်ပါတယ်၊ တစ်ခုတော့ ရှိတယ်၊ မင်းမှာ အခက်အခဲ ရှိလာရင် ကျုပ်ကို သတိရပါ"

"ခင်ဗျားက.."

"ရသေ့အိုရန်လို့ မှတ်ထားပါ"

"ကျေးဇူးတင်ပါတယ်ဗျာ" ,

ကျန်းလုံထင်းက ကျေးဇူးတင်စကား ပြောပြီး ရှေ့ဆက်ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

ကျန်းလုံထင်း တောင်ကုန်းလေးပေါ်သို့ တက်လာရင်း အလင်းရောင်ပျောက်ကာ ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွားလေသည်။

သို့သော်...

ရသေ့ကျောင်း၌ မီးရောင်များ ရှိနေသေးခြင်းကြောင့် ကျန်းလုံထင်းက ရသေ့ကျောင်းရှေ့သို့ ဖြောင့်ဖြောင့်တန်းတန်း အရောက်သွားနိုင်ခဲ့လေသည်။

ရသေ့ကျောင်း တံခါးဖွင့်ထားပါသည်။

ရသေ့အိုကြီးတစ်ပါးကို အဆင်သင့် တွေ့လိုက်ရလေသည်။

ကျန်းလုံထင်းက...

"ကျုပ်က ကျန်းလုံထင်းပါ။ လင်းယုန်ကြီးနဲ့ တွေ့ချင်လို့ လာခဲ့တာပါ"

ဟု ပြောလိုက်လေသည်။

ရသေ့အိုကြီးက...

"သည်ကျောင်းမှာ လင်းယုန်ကြီးဆိုတာ မရှိပါဘူး"

ကျန်းလုံထင်းက...

"ဒါဆို ရသေ့ကျောင်းထဲကို ကျုပ်ဝင်ရှာရတော့မယ် ထင်တယ်"

ဘုန်းကြီးအိုကြီးက...

"ဒါတော့ မောင်ရင်လေး သဘောပါပဲ"

ကျန်းလုံထင်း ပြုံးလိုက်သည်။

"ကောင်းပြီ"

ကိုယ်ဖော့ပညာ အသုံးပြုကာ ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်လျှင်...

"ဟူး"

ကျန်းလုံထင်းမှာ ရသေ့ကျောင်းပေါ်သို့ ရောက်ရှိသွားတော့သည်။

ရသေ့အိုကြီးက စတင်တိုက်ခိုက်လိုက်လေသည်။

"ဝှီး"

ရသေ့အိုကြီး၏လက်ဝါးက ကျန်းလုံထင်း၏ရင်ဝသို့ တိုးဝင်သွားလေသည်။



ကျန်းလုံထင်းက ရှောင်တိမ်းခြင်း မပြုဘဲ လက်ဝါးပြင်ပေါ်သို့ လက်ညှိုးဖြင့် ထောက်ချလိုက်လေသည်။

ဆက်၍ မတိုက်ခိုက်ဝံ့တော့ဘဲ လက်ဝါးကို ရုပ်သိမ်းကာ နောက်ဆုတ်လိုက်လေသည်။

ကျန်းလုံထင်းက...

"သည်ကျောင်းက ရသေ့တွေဟာ သိုင်းပညာတတ်မြောက်ထားကြတာကိုး"

ထိုစဉ်...

တောင်ဝှေးကိုင်ထားသော ရသေ့ငါးယောက်က ထွက်ပေါ်လာပြီး ကျန်းလုံထင်းအား ဝိုင်းရံထားလိုက်ကြလေသည်။

ရသေ့အိုကြီးက...

"ကျန်းလုံထင်း၊ မင်း ရသေ့ကျောင်းထဲက ထွက်သွားလို့ မရတော့ဘူး"

ဟု ခြိမ်းခြောက်လိုက်လေသည်။

ကျန်းလုံထင်းက...

"လင်းယုန်ကြီးကို မတွေ့ရဘဲ ကျုပ် ပြန်ထွက်မသွားနိုင်ဘူးလို့ ပြောပြီးပါပြီဗျာ"

ရသေ့အိုကြီး လက်ဝှေ့ယမ်းပြလိုက်လေသည်။

ထိုအခါ ရသေ့ငါးပါးက ညာသံပေးကာ တိုက်ခိုက်လိုက်ကြလေသည်။

"ဟိတ်"

"ယား"

ရသေ့ငါးယောက်၏ လက်တွဲညီညီ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းလှပေသည်။

ကျန်းလုံထင်း မပေါ့ဆလို့ဘဲ သတိကြီးစွာ ထားကာ ပြန်လည်တိုက်ခိုက်လိုက်ရလေသည်။

ရသေ့ကျောင်းလေးထဲ၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ရသေ့အိုကြီးက ပါဝင်တိုက်ခိုက်ခြင်း မပြုဘဲ အခြေအနေစောင့်ကြည့်နေ၏။

ရသေ့ငါးယောက်နှင့် ကျန်းလုံထင်းတို့ အပြန်အလှန် တိုက်ခိုက်နေသည်ကို ကြည့်ရင်း လက်တစ်ဘက် ဝှေ့ယမ်းလိုက်လေသည်။

"ဝှစ်...ဝှစ်...ဝှစ်"

အဆိပ်အပ်ကလေးများသည် ကျန်းလုံထင်းထံသို့ ပစ်လွှင့်သွားလေတော့သည်။

ကျန်းလုံထင်းက အင်္ကျီလက်ကို ဝှေ့ယမ်းလိုက်လျှင် လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာကာ အဆိပ်အပ်ကလေးများကို ဖယ်ရှားပြီးသား ဖြစ်သွားတော့သည်။

အဆိပ်အပ်လေးများက ရသေ့ငါးယောက်ထံသို့ ပစ်လွှင့်သွားခြင်း ဖြစ်လေသည်။

ရုတ်တရက်မို့ ရသေ့ငါးယောက်မှာ ရှောင်တိမ်းခြင်း မပြုနိုင်ဘဲ အဆိပ်အပ်လေးများ ထိမှန်သွားတော့သည်။



"အား"

"အမယ်လေး"

"သေပါပြီဗျို့"

ရသေ့ငါးယောက် ရူးရှစွာ အော်ဟစ်ရင်း မြေပေါ်လဲကျသွားလေတော့သည်။

"ဟာ"

ရသေ့အိုကြီးမှာ သူ၏လူများ ခံလိုက်ရသည်ကို မြင်လျှင် ထိတ်လန့်သွားလေသည်။

ဆက်လက်တိုက်ခိုက်ခြင်း မပြုလုပ်တော့ဘဲ ပြတင်းပေါက်မှ တဆင့် အပြင်ဘက် ခုန်ထွက်သွားတော့သည်။

ကျန်းလုံထင်းက...

"မပြေးနဲ့"

အော်ငေါက်ရင်း ရသေ့အိုကြီး နောက်သို့ လိုက်သွားလေသည်။

သို့သော်...

အပြင်ဘက် ရောက်လျှင် ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေပြီး ရသေ့အိုကြီးကို မတွေ့ရတော့ချေ။

ကျန်းလုံထင်း စိတ်ပျက်သွားလေတော့သည်။

♣ ♣ ♣

## ဒုတိယအကြိမ်

စားသောက်ဆိုင်...။

ဖောင်ရှမ်း၏စားသောက်ဆိုင်သို့ ကျန်းလုံထင်းက ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာလေသည်။

ထုံးစံအတိုင်း...

ဖောင်ရှမ်းသည် ကျမ်းလုံထင်းအား တွေ့မြင်လိုက်ရသည်နှင့် မျက်စိမျက်နှာ ပျက်သွားလေတော့သည်။

"မင်း.."

"ခင်ဗျား ပြောတာ မှားနေတယ်ဗျ"

"ဘာမှားတာလဲ"

"ရသေ့ကျောင်းမှာ လင်းယုန်ကြီး မရှိဘူး"

"သူက.."



"ကျူပ်သွားရှာပြီးပြီ"

ဖောင်ရှမ်းက...

"ဒါဆိုရင် မြို့အနောက်ဘက်က ရသေ့ကျောင်းမှာ ရှိလိမ့်မယ်"

"ဘာဗျ"

"သည်မြို့မှာ ရသေ့ကျောင်းနှစ်ခု ရှိတယ်၊ မြို့အရှေ့ဘက်မှာ တစ်ကျောင်း၊ အနောက်ဘက်မှာ တစ်ကျောင်း၊ နှစ်ကျောင်း ရှိတယ်"

ကျန်းလုံထင်းက ဖောင်ရှမ်းအား ပြုံး၍ ကြည့်လိုက်လေသည်။

ဖောင်ရှမ်းက...

"မင်းက မြို့အရှေ့ဘက်က ဘုံကျောင်းကို သွားခဲ့တာပဲဖြစ်မယ်"

ကျန်းလုံထင်းက...

"အခု မြို့အနောက်ဘက်က ရသေ့ကျောင်းကို သွားရမယ်ဟုတ်လား"

"ဟုတ်တယ်"

"မြို့အနောက်ဘက်က ရသေ့ကျောင်းမှာ လင်းယုန်ကြီး ရှိမယ်ဆိုပါတော့"

"ဟုတ်တယ်"

ကျန်းလုံထင်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ မြို့အနောက်ဘက်က ရသေ့ကျောင်းကို ကျုပ်သွားလိုက်ဦးမယ်"

ဖောင်ရှမ်းက...

"သည်တစ်ခါတော့ ကျုပ်ဆီကို ပြန်မလာခဲ့နဲ့တော့"

ကျန်းလုံထင်း မကြားချင် ဟန်ဆောင်ကာ ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣



## ရသေ့အိုရန်

နေဝန်းနီက ကောင်းကင်ပေါ် မြင့်တက်လာပြီ ဖြစ်သည်။

နေရောင်ခြည်အောက်တွင် မြို့ကလေးမှာ စည်ကားသိုက်မြိုက်နေလေသည်။

ကျန်းလုံထင်းက မင်းလမ်းကြီးအတိုင်း လျှောက်လာရင်း တစ်နေရာသို့ အရောက်တွင် လမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်၌ ရပ်နေသော အဘိုးအိုတစ်ယောက်က သူ့အား အကဲခတ်ကြည့်နေသည်ကို အမှတ်မထင် သတိပြုမိလိုက်လေသည်။

ကျန်းလုံထင်း၏ရင်ထဲ ထိတ်ခနဲ ဖြစ်သွားလေသည်။

ထိုအဘိုးအို၏မျက်လုံးများက စူးရှတောက်ပနေ၏။

ထိပ်တန်းသိုင်းပညာရှိသူ တစ်ယောက် ဖြစ်ကြောင်း ဖော်ပြနေသည် မဟုတ်ပါလား။

ယခု...

ထူးခြားသူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် သတိထားနေလိုက်လေသည်။

ကျန်းလုံထင်းက ရှေ့ဆက်လှမ်းသွားလိုက်လေသည်။

ခပ်လှမ်းလှမ်းသို့ ရောက်လျှင် မသိမသာ နောက်လှည့်ကြည့်လိုက်သောအခါ သစ်ပင်အောက်မှ အဘိုးအိုကို မတွေ့ရတော့ချေ။

ကျန်းလုံထင်း သက်ပြင်းချကာ ရှေ့ဆက်လှမ်းသွားရာ မကြာပါချေ။

မြို့အနောက်ဘက် ဘုံကျောင်းသို့ ရောက်ရှိသွားလေတော့သည်။

♣ ♣ ♣

မြို့အနောက်ဘက် ဘုံကျောင်းသည် တောင်ကုန်းလေးတစ်ခုပေါ်၌ တည်ရှိခြင်း ဖြစ်လေသည်။

ကျန်းလုံထင်း အံ့သြသွားသည်။

သူရောက်ခဲ့ဖူးသော မြို့အရှေ့ဘက် ရသေ့ကျောင်းနှင့် တစ်ပုံစံတည်း တူညီနေသည် မဟုတ်ပါလား။

"ရသေ့ကျောင်းနှစ်ကျောင်းက တစ်ပုံစံတည်း ဖြစ်နေပါလား"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...



"ဟုတ်တယ်၊ ကျောင်းတွေက အတူတူပဲ၊ ရသေ့တွေကလဲ အတူတူပဲ"

နောက်ကျောဘက်မှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျန်းလုံထင်း လှည့်ကြည့်လိုက်သောအခါ ရသေ့တစ်ပါးကို တွေ့လိုက်ရလေသည်။

ထိုရသေ့အား ကျန်းလုံထင်း ချက်ချင်း မှတ်မိလိုက်လေသည်။

ထိုရသေ့မှာ ရသေ့အိုရန် မဟုတ်ပါလား။

ရသေ့အိုရန်က...

"မင်းက မြို့အရှေ့ဘက် ရသေ့ကျောင်းကို ရောက်ခဲ့ပြီးပြီ မဟုတ်လား"

ကျန်းလုံထင်းက...

"ဟုတ်ပါတယ်ဗျာ"

"လင်းယုန်ကြီးကို မတွေ့ဘူး မဟုတ်လား"

"မရှိဘူးဗျ"

"ကျုပ်ပြောသားပဲ၊ မင်းကမှ နားမထောင်ခဲ့တာကိုး"

"ဒါပေမယ့် ရသေ့ကျောင်းက ရသေ့တွေကတော့ ကျုပ်ကို ဝိုင်းပြီး တိုက်ခိုက်ခဲ့ကြတယ်"

ရသေ့အိုရန်က...

"သူတို့ဟာ ရသေ့ဟန်ဆောင်ထားကြသူတွေပဲလေ၊ မင်း

ရိပ်မိမှာပါ"

ကျန်းလုံထင်း သက်ပြင်းချလိုက်လေသည်။

"အနောက်ဘက် ရသေ့ကျောင်းကကော"

ရသေ့အိုရန်က...

"ကျုပ်က မသွားပါနဲ့ဆိုရင်လဲ မင်းက သွားမှာပဲ မဟုတ်လား"

ကျန်းလုံထင်းက...

"ကျုပ်ကို ခွင့်ပြုပါဦးဗျာ"

ရသေ့အိုရန်ကို နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

အနောက်ဘက်ရသေ့ကျောင်း...။

အနောက်ဘက်ရသေ့ကျောင်းသို့ ကျန်းလုံထင်း ရောက်လာပြီ ဖြစ်လေသည်။

ရသေ့ကျောင်းသည် သစ်ပင်ရိပ်များကြောင့် အေးချမ်းကာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ရသေ့ကျောင်း၌ လူရိပ်လူရောင် လုံးဝမတွေ့ရပါချေ။

ကျန်းလုံထင်း ရသေ့ကျောင်းရှေ့သို့ ရောက်သွားလျှင် ရသေ့အိုကြီးတစ်ပါးကို တွေ့လိုက်ရလေသည်။

ထိုရသေ့အိုကြီးကို မြင်လျှင် ကျန်းလုံထင်း ကြောင်အမ်း



အမ်း ဖြစ်သွားလေသည်။

"ခင်..ခင်ဗျား"

ရသေ့အိုကြီးက...

"မောင်ရင်လေး ဘာတွေ ပြောနေတာလဲ၊ ကျုပ်လဲ နားမလည်ပါလား"

"ခင်..ခင်ဗျား"

ကျန်းလုံထင်း မကျေမနပ် ဖြစ်သွားလေသည်။

ထိုရသေ့အိုကြီးသည် အရှေ့ဘက် ရသေ့ကျောင်း၌ ညက တွေ့ခဲ့ရသော ရသေ့အိုကြီးပင် ဖြစ်လေသည်။

ရသေ့အိုကြီးက အဆိပ်အပ်ကလေးများနှင့် ပစ်ခတ်ခဲ့သည်။

ထိုအဆိပ်အပ်ကလေးများသည် ကျန်းလုံထင်းအား မထိနိုက်နိုင်ခဲ့ဘဲ ရသေ့ငါးပါးကို လဲကျသေဆုံးသွားစေခဲ့သည်။

ရသေ့အိုကြီးလည်း ထွက်ပြေးသွားတော့သည်။

ယခု...

ထိုရသေ့အိုကြီးအား အနောက်ရသေ့ကျောင်း၌ ပြန်တွေ့လိုက်ရပြီ ဖြစ်သည်။

ရသေ့ကြီးက ဘာမှ မသိသလို ရှိနေသည်။

ကျန်းလုံထင်း မဲ့ပြုံးပြုံးလိုက်သည်။

"သည်တစ်ခါ ခင်ဗျားအလှည့်ပဲ"

ရသေ့ကြီးက...

"မောင်ရင်လေး ဘာတွေ ပြောနေတာလဲ"

ကျန်းလုံထင်းက...

"ကျုပ်က ခင်ဗျားနဲ့ တိုက်ခိုက်ဖို့ လာခဲ့တာ မဟုတ်ဘူး၊ လင်းယုန်ကြီးကို ဖမ်းဆီးဖို့ လာခဲ့တာ၊ လင်းယုန်ကြီး ဘယ်မှာလဲ"

ရသေ့ကြီး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသိဘူး"

ကျန်းလုံထင်းက...

"ကောင်းပြီ၊ ကျုပ်က ရသေ့ကျောင်းထဲ မဝင်တော့ပါဘူး"

ရသေ့ကြီး ပြုံးလိုက်သည်။

"သည်လိုမှပေါ့ကွာ"

ကျန်းလုံထင်းက...

"ဒါပေမယ့် ကျုပ်က ပြန်သွားမှာတော့ မဟုတ်ပါဘူး"

ရသေ့ကြီးက...

"မင်း ဘာလုပ်မလို့လဲ"

ကျန်းလုံထင်းက ရသေ့ကြီးကို လက်ညှိုးညွှန်လိုက်လေသည်။

"ခင်ဗျားကို ဖမ်းဆီးပြီး လင်းယုန်ကြီး ဘယ်မှာ ရှိတယ်ဆိုတာ မေးတော့မယ်"

ရသေ့ကြီးက...

"မင်းက.."

"ခင်ဗျားသတိထားပါ"



ကျန်းလုံထင်းက ရှေ့တိုးပြီး ရသေ့ကြီးအား တိုက်ခိုက်လိုက်လေတော့သည်။

♣ ♣ ♣

ကျန်းလုံထင်းက ရသေ့ကြီးအား တိုက်ခိုက်လိုက်ပြီ ဖြစ်လေသည်။

ဤတွင် ရသေ့ကြီးလည်း ဆက်လက်ဟန်မဆောင်နိုင်တော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်ရလေတော့သည်။

ထိုရသေ့ကြီးသည် မြို့အရှေ့ဘက် ရသေ့ကျောင်း၌ အဆိပ်အပ်ဖြင့် တိုက်ခိုက်ခဲ့သည့် ရသေ့ကြီးပင် ဖြစ်ပေတော့သည်။

ရသေ့ကြီးက နောက်ဆုတ်ကာ အဆိပ်အပ်လေးများဖြင့် ပစ်ခတ်လိုက်လေသည်။

"ဝှစ်..ဝှစ်..ဝှစ်"

အဆိပ်အပ်ကလေးများသည် လေထုကို ထိုးခွဲကာ ကျန်းလုံထင်းထံသို့ ပစ်လွှင့်သွားလေသည်။

ကျန်းလုံထင်းက ရှောင်တိမ်းခြင်း မပြုဘဲ အင်္ကျီလက်ကို ဝှေ့ယမ်းကာ ရိုက်ထုတ်လိုက်လေသည်။

"ဟူး"

ထွက်ပေါ်လာသော လေပွေလှိုင်းများသည် အဆိပ်အပ်လေးများကို လာလမ်းအတိုင်း ပြန်လည်ပစ်လွှင့်သွားစေခဲ့လေသည်။

"ဟာ"

ရသေ့ကြီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကပျာကယာ မြေပေါ် လှဲချကာ ရှောင်တိမ်းလိုက်ရလေသည်။

"ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

ကျန်းလုံထင်းက ခုန်ဝင်သွားပြီး လူးလိမ့်ခုန်ထလာသည့် ရသေ့ကြီးအား သွေးကြောပိတ်ကာ ဖမ်းဆီးထားလိုက်လေတော့သည်။

♣ ♣ ♣

ရသေ့ကြီး အဖမ်းခံလိုက်ရပြီ ဖြစ်သည်။

ကျန်းလုံထင်း ပြုံးလိုက်သည်။

"ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

ရသေ့ကြီးက...

"မင်းကံကောင်းသွားတယ်"

"ဟုတ်တယ်၊ ခင်ဗျားကတော့ ကံဆိုးသွားတာပေါ့လေ"

"ကျန်းလုံထင်း၊ ကျုပ်ကို ဖမ်းဆီးနိုင်ခဲ့ပေမယ့် လင်းယုန်ကြီးကို မင်း ဘယ်တော့မှရမယ် မထင်နဲ့"

ကျန်းလုံထင်း မျက်မှောင်ကုပ်သွားသည်။

"နေပါဦး၊ ခင်ဗျားတို့က ဘာကြောင့် သူ့ကို သည်လောက်



တောင် အကာအကွယ်ပေးချင်နေကြရတာလဲဗျ"

ရသေ့ကြီးက...

"မင်းက လင်းယုန်ကြီးဟာ ဘယ်သူဘယ်ဝါဆိုတာ မင်း မသိသေးဘဲကိုး"

ကျန်းလုံထင်း မဲ့ပြုံးပြုံးလိုက်သည်။

"သူဟာ လူဆိုးဓားပြတစ်ယောက်ပဲဗျာ၊ သူ့အကြောင်းကို ကျုပ် ဘာကြောင့် မသိရမှာလဲ"

ရသေ့ကြီး ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ လင်းယုန်ကြီးဟာ သည်အရပ်ဒေသကို ကြီးစိုးထားတဲ့ ရွှေမျက်နှာဖုံးနဲ့ ဆွေမျိုးတော်စပ်နေတာပဲ"

"ရွှေမျက်နှာဖုံး"

"ဟုတ်တယ်၊ သည်နယ်မှာ လူတိုင်းဟာ ရွှေမျက်နှာဖုံးကို ကြောက်ရွံ့ထိတ်လန့်ကြတယ်၊ သူ့ကို ဘယ်သူကမှ မလွန်ဆန်ဝံ့ကြဘူး"

ကျန်းလုံထင်းက...

"လင်းယုန်ကြီးကို ရွှေမျက်နှာဖုံးက အကာအကွယ်ပေးထားတာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ခင်ဗျားတို့ ရသေ့ကျောင်းနှစ်ခုကကော ရွှေမျက်နှာဖုံးနဲ့ ဘယ်လို ပတ်သက်နေသလဲ ပြောပါဦး"

ရသေ့ကြီးက...

"ကျုပ်တို့အားလုံးဟာ ရွှေမျက်နှာဖုံးရဲ့ လူတွေပဲ"

ကျန်းလုံထင်း၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"ကောင်းပြီလေ၊ ကျုပ်က ရွှေမျက်နှာဖုံးနဲ့ စာရင်းရှင်းရသေးတာပေါ့"

ရသေ့ကြီး ခေါင်းခါယမ်းလိုက်သည်။

"မင်း ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး"

ကျန်းလုံထင်းက...

"ကြည့်ကြသေးတာပေါ့"

သူက ရသေ့ကြီးကို စိုက်ကြည့်လိုက်သည်။

"ကဲ လင်းယုန်ကြီးနဲ့ ရွှေမျက်နှာဖုံးက ဘယ်မှာလဲဆိုတာ ပြောပါ"

ရသေ့ကြီးက...

"ကျုပ်ကို သတ်ပစ်လိုက်ပါ။ ကျုပ်က ပြောမှာ မဟုတ်ဘူး"

"ခင်ဗျား.."

"မင်းကို ပြောပြရင် သူက ကျုပ်ကိုသတ်မယ်၊ ပြောမပြရင် မင်းက ကျုပ်ကိုသတ်မယ်၊ ကျုပ်အတွက် ဘာထူးမှာမို့လဲ"

ကျန်းလုံထင်း သက်ပြင်းချလိုက်သည်။

"ခင်ဗျား တကယ် မပြောဘူးလား"

"ကျုပ် မပြောဘူး"

"ကောင်းပြီ"

ကျန်းလုံထင်း လက်တစ်ဘက် ဆန့်ထုတ်လိုက်၏။



ရသေ့ကြီးက သူ့အား သတ်ပစ်တော့မည်ဟု ထင်လိုက်မိလေသည်။

သို့သော်...

ကျန်းလုံထင်းက တိုက်ခိုက်ခြင်း မပြုဘဲ သွေးကြောဖွင့်ပေးလိုက်လေသည်။

"ဟင်"

ရသေ့ကြီး အံ့သြသွားလေသည်။

"မင်းက ကျုပ်ကို မသတ်ဘူးလား"

ကျန်းလုံထင်း ခေါင်းခါယမ်းလိုက်လေသည်။

"ခင်ဗျား သွားလိုရာ သွားနိုင်ပါပြီဗျာ"

"ကျုပ်.."

"ခင်ဗျားသွားနိုင်ပါပြီ"

ရသေ့ကြီး မယုံနိုင်အောင် ဖြစ်နေသည်။

ကျန်းလုံထင်းကို အတန်ကြာအောင် စိုက်ကြည့်ပြီးမှ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော်...

ရသေ့ကြီး ခြေလှမ်းတုန့်ခနဲ ရပ်လိုက်သည်။

ကျန်းလုံထင်းက...

"ခင်ဗျား မသွားသေးဘူးလား"

ရသေ့ကြီးက...

"ကျုပ် မသွားဘူး"

"ဘာဖြစ်လို့လဲဗျ"

"ကျုပ်သွားရင် မင်းက ကျုပ်ကို နောက်ရောင်ခံလိုက်လာမယ်ဆိုတာ ကျုပ်သိတာပေါ့"

"ဩော်"

ကျန်းလုံထင်း ပြုံးလိုက်လေသည်။

"ကျုပ်နောက်ရောင်ခံလိုက်လာမှာကို ခင်ဗျားကြောက်နေတာကိုး"

"ဟုတ်တယ်"

"ကောင်းပြီ၊ ခင်ဗျား မသွားရင် ကျုပ်သွားမယ်၊ ခင်ဗျားနေခဲ့ပေတော့"

စကားဆုံးလျှင် ကျန်းလုံထင်းက ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။

ရသေ့ကြီးလည်း ပါးစပ်အပေါင်းသား ဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

♣ ♣ ♣



ကျန်းလုံထင်းက ရသေ့ကြီးကို ကျောခိုင်းကာ ထွက်လာခဲ့လေသည်။

ဝါးတစ်ရိုက်ခန့်သို့ ရောက်လျှင်...

"အား"

နောက်ကျောဘက်မှ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျန်းလုံထင်း ကပျာကယာ လှည့်ကြည့်လိုက်လျှင် ရသေ့ကြီး မြေပေါ်လဲကျနေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်"

ရသေ့ကြီးအား တစ်စုံတစ်ယောက်က လုပ်ကြံလိုက်ပြီ ဖြစ်လေသည်။

ကျန်းလုံထင်း ကပျာကယာ ပြေးသွားပြီး ကြည့်လိုက်လေသည်။

ရသေ့ကြီးကား သေဆုံးနေပြီ ဖြစ်သည်။

သူ၏တစ်ကိုယ်လုံး မီးသွေးတုံးပမာ မည်းနက်နေခြင်းကြောင့် အလွန်ပြင်းထန်သော အဆိပ်ဖြင့် လုပ်ကြံခံလိုက်ရကြောင်း ထင်ရှားလေသည်။

ရသေ့ကြီးအား မည်သူက လုပ်ကြံသွားပါသနည်း။

ကျန်းလုံထင်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ထိုအခါ မလှမ်းမကမ်း တစ်နေရာ၌ ပြေးလွှားသွားသော

လူရိပ်တစ်ခုကို တွေ့လိုက်ရလေသည်။

ကျန်းလုံထင်း ခံပြင်းသွားလေသည်။

"သိကြသေးတာပေါ့"

ကြုံးဝါးရင်း တဟုန်ထိုး ပြေးလိုက်သွားတော့သည်။

♣ ♣ ♣

လူရိပ်သည် ရသေ့ကျောင်း ဝဲဘက်ရှိ သစ်ပင်များကြားသို့ ပြေးဝင်ပျောက်ကွယ်သွားလေသည်။

ကျန်းလုံထင်း သစ်ပင်များကြားသို့ ရောက်ရှိသွားသောအခါ လူရိပ်လူရောင် မတွေ့ရတော့ပါ။

ကျန်းလုံထင်း ခံပြင်းသွားလေသည်။

"ပုန်းမနေပါနဲ့ဗျာ၊ ထွက်လာခဲ့ပါ"

ဟု အော်ပြောလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သူ၏စကားသံ ဆုံးသွားသည်နှင့်...

"ဝှစ်...ဝှစ်...ဝှစ်"

သစ်ပင်များကြားမှ လက်နက်ပုန်းလေးများ ပစ်လွှင့်လာလေတော့သည်။

"သည်လို ရှိုးလား"

လက်ဝှေ့ယမ်းကာ လက်နက်ပုန်းလေးများကို ရိုက်ထုတ်ရန်



ဟန်ပြင်လိုက်လေသည်။

သို့သော်...

လက်နက်ပုန်းလေးများသည် အပ်ကလေးများ မဟုတ်ဘဲ မည်းမည်းအလုံးလေးများ ဖြစ်သည်။

ပေါက်ကွဲကာ အဆိပ်အခိုးအငွေ့များ ထွက်လာစေသည့် ထူးခြားသော လက်နက်ပုန်းလေးများ ဖြစ်နေပါတော့သည်။

"ဟာ"

ကျန်းလုံထင်း ရင်ထိတ်သွားလေသည်။

ကပျာကယာ ရှောင်တိမ်းရန် ဟန်ပြင်လိုက်စဉ်...

"သတိထား"

လူတစ်ယောက် ရိပ်ခနဲ ရောက်ရှိလာပြီး သူ၏အင်္ကျီဖြင့် အဆိပ်လုံးလေးများကို ဖမ်းယူကာ အင်္ကျီကို အဝေးသို့ ပစ်လွှင့်လိုက်လေသည်။

"ဖောက်...ဖောက်"

အဆိပ်လုံးလေးများ ပေါက်ကွဲသွားပြီး အဆိပ်ငွေ့များ ထွက်လာသော်လည်း ကျန်းလုံထင်းကို ဒုက္ခမပေးနိုင်တော့ချေ။

ကျန်းလုံထင်းက ကြားဝင်ကူညီလိုက်သူကို ကြည့်လိုက်ရာ

"ဟင် ရသေ့အိုရန်ပါလား"

သူ့အား ကူညီလိုက်သူမှာ ရသေ့အိုရန် ဖြစ်ကြောင်း တွေ့လိုက်ရလေသည်။ ရသေ့အိုရန်က...

"မင်း ခုလို ပျော့ကလုပ်နေရင် တစ်ချိန်ချိန်မှာ သူတို့ရဲ့

ထောင်ချောက်မိပြီး ဒုက္ခရောက်ရမှာ သေချာတယ်”

ကျန်းလုံထင်းက…

“ခင်ဗျားက သူတို့အကြောင်းကို သိနေတယ် မဟုတ်လား”

ရသေ့အိုရန် သက်ပြင်းချလိုက်သည်။

“ကျုပ်က သူတို့အကြောင်းကို သိနေတာ အမှန်ပါပဲ”

ဟု ဝန်ခံလိုက်လေသည်။

ကျန်းလုံထင်းက…

“ဒါဖြင့် ဘာကြောင့် ကျုပ်ကို ပြောမပြချင်ရတာလဲဗျ”

ရသေ့အိုရန်က…

“မင်းဒုက္ခရောက်သွားမှာကို စိုးရိမ်လို့ပါ။ ဒါပေမယ့်..”

“ဒါပေမယ့် ဘာဖြစ်သလဲ”

“ခုတော့ မထူးတော့ပါဘူးလေ၊ ကျုပ်ပြောပြရတော့မှာပေါ့”

ရသေ့အိုရန်၏စကားကြောင့် ကျန်းလုံထင်း ဝမ်းသာသွားလေသည်။

“ခင်ဗျားပြောပြမယ်ဆိုယင် ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ”

ရသေ့အိုရန်က တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

“သည်မြို့လေးမှာ ရသေ့ကျောင်းနှစ်ကျောင်း ရှိခဲ့တယ်၊ တစ်ကျောင်းက နေ့ရသေ့ကျောင်း၊ နောက်တစ်ကျောင်းက ညရသေ့



ကျောင်းပေါ့၊ ညရသေ့ကျောင်းက ရသေ့တွေဟာ ရသေ့ဟန်ဆောင်ထားတဲ့ လူဆိုးဓားပြတွေပဲ၊ ကျုပ်တို့က သူတို့ကို လက်မခံဘူး၊ သူတို့ရဲ့ မကောင်းတဲ့ လုပ်ရပ်တွေကို ဟန့်တားခဲ့ကြတယ်၊ နောက်ပိုင်းမှာ ညရသေ့ကျောင်းဟာ ရွှေမျက်နှာဖုံးနဲ့ ပေါင်းမိပြီး ကျုပ်တို့ကို မောင်းထုတ်လိုက်တယ်၊ ကျုပ်တို့ရသေ့ကျောင်းကိုလဲ သိမ်းပိုက်လိုက်ကြတယ်”

ရသေ့အိုရန်သည် ရွှေမျက်နှာဖုံးတို့လူစုအား ချေမှုန်းရန်ကြိုးစားနေသူ ဖြစ်ကြောင်း ထင်ရှားပေါ်လွင်လာလေတော့သည်။

ကျန်းလုံထင်းက…

“ရွှေမျက်နှာဖုံးက ဘယ်မှာလဲ”

ရသေ့အိုရန်က…

“မင်းရဲ့မိတ်ဆွေ ဖောင်ရှမ်းရဲ့ဆိုင်မှာ”

“ကျေးဇူးပါပဲဗျာ”

ကျန်းလုံထင်းသည် ရသေ့အိုရန်ကို ကျေးဇူးတင်စကားပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ပြေးလွှားသွားလေတော့သည်။

ရသေ့အိုရန် သက်ပြင်းချလိုက်သည်။

ကျန်းလုံထင်း ကံကောင်းဖို့ ဆုတောင်းပေးလိုက်လေတော့သည်။

♣ ♣ ♣

စားသောက်ဆိုင်လေးသည် ခါတိုင်းနှင့် မတူဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကျန်းလုံထင်း သတိထားကာ ဆိုင်ထဲ လှမ်းဝင်လိုက်လေသည်။

ဆိုင်ထဲ၌ လူသုံးယောက် ရှိနေ၏။

ဆိုင်ရှင်ဖောင်ရှမ်း၊ ဆိုင်လုလင်တစ်ဦးနှင့် အရက်သောက်နေသူတစ်ဦးတို့ ဖြစ်လေသည်။

ဆိုင်ရှင်ဖောင်ရှမ်းကို ကျန်းလုံထင်း သိထားပြီး ဖြစ်လေသည်။

ထို့အတူ...

အသက်ကြီးကြီး ဆိုင်လုလင်ကိုလည်း သိထား၏။

ထိုဆိုင်လုလင်ကား ကျန်းလုံထင်း လိုက်ရှာနေသည့် လင်းယုန်ကြီး ဖြစ်သည်။

လင်းယုန်ကြီးက ဆိုင်လုလင်အဖြစ် ဟန်ဆောင်ထားခြင်း ဖြစ်သည်။

ကျန်အရက်သောက်နေသူကိုမူ ကျန်းလုံထင်း လုံးဝမသိချေ။

သို့သော် ထိုလူသည် သံတင်းကြီးနေသော ရှေ့မျက်နှာဖုံး ဖြစ်ရမည် ဟု နားလည်လိုက်လေသည်။

ဖောင်ရှမ်းက...

"ကျန်းလုံထင်း။ မင်းလာပြန်ပြီလား"



ဟု လှမ်းပြောလိုက်သည်။

ကျန်းလုံထင်းက...

"သည့်ဘစ်ခါ ကျုပ် ဘာကြောင့် လာတယ်ဆိုတာ ခင်ဗျား သိပါတယ်"

ဖောင်ရှမ်းက...

"ဘာကြောင့်လဲ ပြောစမ်းပါဦး"

ကျန်းလုံထင်းက...

"သူတို့နှစ်ယောက်ကြောင့်ပဲ"

လင်းယုန်ကြီးနှင့် အရက်သောက်နေသော အဘိုးအိုတို့အား ညွှန်ပြကာ ပြောလိုက်လေသည်။ လင်းယုန်ကြီးက ရယ်မောလိုက်၏။

"မင်းတော်တော် သတ္တိကောင်းတာပဲ"

ကျန်းလုံထင်းက...

"ခင်ဗျားက မြေကြီးထဲ ဝင်ပုန်းနေတယ်ဆိုရင်လဲ ကျုပ်က မီအောင် ဖမ်းမှာပဲဗျ"

လင်းယုန်ကြီးက...

"သိပ်ပြီး အပြောမကြီးနဲ့"

စကားဆုံးလျှင် ကျန်းလုံထင်းထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ကျန်းလုံထင်းက ပြန်လည်တိုက်ခိုက်လိုက်သည်။

ယခုတစ်ကြိမ်...

အန္တရာယ် အလွန်များနေကြောင်း သိထား၍ ကျန်းလုံထင်း

က ခါးမှစားကို ထုတ်ကာ အသုံးပြုလိုက်လေသည်။

ဖောင်ရှမ်းနှင့် အရက်သောက်နေသော အဘိုးအို(ဝါ) ရွှေမျက်နှာဖုံးတို့က မလှုပ်မယှက် ထိုင်ကာ တိုက်ပွဲကို စိုက်ကြည့်နေလိုက်ကြလေတော့သည်။

♣ ♣ ♣

လင်းယုန်ကြီးကလည်း ဓားတစ်လက် အသုံးပြုကာ တိုက်ခိုက်လေသည်။

ထိပ်တန်းသိုင်းသမားများ ဖြစ်ရကား သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

တိုက်ပွဲကို ကြည့်ရင်း ရွှေမျက်နှာဖုံး သက်ပြင်းချလိုက်လေသည်။

"လေလွင့်ဓားသိုင်းက တကယ့်ကို အစွမ်းထက်နေတာပဲကိုး"

ဟု ရေရွတ်လိုက်လေသည်။

ဖောင်ရှမ်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရွှေမျက်နှာဖုံးက မည်သူ့ကို ချီးကျူးလိုက်ပါသနည်း။

ထိုအချိန်မှာပင်...

"အား"

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။



လင်းယုန်ကြီး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။

ထို့နောက်...

"ဝုန်း"

ကြမ်းပြင်ပေါ် လဲကျကာ မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

♣ ♣ ♣

- လင်းယုန်ကြီး သေဆုံးသွားပြီ ဖြစ်လေသည်။

လေလွင့်ဓားသိုင်း...။

ရွှေမျက်နှာဖုံး ချီးကျူးလိုက်သည့် ဓားသိုင်းမှာ ကျန်းလုံထင်း၏ဓားသိုင်းကို ဖြစ်ကြောင်း ဖောင်ရှမ်း နားလည်သွားလေတော့သည်။

ကျန်းလုံထင်း၏ဓားသိုင်းမှာ ကျန်းလုံထင်းကဲ့သို့ ဦးတည်ရာမဲ့ ခြေဦးတည့်ရာ သွားနေသကဲ့သို့ ဦးတည်ရာမဲ့သော ဓားသိုင်းဖြစ်လေသည်။

သို့သော် ထိုဦးတည်ရာမဲ့ ဓားသိုင်းကား ကြောက်မက်ဖွယ်ကောင်း အောင် ထက်မြက်နေပါတော့သည်။

ကျန်းလုံထင်းက...

"ကျူပ်ကို ချီးကျူးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ပြောလိုက်သည်။

ရွှေမျက်နှာဖုံးက...

"ကျုပ်က မင်းရဲ့ ဓားသိုင်းကို လေ့လာကြည့်ချင်သေးတယ်"

ကျန်းလုံထင်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကလဲ သည်နယ်မှာ ခင်ဗျား ဘာကြောင့် နာမည်ကြီးနေရတယ်ဆိုတာ သိချင်ပါသေးတယ်"

ရွှေမျက်နှာဖုံးက...

"ကျုပ်တို့ လူရှင်းတဲ့ မြို့ပြင်ကို သွားကြတာပေါ့"

"ကောင်းပါပြီဗျာ"

ကျန်းလုံထင်းက သဘောတူလိုက်လေတော့သည်။

♣ ♣ ♣



## တစ်ချိန်က လူများ

အရက်ဆိုင်လေးထဲ၌ လူသုံးယောက် ထိုင်ကာ အရက်သောက်နေကြသည်။

ထိုလူသုံးယောက်မှာ ကျန်းလုံထင်း၊ လုံးဂူနှင့် ထိန်ချွမ်းတို့ဖြစ်လေသည်။

ကျန်းလုံထင်းက ရွှေမျက်နှာဖုံးနှင့် တွေ့ဆုံခဲ့ရပုံကို ပြောပြရာ လုံးဂူတို့က စိတ်ဝင်စားစွာ နားထောင်နေခဲ့ကြလေသည်။

ကျန်းလုံထင်းက ရွှေမျက်နှာဖုံးနှင့် ထိပ်တိုက်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည်။

ယခု သူက အသက်ရှင်နေသေးသဖြင့် ရွှေမျက်နှာဖုံး ရှုံးနိမ့်သွားကြောင်း ထင်ရှားနေသည် မဟုတ်ပါလား။

လုံးဂူက...

"ခင်ဗျားတို့ ယှဉ်ပြိုင်ကြတော့ ရွှေမျက်နှာဖုံး ရှုံးနိမ့်သွားတယ် ဟုတ်လား"

ကျန်းလုံထင်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့ သုံးရက် သုံးည ယှဉ်ပြိုင်ခဲ့ကြတယ်၊ ကျုပ်ရဲ့ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာဆယ်ချက်မက ရခဲ့တယ်၊ ဒါပေမယ့် နောက်ဆုံး သူအရေးနိမ့်သွားခဲ့တာ"

ထိန်ချွမ်းက...

"သူသေသွားတာလား"

"သူက.."

ကျန်းလုံထင်း၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းမှာ ဆိုင်ထဲသို့ လူနှစ်ယောက် ဝင်ရောက်လာကြခြင်းကြောင့် ဖြစ်လေသည်။

အဘိုးအိုတစ်ယောက်၊ အဘွားအိုတစ်ယောက်တို့ ဖြစ်ကြသည်။

နှစ်ယောက်သား စားပွဲတစ်လုံး၌ နေရာယူကာ အရက်နှင့် စားစရာများ မှာကြားစားသောက်လိုက်ကြလေသည်။

ကျန်းလုံထင်း၊ လုံးဂူနှင့် ထိန်ချွမ်းတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

ထိန်ချွမ်း သက်ပြင်းချလိုက်သည်။

"တစ်ချိန်က လူတွေကို ခုချိန်မှာ ပြန်တွေ့ရမယ်လို့ မမျှော်လင့်ခဲ့ဘူး"

ဟု ရေရွတ်လိုက်လေသည်။

ကျန်းလုံထင်းက...



"ရွှေမျက်နှာဖုံးဟာ အရေးနိမ့်သွားခဲ့ပေမယ့် အသက်ရှင်ခဲ့ပါတယ်၊ ရယ်စရာကောင်းတာက ကျုပ်တို့နှစ်ယောက်ဟာ ရန်သူဘဝကနေ မိတ်ဆွေတွေ ဖြစ်သွားခဲ့တာပဲ"

လုံးဂူ အံ့သြသွားသည်။

"သည်လို အဖြစ်အပျက်မျိုး တကယ်ပဲ ရှိခဲ့တာလား"

ကျန်းလုံထင်း ခေါင်းညိတ်လိုက်သည်။

"တကယ်ပေါ့၊ ဒါကြောင့် ရွှေမျက်နှာဖုံးက ထိန်အဘိုးအိုကို လုပ်ကြံဖို့ ကြိုးစားတယ်ဆိုတာကို လက်မခံနိုင်တာပေါ့၊ ကျုပ်တို့ နှစ်ယောက် ယှဉ်ပြိုင်ပြီးကတည်းက သူက မကောင်းမှုတွေကို စွန့်လွှတ်လိုက်ပြီလေ"

လုံးဂူက...

"တစ်ယောက်ယောက်က သူ့နာမည် အလွဲသုံးစား လုပ်တာကို ရွှေမျက်နှာဖုံးက မကျေနပ်ဘူးပေါ့ ဟုတ်လား"

ကျန်းလုံထင်း ခေါင်းညိတ်လိုက်သည်။

"ဒါအမှန်ပဲဗျ"

ထိန်ချွမ်းက...

"မထင်မှတ်တာတွေ ဖြစ်လာတတ်တယ်ဆိုတာ အမှန်ပါပဲ၊ ဥပမာ ခြသေ့်ကျေးရွာက လူတွေလိုပေါ့ဗျာ၊ အကြောင်းအမျိုးမျိုးကြောင့် ထင်ရာစိုင်းချင်တဲ့လူတွေ ဖြစ်သွားကြပေမယ့် နောက်ပိုင်းကျတော့ အမြင်မှန် ရသွားတတ်ကြတယ်လေ"

သူ၏စကားအဆုံးတွင်...

"ဟား..ဟား..ဟား"

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အဘိုးအိုက ရယ်မောလိုက်ခြင်း ဖြစ်လေသည်။

အဘိုးအိုက...

"ထိန်ချမ်း၊ မင်းအဖေ ဒုက္ခရောက်နေတာတောင်မှ မင်းက ရယ်စရာစကား ပြောနိုင်သေးသလား"

ထိုအဘိုးအိုကား ထိန်ဆန်း ဖြစ်လေသည်။

အဘွားအိုမှာ လင်းဝေ ဖြစ်သည်။

ထိန်ဆန်းနှင့် လင်းဝေတို့သည် ထိန်အဘိုးအိုက ကူညီခဲ့ခြင်းကြောင့် ဒုစရိုက်ခေါင်းဆောင် ထိန်ချမ်း၏လက်မှ လွတ်မြောက်ခဲ့ကြပြီး နောင်တရကာ ဓာတ်မြှုပ်နေလိုက်ကြလေသည်။

ထိန်ချမ်းက...

"ကျွန်တော့်အဖေ တကယ်ပဲ ဒုက္ခရောက်မယ်လို့ ဦးထင်နေတာလား"

ထိန်ဆန်းက...

"မင်းအဖေဟာ အမှောင်ကျေးရွာကို ထွက်သွားပြီး ပျောက်ဆုံးသွားတယ်လို့ သတင်းတွေ ဖြစ်ပေါ်နေတာပဲ"

လင်းဝေက...

"သည်သတင်းကြားလို့ ငါတို့ မနေနိုင်ဘဲ ထွက်လာခဲ့ကြတာ"



ဟု ဝင်ပြောလေသည်။

ထိန်ချမ်းက...

"ဖေဖေဟာ အမှောင်ကျေးရွာကို သွားခဲ့တာ မှန်ပါတယ်"

ထိန်ဆန်းက...

"ဒါဖြင့် သူပျောက်ဆုံးသွားတာက.."

ထိန်ချမ်းက...

"ဖေဖေက အမှောင်ကျေးရွာကို သွားရင်း မြောက်ပိုင်းက ရွှေမျက်နှာဖုံးရှင်က သိုင်းလောကကို ဒုက္ခပေးဖို့ ကြံစည်နေတယ်ဆိုတဲ့ သတင်းကြားလိုက်ရတယ်"

အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

ထိန်ချမ်းက စကားဆက်လိုက်သည်။

"ဖေဖေက ရွှေမျက်နှာဖုံးဆိုတာ ထိန်ယုလို့ ထင်မိတယ်၊ ထိန်ယုက ရွှေမျက်နှာလို့ လူသိများတယ် မဟုတ်လား"

ရွှေမျက်နှာနှင့် ရွှေမျက်နှာဖုံးရှင် ဆိုသည်မှာ မှားမည်ဆိုလျှင်လည်း မှားလောက်သည် မဟုတ်ပါလား။

ထိန်ချမ်းက...

"ဒါကြောင့် ဖေဖေက စုံစမ်းပြီး ခြသေ့်ကျေးရွာကို ပြန်သွားတယ်၊ ဒါပေမယ့် ရွာကို ပြန်မရောက်သေးဘူး၊ လမ်းမှာ မိတ်ဆွေတစ်ယောက်နဲ့ တွေ့လို့ လိုက်သွားတယ်လို့ သတင်းရပါတယ်"

ထိန်ဆန်းက...

"ဒါဖြင့် သူသေဆုံးသွားပြီဆိုတာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး"

"မင်းတို့က သည်ကို လိုက်လာတာက.."

"ရွှေမျက်နှာဖုံးက ဖေဖေ့ကို လုပ်ကြံဖို့ စီစဉ်နေတယ်ဆိုတဲ့ သတင်းကြောင့်ပါ။ ရှေ့ပြေးစေလွှတ်လိုက်တဲ့ ထိန်လွှေတို့လူစု လုပ်ကြံခံလိုက်ရတဲ့ ဖြစ်ရပ်က သက်သေခံနေပြီလေ"

ထိန်ဆန်းက...

"သိုင်းလောကကို ဒုက္ခပေးမယ့် လူတွေ ရှိနေတာကို အားလုံးသိသွားစေချင်တဲ့ သဘောကိုး"

"ဟုတ်ပါတယ်ဗျာ"

"ကဲ ပြောပါဦး"

ထိန်ဆန်းက ထိန်ချွမ်းကိုမေးခြင်း မဟုတ်ဘဲ ကျန်းလုံထင်းကို မေးလိုက်ခြင်း ဖြစ်လေသည်။

ကျန်းလုံထင်းက...

"ရွှေမျက်နှာဖုံးက သိုင်းလောကကို ဒုက္ခပေးမယ့်လူ မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဘယ်သူလဲ"

ကျန်းလုံထင်း၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"မကြာခင် ပြောပြနိုင်ပါလိမ့်မယ် မ.."

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် လူတစ်စုက ဆိုင်ထဲ ဝင်လာကြသည်ကို တွေ့လိုက်ရလေတော့သည်။

♣ ♣ ♣



ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လူတစ်စုက ဆိုင်ထဲ ဝင်ရောက်လာကြလေသည်။

ထိုလူများသည် သာမန်လူများ မဟုတ်ကြဘဲ ရသေ့များ ဖြစ်လေသည်။

ရသေ့များသည် ဆိုင်ထဲ ရောက်လာသည်နှင့် ကျန်းလုံထင်းတို့အား ဝိုင်းရံထားလိုက်ကြလေသည်။

ကျန်းလုံထင်း သက်ပြင်းချလိုက်သည်။

အန္တရာယ်က ရောက်ရှိလာပြီ မဟုတ်ပါလား။

ရသေ့များက ဝိုင်းရံထားကြသော်လည်း တိုက်ခိုက်ခြင်း မပြုကြသေးပါချေ။

တစ်စုံတစ်ယောက်အား စောင့်ဆိုင်းနေကြပုံမျိုး ဖြစ်လေသည်။ ရသေ့များက ဘာကို စောင့်ဆိုင်းနေကြပါသနည်း။

ရုတ်တရက်...

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်။

မြင်းစီးသမားတစ်ယောက်သည် ဆိုင်ရှေ့သို့ ရောက်ရှိလာလေတော့သည်။

မြင်းခွာသံ ကြားလိုက်ရသည်နှင့် ရသေ့များလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေတော့သည်။

♣ ♣ ♣

မြင်းခွာသံသည် ဆိုင်ရှေ့၌ ရပ်တန့်ကာ ပျောက်ကွယ်သွားလေသည်။

မရှေးမနှောင်းမှာပင် လူတစ်ယောက်က ဆိုင်ထဲ လှမ်းဝင်လာလေသည်။

ထိုလူကို မြင်လျှင် အားလုံး တအံ့တသြ ဖြစ်သွားကြလေတော့သည်။

အကြောင်းမှာ ထိုလူသည် ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

ထို့အပြင်...

ထိုမိန်းကလေးမှာ အားလုံး သိရှိထားကြသည့် ထိန်စုကျူး ဖြစ်နေပါတော့သည်။

ကျန်းလုံထင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ညီမ"

ထိန်စုကျူးက...

"ရှင်ငြိမ်ငြိမ်ကလေး ထိုင်နေတာ အကောင်းဆုံးပါပဲ"

"ဟင်"

"ကျွန်မက ဦးလေးထိန်ချမ်းဘက်က ရပ်တည်လိုက်ပြီလေ"

"ထိန်ချမ်း"

"ဟုတ်တယ်"

"သူ..သူက.."

ထိန်စုကျူး ပြုံးလိုက်သည်။



"အားလုံးက သူ့ကို မေ့ထားလိုက်ကြပေမယ့် သူကတော့ ဘယ်သူ့ကိုမှ မမေ့ပါဘူးရှင်"

ကျန်းလုံထင်းက...

"ညီမက သူ့ကို.."

"သူက ကျွန်မရဲ့ဘဝနဲ့ အားလုံးကို ကယ်တင်နိုင်မယ့် လူပါပဲ"

ကျန်းလုံထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ညီမ၊ မင်း ဘာတွေ ပြောနေတာလဲ"

ထိန်စုကျူးက...

"ကျွန်မရဲ့ စကားကို အားလုံး နားထောင်ကြတာ အကောင်းဆုံးပါပဲ"

ထိန်ချမ်းက...

"ညီမလေး၊ မင်း ဘာတွေ ပြောနေတာလဲ၊ မင်း ဘာတွေ လျှောက်လုပ်နေတာလဲ"

ထိန်စုကျူးက...

"အစ်ကိုလဲ ကျွန်မစကားကို နားထောင်တာ အကောင်းဆုံးပဲ"

"မင်း.."

ထိန်ချမ်း မကျေမနပ် ဖြစ်သွားလေတော့သည်။

ထိန်စုကျူးက...

"ကျွန်မစကား နားမထောင်တဲ့လူဟာ ကျွန်မရဲ့ ရန်သူပဲ"

ထိန်ချွမ်းက...

"ငါကတော့ နားမထောင်နိုင်ဘူး"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ထိန်စုကျူးကလည်း ခပ်ပြတ်ပြတ်ပင် အမိန့်ပေးလိုက်လေသည်။

"သူ့ကို သတ်လိုက်"

ဟု ရသေ့များကို အမိန့်ပေးလိုက်လေသည်။

ရသေ့များကလည်း ထိန်စုကျူး၏အမိန့်ပေးသံ ကြားသည်နှင့် ထိန်ချွမ်းအား တိုက်ခိုက်လိုက်ကြလေတော့သည်။

♣ ♣ ♣

တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ရသေ့များလည်း ထိန်ချွမ်းအား တိုက်ခိုက်လိုက်ကြလေသည်။

ထိန်ချွမ်း အံ့ဩသွားလေသည်။

"ညီမလေး! မင်း ဘာလုပ်တာလဲ"

ရသေ့များ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်။

ထိန်ချွမ်းလည်း မတတ်သာဘဲ ပြန်လည်တိုက်ခိုက်လိုက်ရလေသည်။



ကျွန်းလုံတင်းနှင့် လုံးဝူတို့က မလှုပ်မယှက် ထိုင်နေ၏။

ထိန်ဆန်းနှင့် လင်းဝေတို့ကလည်း ကုတ်ကုတ်မျှမလှုပ်ကြပါချေ။

အားလုံးက တိုက်ပွဲ ဖြစ်ပွားနေသည်ကို မတွေ့ရ၊ မမြင်ရ၊ မကြားရသည့်အလား။

ထိန်စုကျူးကလည်း သူတို့အား မျက်တောင်မခတ် ကြည့်နေကြသည်။

ရုတ်တရက်...

"မှားနေပြီ"

ထိန်ဆန်းက အော်ပြောယင်း ရုတ်တရက် ခုန်ထလိုက်လေတော့သည်။

♣ ♣ ♣

ထိန်ဆန်းက အဘယ်ကြောင့် အော်ဟစ်ကာ ခုန်ထလိုက်ပါသနည်း။

ထိုအချိန်မှာပင် ထိန်စုကျူးက လက်ဇွေယမ်းလိုက်လေသည်။

"ဖောက်..ဖောက်..ဖောက်"

မည်းမည်းအလုံးကလေးများ ပစ်လွှင့်လာကာ ပေါက်ကွဲသွားလေသည်။

မီးခိုးလုံးများ ထွက်ပေါ်လာပြီး တစ်ဆိုင်လုံး ဖုံးလွှမ်းသွားတော့သည်။

"သတိထား"

ကျန်းလုံထင်းက သတိပေးရင်း ပြတင်းပေါက်မှတဆင့် အပြင်ဘက် ခုန်ထွက်လိုက်လေသည်။

လုံးဝူကလည်း ခုန်ထွက်လိုက်လေသည်။

ထိန်ဆန်းနှင့် လင်းခဝတို့ကား ထိန်စုကျူး ရှိရာသို့ မှန်းဆကာ ခုန်ဝင်သွားကြလေသည်။

ထို့နောက်...

♣ ♣ ♣

ကျန်းလုံထင်းနှင့် လုံးဝူတို့က ဆိုင်အပြင်ဘက်သို့ ရောက်ရှိသွားကြလေသည်။

ဆိုင်ထဲ၌ တိုက်ခိုက်သံများ ထွက်ပေါ်လာသည်။

သို့သော်...

တိုက်ခိုက်သံများသည် တခဏအတွင်း ပျောက်ကွယ်ကာ ငြိမ်သက်သွားလေသည်။

ကျန်းလုံထင်းနှင့် လုံးဝူတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

လုံးဝူက...



"တစ်ခုခုတော့ မှားနေပြီ ထင်တယ်"

ဟု ပြောလိုက်သည်။

ထိန်ဆန်း၏စကားကို သံယောင်လိုက်ကာ ပြောလိုက်ခြင်းဖြစ်လေသည်။

ကျန်းလုံထင်းက...

"အင်း ဟုတ်တယ်"

ဟု ထောက်ခံလိုက်လေသည်။

ထိုအချိန်တွင် ချိုလွင်သော ရယ်မောသံ ထွက်ပေါ်လာ၏။

ဆိုင်ထဲမှ မိန်းမချောလေးထိန်စုကျူး လှမ်းထွက်လာလေသည်။

"ညီမ"

ကျန်းလုံထင်းက ကြေကွဲစွာ ခေါ်လိုက်လေသည်။

ထိန်စုကျူးသည် သူ၏ချစ်သူ ဖြစ်သည်။

ထိန်အဘိုးအိုက သူတို့နှစ်ယောက်အား သဘောမတူခြင်းကြောင့် ချစ်သူနှစ်ဦး၏ဘဝမှာ ဝေးကွာနေရလေတော့သည်။

ကျန်းလုံထင်းက ထိန်စုကျူးထံသို့ လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။

"နေဦး"

လုံးဝူက ဟန့်တားလိုက်၏။

ကျန်းလုံထင်း လှည့်ကြည့်လိုက်သည်။

လုံးဝူက...

"ကျုပ်တို့ သတိထားမှ ဖြစ်မယ်"

ကျင်းလုံထင်းက...

"သူက.."

လုံးဝှက...

"သူဟာ ထိန်စုကျူးမှ ဟုတ်ရဲ့လား"

သူ၏စကားကို ထိန်စုကျူး ကြားသွားလေသည်။

သူမ ရယ်မောလိုက်ပြန်သည်။

"ရှင် မဆိုးဘူး"

ကျန်းလုံထင်းက...

"ညီမက.."

ထိန်စုကျူးက...

"ကျွန်မက ထိန်စုကျူး ဟန်ဆောင်ထားတဲ့ လူတစ်ယောက်ပေါ့ရှင်"

ကျန်းလုံထင်းက...

"ဒါဖြင့်.."

"ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ သိချင်ရင် သိရပါတယ် ရှင်"

ထိန်စုကျူးက မျက်နှာကို လက်ဝါးဖြင့် ပွတ်သပ်လိုက်လေသည်။

မျက်နှာဖုံးတစ်ခု ကွာကျသွားလေသည်။

ထိုအခါ...

ချောမောလှပသော မိန်းကလေးတစ်ယောက်၏မျက်နှာ



ပေါ်လွင်လာသည်။

သူမသည် ထိန်စုကျူး မဟုတ်တော့ပါ။

ထိန်စုကျူးမှ ယွင်ကြူးအသွင် ကူးပြောင်းသွားလေတော့သည်။

♣ ♣ ♣

ယွင်ကြူး...။

ယွင်ကြူးသည် တစ်ချိန်က ခြသေ့်ကျေးရွာအား အဓိကထားပြီး ဒုက္ခပေးခဲ့သည့် ထိန်ချမ်းဦးဆောင်ခဲ့သော ဒုစရိုက်ဂိုဏ်း၏ ထိပ်ဆုံးအကြီးအကဲ ဖြစ်ခဲ့သည်။

ပြဿနာ အရပ်ရပ် ပေါ်ပေါက်ခဲ့ပြီး နောက်ဆုံး ယွင်ကြူးသေဆုံးသွားခဲ့လေသည်။

ယခု...

ယွင်ကြူးအား တွေ့လိုက်ရပြီ ဖြစ်လေသည်။

ကျန်းလုံထင်းနှင့် လုံးဝှတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

လုံးဝှက...

"ထိန်စုကျူးကနေ ဘယ်လိုလုပ်ပြီး ယွင်ကြူး ဖြစ်သွားရတာလဲ"

ဟု ပြောလိုက်သည်။

ကျန်းလုံထင်းက…

"ဒါကြောင့် ထိန်ဆန်းက တစ်ခုခု မှားနေပြီလို့ ပြောခဲ့တာကိုး"

လုံးဝူက…

"ထိန်ဆန်း၊ ထိန်ချမ်းနဲ့ လင်းဝေက.."

နှစ်ယောက်စလုံး ထိန်စုကျူး(ဝါ)ယွင်ကြူးကို ကြည့်လိုက်ကြလေသည်။

ယွင်ကြူးက ရယ်မောလိုက်လေသည်။

"သူတို့က ကျွန်မလက်ထဲ ရောက်နေပါပြီရှင်"

လုံးဝူက…

"မင်း ဘာကြောင့် သည်လိုလုပ်ရတာလဲ"

ယွင်ကြူးက…

"ကျွန်မဟာ ဒုစရိုက်ခေါင်းဆောင်ဆိုတာ ရှင်တို့သိကြတာပဲရှင်"

လုံးဝူ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး။ ဒုစရိုက်ခေါင်းဆောင်ယွင်ကြူးက သေဆုံးသွားခဲ့ပြီ"

ကျန်းလုံထင်း ဝင်ပြောလိုက်သည်။

"ဟုတ်တယ်၊ ယွင်ကြူး သေသွားတာ သုံးနှစ်တောင် ရှိနေပြီ"

ယွင်ကြူး ခေါင်းခါယမ်းလိုက်သည်။



"မဟုတ်ဘူး၊ ရှင်တို့ မှားနေပြီ"

"ဘာမှားတာလဲ"

"ယွင်ကြူးက သေမှမသေတာ"

လုံးဝူ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တို့ကို လှည့်စားဖို့ မကြိုးစားနဲ့ မရဘူး"

ယွင်ကြူး သက်ပြင်းချလိုက်လေသည်။

"ဒုစရိုက်ဂိုဏ်းက လူတွေဟာ အဆိပ်ပညာကျွမ်းကျင်ကြသလို ဆေးပညာလဲ ကျွမ်းကျင်ကြတယ်ဆိုတာ ရှင်တို့ မေ့ထားကြတာကိုး"

လုံးဝူနှင့် ကျန်းလုံထင်းတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

ယွင်ကြူး စကားဆက်လိုက်သည်။

"ကျွန်မက ဆေးတစ်မျိုးကို ကြိုတင်သောက်သုံးထားခဲ့တယ်၊ ဒါကြောင့် အားလုံးက သေသွားပြီ ထင်ကြပေမယ့် အချိန်တန်တော့ ကျွန်မပြန်ပြီး အသက်ရှင်လာတာပေါ့ရှင်"

လုံးဝူက…

"မင်းအသက်ရှင်လာတော့ကော ဘာဖြစ်သလဲ"

ယွင်ကြူး ပြုံးလိုက်သည်။

"ရှင်တို့အားလုံး ကျွန်မစကားကို နားထောင်ကြရလိမ့်မယ်လေ"

"ဟား..ဟား..ဟား"

လုံးဝှုက လှောင်ပြောင်ရယ်မောလိုက်လေသည်။

ယွင်ကြူး မကျေမနပ် ဖြစ်သွား၏။

"ကျွန်မစကားကို နားမထောင်ရင် ထိန်ဆန်းတို့ ဘာဖြစ်သွားမယ်ဆိုတာ ရှင်တွေးမိသလား"

လုံးဝှူ၏ရယ်မောသံ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေတော့သည်။

ကျန်းလုံထင်းက...

"ထိန်ဆန်းတို့ကို လွှတ်ပေးလိုက်ရင် ကောင်းမယ်"

ယွင်ကြူး ပြုံးလိုက်သည်။

"သူတို့ကို လွှတ်ပေးစေချင်သလား"

ကျန်းလုံထင်းက...

"ဟုတ်တယ်၊ မင်းကိုလဲ လွှတ်ပေးလိုက်မယ်"

ယွင်ကြူးက ရယ်မောလိုက်လေသည်။

"ရှင်တို့မှာ ရွေးချယ်စရာလမ်း မရှိတော့ဘူးဆိုတာ ရှင်တို့ မသိသေးဘဲကိုး"

လုံးဝှူနှင့် ကျန်းလုံထင်းတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

ထို့နောက် ယွင်ကြူးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။ ယွင်ကြူး၏မျက်နှာ ခက်ထန်သွားလေသည်။

"လင်းဝေကို အရင်ဆုံး သတ်ပစ်လိုက်"

သူမ၏အမိန့်ပေးသံနှင့် မရှေးမနှောင်းမှာပင် ဆိုင်ထဲမှ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။ ထို့နောက်...



"ဒိုး"

"ဝုန်း"

လူရိပ်တစ်ခု ပစ်လွင့်လာပြီး မြေပေါ် ကျသွား၏။

လင်းဝေ ဖြစ်သည်။

လင်းဝေကား သေဆုံးသွားပြီ ဖြစ်လေသည်။

ယွင်ကြူးက ပြောသည့်အတိုင်း ဖမ်းဆီးထားသူများကို မညှာမတာ သတ်ပစ်တော့မည် မဟုတ်ပါလား။

ကျန်းလုံထင်းနှင့် လုံးဝှူတို့ ဒေါသချောင်းချောင်း ထွက်သွားလေတော့သည်။

"မင်း..."

လုံးဝှူက ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"နေဦး"

ကျန်းလုံထင်းက ဟန့်တားလိုက်လေသည်။

လုံးဝှူက...

"သူက တစ်ယောက်ပြီးတစ်ယောက် သတ်ပစ်တော့မယ်"

ကျန်းလုံထင်းက...

"တို့တတွေ ဆွေးနွေးကြည့်ကြသေးတာပေါ့"

ယွင်ကြူး ခေါင်းညိတ်လိုက်သည်။

"မှန်တာပေါ့ရှင်၊ ရှင်တို့နှစ်ယောက်က ကျွန်မရဲ့စကားကို နားထောင်မယ်ဆိုရင် အားလုံး ပြေလည်သွားမှာပဲရှင်"

လုံးဝှက…

“ကျုပ်တို့ ဘာကို နားထောင်ရမှာလဲ”

ယွင်ကြူးက…

“လွယ်ပါတယ်၊ ထိန်သခင်ကြီးကို သုတ်သင်ပေးရုံပါပဲ”

“ဘာ”

“သူ့ကို သတ်ပစ်လိုက်ပါ၊ ကျန်တဲ့လူတွေကို ကျွန်မတို့ ဘယ်တော့မှ ဒုက္ခမပေးဘူးလို့ ကတိပေးတယ်”

ကျန်းလုံထင်းက…

“တကယ့်ကို မဖြစ်နိုင်တဲ့ ကိစ္စကို ပြောတာပဲ”

ယွင်ကြူးက…

“ကျွန်မ စကားကို နားမထောင်ဘူးဆိုရင်တော့ ရှင်တို့ အားလုံး သေရမှာပဲရှင့်”

ကျန်းလုံထင်းနှင့် လုံးဝှက်တို့သည် လင်းဝေ၏အလောင်းကို ကြည့်ရင်း ထန်ချွမ်းနှင့် ထိန်ဆန်းတို့အတွက် စိတ်ပူနေမိကြလေသည်။

သို့သော် ကျန်းလုံထင်းသည် တစ်စုံတစ်ခုကို စဉ်းစားမိလိုက်သည်နှင့် ဝမ်းသာသွားလေတော့သည်။

“မင်းက ထိန်ဆန်းရဲ့ အကြောင်းကို ဘယ်လောက်သိထားသလဲ”

ယွင်ကြူး ခေါင်းခါယမ်းလိုက်သည်။

“ကျွန်မက ထိန်ဆန်းကို စိတ်မဝင်စားဘူးရှင့်”



ကျန်းလုံထင်းက…

“ကျုပ်က လင်းယုန်ကြီးကို လိုက်ရှာရင်း မြောက်ပိုင်းကို ရောက်ခဲ့တယ်၊ လင်းယုန်ကြီးနဲ့ ရွှေမျက်နှာဖုံးတို့က ဆွေမျိုးတော်စပ်တယ်ဆိုတာ တကယ်တော့ မဟုတ်ပါဘူး”

ယွင်ကြူးက ကျန်းလုံထင်းအား စိုက်ကြည့်နေ၏။

ကျန်းလုံထင်း စကားဆက်လိုက်သည်။

“လင်းယုန်ကြီးက မြောက်ပိုင်းကို ပြေးသွားတာ၊ တကယ်တော့ မြောက်ပိုင်းဟာ သူ့ရဲ့ မွေးရပ်ဇာတိမြေ ဖြစ်နေလို့ပါပဲ”

လုံးဝှက…

“ဒါဖြင့် မြောက်ပိုင်းမှာ လင်းယုန်ကြီးရဲ့ ဆွေမျိုးသားချင်းတွေ ရှိမှာပေါ့”

ကျန်းလုံထင်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ လင်းယုန်ကြီးရဲ့ညီမတစ်ယောက်က မြောက်ပိုင်းမှာရှိတယ်၊ သူ့ကို လူတွေက မိစ္ဆာမယ်လို့ ခေါ်ကြတယ်”

လုံးဝှက ယွင်ကြူးကို ကြည့်လိုက်လေသည်။

ကျန်းလုံထင်းက…

“မိစ္ဆာမယ်ဟာ လင်းယုန်ကြီး သေဆုံးသွားတာကြောင့် အတော့်ကို မကျေမနပ် ဖြစ်နေတယ်လို့ သိရတယ်”

လုံးဝှ ပြုံးလိုက်သည်။

“ကျုပ်သိပြီ၊ မိစ္ဆာမယ်က ရုပ်ပြောင်းရုပ်လွှဲပညာလဲ ကျွမ်းကျင်တယ် မဟုတ်လား”

ကျန်းလုံထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ မိစ္ဆာမယ်က မြောက်ပိုင်းမှာ ကျန်ရစ်ခဲ့တဲ့ ရသေ့ဆိုးတွေနဲ့ ပူးပေါင်းလိုက်တယ်"

လုံးဝူက...

"တစ်ခု ကျန်နေသေးသလိုပဲ"

ကျန်းလုံထင်းက...

"သေချာတာပေါ့၊ သူတို့ကို ဦးဆောင်လမ်းညွှန်ပေးမယ့် လူတစ်ယောက် လိုသေးတယ်လေ"

လုံးဝူက...

"အဲသည် လူဟာ သိုင်းပညာတော်တဲ့အပြင် အဆိပ်ပညာ၊ ဆေးပညာကိုလဲ ကျွမ်းကျင်တဲ့လူ ဖြစ်ရဦးမယ်"

ကျန်းလုံထင်းက...

"ဒါတင် ဘယ်ကဦးမလဲ၊ အငြိုးကြီးပြီး သိုင်းလောကကို ဒုက္ခပေးချင်တဲ့လူ ဖြစ်ရမှာပေါ့"

သူတို့ ပြောနေသည့် စကားများ ကြားရသောအခါ မိစ္ဆာမယ် မျက်နှာပျက်သွားလေသည်။

ကျန်းလုံထင်းက ယွင်ကြူးအား ပြောလိုက်သည်။

"မင်းက မိစ္ဆာမယ်ပဲ မဟုတ်လား"

ယွင်ကြူး ဒေါသတကြီး ခြေဆောင့်လိုက်လေသည်။

"သိပ်မှန်တာပေါ့ရှင်"

သူမ၏မျက်နှာကို လက်ဝါးဖြင့် ပွတ်သပ်လိုက်ရာ နောက်



ထပ် မျက်နှာဖုံးစွပ်တစ်ခု ကွာကျသွားပြန်သည်။

ယခုမှ မိစ္ဆာမယ်၏ပင်ကိုယ်ရုပ်သွင် ထွက်ပေါ်လာလေတော့သည်။ မိစ္ဆာမယ်က ကျန်းလုံထင်းအား ဒေါသတကြီး စိုက်ကြည့်လိုက်လေသည်။

"ကျန်းလုံထင်း၊ ကျွန်မအစ်ကို သေဆုံးသွားရတဲ့အတွက် ရှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူးဆိုတာ မှတ်ထားပါ"

ကျန်းလုံထင်းက...

"မင်းအစ်ကို ဘယ်လောက်ဆိုးသွမ်းမိုက်မဲခဲ့သလဲ၊ သူ့ကြောင့် လူတွေဘယ်လောက် သေဆုံးခဲ့ရသလဲ၊ ဒါတွေကိုကော မင်း မပြောတော့ဘူးလား"

"ဒါတွေ ကျွန်မ နားမလည်ဘူး၊ ရှင့်ကို သတ်ပစ်ဖို့ပဲ သိတယ်"

မိစ္ဆာမယ်သည် သူမ၏အကြောင်း ပေါ်ပေါက်သွားပြီ ဖြစ်ရာ ရှည်ရှည်ဝေးဝေး တွေးတောစဉ်းစားမနေတော့ဘဲ...

"အားလုံးကို သတ်ပစ်လိုက်"

ဟု အမိန့်ပေးလိုက်လေတော့သည်။

မိစ္ဆာမယ်က ထိန်ချွမ်းနှင့် ထိန်ဆန်း နှစ်ယောက်စလုံးကို သတ်ပစ်ရန် အမိန့်ပေးလိုက်ပြီ ဖြစ်လေသည်။

လုံးဝူ စိတ်ပူသွားသည်။

ဘယ်လိုလုပ်ကြမလဲ ဟူသော အကြည့်ဖြင့် ကျန်းလုံထင်းကို ကြည့်လိုက်လေသည်။

ကျန်းလုံထင်း မလှုပ်မယှက် ရပ်နေ၏။

ဘာကိုမှ စိတ်မပူဘဲ အေးအေးဆေးဆေး ရှိနေသည်။

အဘယ်ကြောင့်ပါနည်း။

လုံးဝူသည် ကျန်းလုံထင်းကို ကြည့်ရင်း ရင်ထဲ၌ ထူးခြားသော ခံစားချက်တစ်ခု ဖြစ်ပေါ်လာလေသည်။

ကျန်းလုံထင်းက အလွန်ဆိုးဝါးသော အခြေအနေမှ လွတ်မြောက်သွားလိမ့်မည် ဖြစ်ကြောင်း ယုံကြည်စိတ်ချနေပုံမျိုး ဖြစ်သည်။

ကျန်းလုံထင်း၏ ခံစားချက်သည် လုံးဝူထံသို့ ကူးစက်လာလေသည်။

လုံးဝူ၏ရင်ထဲမှ စိုးရိမ်ပူပန်မှုများ ပျောက်ကွယ်သွားလေတော့သည်။

ထိုအချိန်မှာပင်...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ဆိုင်ထဲမှ စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

♣ ♣ ♣



ထိန်ချမ်းနှင့် ထိန်ဆန်းသည် မိစ္ဆာမယ်၏အဆိပ်ငွေ့ကြောင့် ခွန်အားများ ကုန်ခမ်းကာ သိုင်းပညာ အသုံးမပြုနိုင်အောင် ဖြစ်သွားကြလေသည်။

ရသေ့ဆိုးများက သူတို့အား ဖမ်းဆီးထားလိုက်ကြလေသည်။

ထိန်ချမ်း ဘာမှမတတ်သာဘဲ လက်မှိုင်ချလိုက်ရတော့သည်။

သို့သော် ထိန်ဆန်းကား ဝါရင့်သိုင်းသမားကြီးတစ်ယောက်ဖြစ်သလို အဆိပ်ပညာကို အထူးကျွမ်းကျင်သူတစ်ယောက်လည်းဖြစ်ရကား အခြေအနေဆိုးမှ လွတ်မြောက်နိုင်ရန် အားထုတ်လိုက်လေတော့သည်။

မိစ္ဆာမယ်၏ အမိန့်အတိုင်း ရသေ့ဆိုးများက လင်းဝေကို သတ်ပစ်လိုက်ကြသောအခါ ထိန်ဆန်း ဒေါသမထိန်းနိုင်အောင် ဖြစ်သွားလေတော့သည်။

သူ၏အဆိပ်ပညာကို ထုတ်ဖော်ကာ မိစ္ဆာမယ်၏အဆိပ်ကို ဖယ်ရှားဖို့ ကြိုးစားလိုက်လေသည်။

သို့သော် မိစ္ဆာမယ်၏အဆိပ်သည် ဒုစရိုက်ခေါင်းဆောင် ထိန်ချမ်း၏ အဆိပ်ဖြစ်၍ ပြင်းထန်ရကား ဖယ်ရှားနိုင်ခြင်း မရှိခဲ့ပေ။

ထိန်ဆန်းက အဆိပ်ကို ဖယ်ရှားနိုင်ခြင်းမရှိလျှင် သူ၏ ခန္ဓာကိုယ်ထဲရှိနေသော အဆိပ်ဖြင့် အဆိပ်အချင်းချင်း ပေါင်းစပ်နိုင်အောင် ကြိုးစားလိုက်လေသည်။

ထိန်ဆန်းသည်လည်း အဆိပ်ပညာရှင်တစ်ဦး ဖြစ်ရကား များမကြာမီ သူ၏ကြိုးစားမှု အောင်မြင်သွားလေတော့သည်။

အဆိပ်အချင်းချင်း ပေါင်းစပ်မိသွားပြီး မကြာမီ ထိန်ဆန်း လှုပ်ရှားလာနိုင်လေတော့သည်။

ထိန်ဆန်းသည် လှုပ်ရှားလာနိုင်သည်နှင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ...

"ယား"

ညာသံပေးကာ ရသေ့ဆိုးများအား တိုက်ခိုက်လိုက်လေတော့သည်။ ထိန်ဆန်းက တိုက်ခိုက်လာနိုင်မည်ဟု ရသေ့ဆိုးများ မထင်ခဲ့ကြချေ။

ထို့ကြောင့် အငိုက်မိကာ ဖရိုဖရဲ အရေးနိမ့်သွားကြလေတော့သည်။

စူးရှသော အော်ဟစ်သံများ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာလေသည်။

ထိန်ချွမ်းနှင့် ထိန်ဆန်းတို့၏ အော်ဟစ်သံများ မဟုတ်ဘဲ ရသေ့ဆိုးများ၏ အော်ဟစ်သံများ ဖြစ်ကြောင်း မိစ္ဆာမယ် နားလည်လိုက်လေသည်။

သူမ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဒါ ဘယ်လို ဖြစ်တာလဲ"

သူမသည် ကျန်းလုံထင်းတို့အား ဒေါသတကြီး ကြည့်လိုက်လေသည်။



ကျန်းလုံထင်းက...

"ဒုစရိုက်ခေါင်းဆောင် ထိန်ချွမ်းက ကြောက်စရာကောင်းတယ်၊ ဉာဏ်များတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်က သူက ယွင်ကြူးနဲ့ ပေါင်းပြီး အားလုံးကို ဒုက္ခပေးနိုင်ခဲ့တယ်"

လုံဂူးက စကားဆက်ပေးလိုက်သည်။

"ဒါပေမယ့် နောက်ဆုံးမှာ ယွင်ကြူး သေဆုံးသွားပြီး သူလဲ ပျောက်ကွယ်သွားတယ်၊ စိတ်ဓာတ်ကျပြီး ဓာတ်မြှုပ်လိုက်မယ်၊ သိုင်းလောကထဲ ဘယ်တော့မှ ထွက်လာမှာ မဟုတ်တော့ဘူးလို့ အားလုံး ယုံကြည်ထားလိုက်ကြတယ်"

ကျန်းလုံထင်းက တစ်လှည့် ပြောလေသည်။

"ဒါပေမယ့် ထိန်ချွမ်းက မြောက်ပိုင်းကို ရောက်သွားတယ်၊ ရသေ့ဆိုးတွေနဲ့ ပေါင်းမိတယ်၊ လင်းယုန်ကြီးရဲ့ညီမနဲ့ တွေ့တယ်၊ သူအသုံးချလို့ရမယ့် လူတွေ ရှိလာပြီဆိုတာနဲ့ သိုင်းလောကကို ထပ်ပြီး ဒုက္ခပေးဖို့ ကြံစည်ကြိုးစားတော့တာပဲ"

ယခု...

ကျန်းလုံထင်းနှင့် လုံးဂူတို့သည် ထိန်သခင်ကြီး ပျောက်ဆုံးသွားပြီး ထိန်ငွေတို့ အသတ်ခံရသည့်ကိစ္စနှင့် ထိန်ချွမ်းက သိုင်းလောကအား ဒုက္ခပေးဖို့ ထပ်မံကြံစည်နေသည့် ကိစ္စကို ဖော်ထုတ်ဖြေရှင်းနိုင်လိုက်ကြပြီ ဖြစ်လေသည်။

မိစ္ဆာမယ် အံကြိတ်လိုက်သည်။

"ရှင်တို့သိသွားကြတော့ကော ဘာအကြောင်းထူးတော့မှာ

လဲ၊ ထိန်ချမ်းက ခြသေ့်ကျေးရွာကို သွားနေပြီ"

ဟု ပြောလိုက်သည်။

ခြသေ့်ကျေးရွာ၌ ထိန်သခင်ကြီးနှင့် ထိန်ချမ်းတို့ မရှိကြပါချေ။ ထိန်ယုနှင့် ထိန်ဝူးတို့ကလည်း သိုင်းလောကထဲသို့ ထွက်နေကြလေသည်။

ထို့ကြောင့် ခြသေ့်ကျေးရွာ၌ ထိန်စုကျူးတစ်ယောက်သာ ရှိသည်ဟု ဆိုနိုင်သည်။

ထိန်စုကျူးသည် ထိန်ချမ်းအား မည်နည်းနှင့်မျှ ယှဉ်နိုင်မည် မဟုတ်ပါချေ။ ကျန်းလုံထင်းက…

"ထိန်ချမ်းက ခြသေ့်ကျေးရွာကို သွားတယ် ဟုတ်လား"

"သေချာတာပေါ့ရှင်"

ကျန်းလုံထင်းနှင့် ထိန်စုကျူးတို့မှာ ချစ်သူများ ဖြစ်ကြောင်း မိစ္ဆာမယ် သိထားလေသည်။

ကျန်းလုံထင်းက ထိန်စုကျူးကို စိတ်ချမည် မဟုတ်ကြောင်းလည်း သိထားလေသည်။ ထို့ကြောင့် သူမ ကျေနပ်နေပါတော့သည်။

"ထိန်စုကျူး တစ်ခုခုမဖြစ်ခင် ရှင်တို့ အညှံခံလိုက်ရင်ကောင်းမယ်"

ကျန်းလုံထင်း အံကြိတ်လိုက်သည်။

"သူသာ တစ်ခုခု ဖြစ်သွားရင် မင်း မလွယ်ဘူး"

မိစ္ဆာမယ်က…

"ကျွန်မထက် အရင် ထိန်စုကျူး ဒုက္ခရောက်သွားနိုင်တယ်



ဆိုတာ သတိထားဦးမှပေါ့ရှင့်"

ကျန်းလုံထင်း ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

"ဟား…ဟား…ဟား"

လုံးဝူက ရယ်မောလိုက်လေသည်။

မိစ္ဆာမယ်က…

"ရှင် ဘာတွေ သဘောကျနေတာလဲ"

လုံးဝူက…

"ထိန်စုကျူးက သူနဲ့သက်ဆိုင်တာ၊ ကျုပ်နဲ့ ဘာမှဆိုင်တာ မဟုတ်တာဘဲ"

မိစ္ဆာမယ် မျက်မှောင်ကုပ်သွားသည်။

"ရှင်က ကျွန်မကို တိုက်ခိုက်မယ် ဟုတ်လား"

လုံးဝူက…

"ကျုပ်က မင်းကို ဆုံးမမှာပါ"

ပြောရင်း ရှေ့တိုးသွားလိုက်လေသည်။

ထိုစဉ်…

"သူခြိမ်းခြောက်တာကို ကြောက်နေစရာ မလိုတော့ပါဘူးလေ"

စကားသံနှင့်အတူ ဆိုင်ထဲမှ ထိန်ချမ်းနှင့် ထိန်ဆန်းတို့ ထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။

♣ ♣ ♣

ထိန်ဆန်းသည် ရသေ့ဆိုးများအား တိုက်ခိုက်ပြီး ထိန်ချမ်းသက်သာလာအောင် ကုသပေးပြီး နှစ်ယောက်သား ဆိုင်ထဲမှ ထွက်လာကြခြင်း ဖြစ်လေသည်။

ထိန်ဆန်းသည် ဆိုင်အပြင်ဘက် ရောက်၍ မြေပေါ်၌ လဲကျသေဆုံးနေသော လင်းဝေကို မြင်လျှင် ဒေါသချောင်းချောင်းထွက်သွားလေသည်။

"သေပေတော့"

ဟု ကြိုးဝါးကာ မိစ္ဆာမယ်ထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။ မိစ္ဆာမယ် ထိတ်လန့်သွားသည်။

ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ ထိုစဉ်...

"အင့်"

ထိန်ဆန်းက ညည်းတွားရင်း တုန့်ခနဲ ရပ်တန့်သွားလေသည်။ သူ၏ခြေလက်များ တွန့်လိမ်ကာ အကြောများ ဆွဲသွား၏။

နှာခေါင်းပေါက်မှလည်းကောင်း၊ နားနှစ်ဘက်မှလည်းကောင်း သွေးများ ယိုစီးကျလာသည်။

"ဝေါ့"

ပါးစပ်မှလည်း သွေးများ အန်ထုတ်လိုက်လေသည်။

မတူညီသော အဆိပ်နှစ်မျိုး ပေါင်းစပ်မိကာ သူ့အား ကောင်းကောင်းကြီး ဒုက္ခပေးလိုက်ပြီ ဖြစ်လေသည်။

"မင်းကို သတ်ပစ်မယ်"

ထိန်ဆန်း ဒေါသတကြီး ပြောလိုက်သော်လည်း ဘာမှ



မတတ်နိုင်တော့ပါ။ ခန္ဓာကိုယ် တုန်ခါသွားပြီး...

"ဝုန်း"

မြေပေါ် လဲကျကာ အသက်ပျောက်သွားလေတော့သည်။

ထိန်ဆန်းကြောင့် ကျန်းလုံထင်းတို့ စိတ်မကောင်း ဖြစ်သွားလေသည်။

ထိန်ဆန်းတို့သည် တစ်ချိန်က ဆိုးသွမ်းခဲ့သမျှကို ပြန်လည်ပေးဆပ်သွားကြရခြင်း ဖြစ်လေသည်။ ထိန်ချမ်းက...

"မိစ္ဆာမယ်၊ ကျုပ်ညီမ ဒုက္ခရောက်မယ် ထင်နေတာလား"

ဟု မေးလိုက်သည်။ မိစ္ဆာမယ်က...

"သေချာတာပေါ့ရှင်"

ထိန်ချမ်းက...

"ကျုပ်အဖေက ဘယ်ကိုမှ မသွားဘဲ ခြသေ့်ကျေးရွာမှာပဲ ရှိနေတယ်ဆိုရင်ကော"

"ဘာရှင့်"

"ကျုပ်အဖေ ထိန်ချမ်းဟာ နောင်တမရဘဲ တစ်ချိန်မှာ ဒုက္ခပေးလာဦးမယ်ဆိုတာ နားလည်ထားလို့ တမင် ဖန်တီးခဲ့တာပါဗျာ"

"ရှင်..ရှင်"

"ထိန်ချမ်းက ခြသေ့်ကျေးရွာကို ရောက်သွားရင်.."

ထိန်ချမ်းက သူ၏စကားကို အဆုံးမသတ်ဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

မိစ္ဆာမယ် ထိတ်လန့်ကာ ထွက်ပြေးရန် ကြိုးစားလိုက်လေ

သည်။ ဤတွင်...

"ရပ်လိုက်"

ဒေါသထွက်နေသော လုံးဝှက ဟန့်တားတိုက်ခိုက်လိုက်လေတော့သည်။

♣ ♣ ♣

မိစ္ဆာမယ်သည် ထိန်ချမ်းနှင့် ပူးပေါင်းကာ ကျန်းလုံထင်းအား ဒုက္ခပေးဖို့ ကြိုးစားခဲ့သည်။

ထိန်ချမ်းကလည်း ခြသေ့ကျေးရွာကို ဖျက်ဆီးဖို့ ထပ်မံကြံစည်ခဲ့သည်။ သို့သော်...

ထိန်သခင်ကြီးက အရာရာကို တွေးတောမျှော်မြင်ပြီး ထိန်ချမ်းနှင့် မိစ္ဆာမယ်တို့အား ဆုံးမရန် ကြိုတင်စီစဉ်ထားနိုင်ခဲ့လေသည်။

ခြသေ့ကျေးရွာ ဘေးအန္တရာယ်ကင်းသွားသကဲ့သို့ သိုင်းလောကလည်း အေးချမ်းသာယာသွားတော့သည်။

သို့သော် ကျန်းလုံထင်းကား ထိန်စုကျူးနှင့် ဝေးကွာမြဲ ဝေးကွာနေလေတော့သည်။

ပြီးပါပြီ။